# မန္တလေးတိုင်းဒေသကြီးလွှတ်တော်

# မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | နိဒါန်း | ၁ | - |
| ၂ | အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၅ |
| ၃ | အခန်း(၂) မြို့တော်နယ်နိမိတ်သတ်မှတ်ခြင်း | ၅ | - |
| ၄ | အခန်း(၃) ဖွဲ့စည်းခြင်း | ၅ | ၇ |
| ၅ | အခန်း(၄) ကော်မတီဝင်များ ရွေးကောက်တင်မြှောက်ခြင်း | ၇ | ၁၃ |
| ၆ | အခန်း(၅) ကော်မတီဝင်များ ခန့်အပ်ခြင်း | ၁၃ | - |
| ၇ | အခန်း(၆) ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်ခြင်း၊ ရပ်စဲခြင်း၊ ထုတ်ပယ်ခြင်း၊ လစ်လပ်နေရာကို ထပ်မံဖြည့်စွက်ခြင်းနှင့် ကော်မတီတစ်ရပ်လုံးအား ယာယီရပ်သိမ်းခြင်း၊ ဖျက်သိမ်းခြင်း၊ ပြန်လည်ရွေးချယ်ခြင်းနှင့် ခန့်ထားခြင်း | ၁၄ | ၁၅ |
| ၈ | အခန်း(၇) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များ | ၁၅ | ၁၈ |
| ၉ | အခန်း(၈) ကော်မတီ၏ လုပ်ငန်းတာဝန်များ | ၁၈ | ၂၃ |
| ၁၀ | အခန်း(၉) အစည်းအဝေးကျင်းပခြင်း | ၂၃ | ၂၄ |
| ၁၁ | အခန်း(၁၀) ကော်မတီ၏ လုပ်ပိုင်ခွင့်များ | ၂၄ | ၂၆ |
| ၁၂ | အခန်း(၁၁) မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးမှုစီမံကိန်းနှင့် မြေများစီမံခန့်ခွဲခြင်း | ၂၆ | ၂၈ |
| ၁၃ | အခန်း(၁၂) အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရေမြောင်းများနှင့် လမ်းများ ဖောက်လုပ်ခြင်း | ၂၈ | ၃၀ |
| ၁၄ | အခန်း(၁၃) ဈေးများ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း | ၃၀ | ၃၁ |
| ၁၅ | အခန်း(၁၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေး | ၃၁ | ၃၂ |
| ၁၆ | အခန်း(၁၅) ပြည်သူ့ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး | ၃၂ | ၃၄ |
| ၁၇ | အခန်း(၁၆) ရေပေးရေးလုပ်ငန်းများနှင့် မိလ္လာသန့်စင်ရေးလုပ်ငန်းများ | ၃၄ | ၃၆ |

# မာတိကာ





| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁၈ | အခန်း(၁၇) တိရစ္ဆာန်များ မွေးမြူခြင်း၊ ရောင်းချခြင်း၊ အသား ထုတ်လုပ်ခြင်း၊ ပြုပြင်ဖြန့်ဖြူးခြင်း၊ တိရစ္ဆာန်များ သတ်ဖြတ်ခြင်း၊ သားငါးများ ရောင်းချခြင်းနှင့် ပြည်သူ့ကျန်းမာရေးအား အန္တရာယ်ဖြစ်စေသည့် တိရစ္ဆာန်များ သုတ်သင်ရှင်းလင်းခြင်းကို စီမံခန့်ခွဲခြင်း | ၃၆ | ၃၇ |
| ၁၉ | အခန်း(၁၈) အခွန်အခစည်းကြပ်ကောက်ခံခြင်း | ၃၇ | ၃၉ |
| ၂၀ | အခန်း(၁၉) ဘဏ္ဍာရေးနှင့် ရန်ပုံငွေထိန်းသိမ်းခြင်း | ၃၉ | ၄၂ |
| ၂၁ | အခန်း(၂၀) ဝန်ထမ်းဖွဲ့စည်းပုံ | ၄၂ | ၄၃ |
| ၂၂ | အခန်း(၂၁) စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း | ၄၃ | ၄၄ |
| ၂၃ | အခန်း(၂၂) ကော်မတီက စီမံခန့်ခွဲခွင့်ရှိသည့် မြေနှင့် အဆောက် အအုံများအပေါ် ကျူးကျော်မှုများအား အများပြည်သူ အကျိုးငှာ ဖယ်ရှားရှင်းလင်းခြင်း | ၄၄ | ၄၅ |
| ၂၄ | အခန်း(၂၃) မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရန် တည်ဆောက်ရေး လုပ်ငန်းများကို စီမံခန့်ခွဲခွင့်နှင့် ထိန်းသိမ်းကြပ်မတ်ခြင်း | ၄၅ | ၄၆ |
| ၂၅ | အခန်း(၂၄) တားမြစ်ချက်များ | ၄၆ | ၆၂ |
| ၂၆ | အခန်း(၂၅) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၆၂ | ၆၃ |
| ၂၇ | အခန်း(၂၆) အယူခံဝင်ခြင်း | ၆၃ | - |
| ၂၈ | အခန်း(၂၇) ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၆၃ | ၆၄ |
| ၂၉ | အခန်း(၂၈) အထွေထွေ | ၆၄ | ၆၆ |
| ၃၀ | ဇယား(၁) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းခံရမည့် တားမြစ်ချက်များ | ၆၇ | ၇၃ |
| ၃၁ | ဇယား(၂) | ၇၄ | ၇၈ |
| ၃၂ | ဇယား(၃) | ၇၉ | ၈၁ |
| ၃၃ | ဇယား(၄) | ၈၂ | ၈၃ |

# မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ

## (၂၀၁၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၁။)
## ၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်
## (၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

## နိဒါန်း

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်တစ်ဝန်းလုံးတွင် အာဏာသက်ရောက်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်။

(ခ) **ဝန်ကြီးချုပ်** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်။

(င) **မြို့တော်ဝန်** ဆိုသည်မှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန်ကို ဆိုသည်။

(စ) **ဒုတိယမြို့တော်ဝန်** ဆိုသည်မှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်ကို ဆိုသည်။

(ဆ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ဇ) **ကော်မတီဝင်** ဆိုသည်မှာ ကော်မတီ၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များကို ဆိုသည်။

(ဈ) **ကိုယ်စားလှယ်** ဆိုသည်မှာ ကော်မတီဝင်လောင်းက ရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအတွက်ကူညီရန် ကိုယ်စားတာဝန်ပေးအပ်ထားသူကို ဆိုသည်။

(ည) **မြို့တော်နယ်နိမိတ်** ဆိုသည်မှာ တည်ဆဲဥပဒေအရ လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ကြေညာသည့် မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ်ကို ဆိုသည်။

(ဋ) **ရုံးအကြီးအမှူး** ဆိုသည်မှာ ကော်မတီ၏ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကို ဆိုသည်။

(ဌ) **စည်ပင်သာယာအရာရှိ** ဆိုသည်မှာ ကော်မတီဖွဲ့စည်းပုံအရ ခွင့်ပြုချက်ဖြင့် ခန့်ထားသော ဦးစီးအရာရှိနှင့်အထက် အရာထမ်းများကို ဆိုသည်။

(ဍ) **ဌာနမှူး** ဆိုသည်မှာ ကော်မတီရှိ ဌာနတစ်ခုခုအား ကြီးကြပ်ကွပ်ကဲရသော အရာရှိကို ဆိုသည်။

(ဎ) **မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး** ဆိုသည်မှာ မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်များ၏ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးကို ဆိုသည်။

(ဏ) **မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး** ဆိုသည်မှာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးကို ကြီးကြပ်ကွပ်ကဲရသော အရာရှိကို ဆိုသည်။

(တ) **ရန်ပုံငွေ** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအစီအစဉ်အရ ခွင့်ပြုပြီးသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရန်ပုံငွေကို ဆိုသည်။

(ထ) **ပတ်ဝန်းကျင်** ဆိုသည်မှာ မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာတို့ ပါဝင်သည့် လူသားတို့ပတ်ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာအကြောင်းအချက်များကို လည်းကောင်း၊ တိရစ္ဆာန်နှင့် အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာအကြောင်းအချက်များ ကိုလည်းကောင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပ ဆိုင်ရာအကြောင်း အချက်များကိုလည်းကောင်း ဆိုသည်။

(ဒ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း** ဆိုသည်မှာ လုပ်ငန်းသဘောအရလည်းကောင်း၊ လုပ်ငန်း ဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများအရလည်းကောင်း၊ လူ၏အသက် သို့မဟုတ် ကျန်းမာရေးနှင့်ပစ္စည်းများကိုထိခိုက်ပျက်စီးအန္တရာယ် ဖြစ်စေနိုင်သော သို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေတတ်သော လုပ်ငန်းများကို ဆိုသည်။

(ဓ) **အမှိုက်** ဆိုသည်မှာ အသုံးမပြုတော့သည့် စွန့်ပစ်ပစ္စည်းကိုဆိုသည်။

(န) **အညစ်အကြေး** ဆိုသည်မှာ တိရစ္ဆာန်အသေကောင်၊ တိရစ္ဆာန်ချေး၊ ပုပ်စပ်နံစော်သည့် အရာဝတ္ထု၊ မနှစ်မြို့ဖွယ်ရာအသွေးအရည် သို့မဟုတ် စက်ဆုပ်ဖွယ်ရာပစ္စည်း အရပ်ရပ်ကို ဆိုသည်။

(ပ) **အခွန်** ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့် အခွန်အရပ်ရပ်ကို ဆိုသည်။

(ဖ) **အခ** ဆိုသည်မှာ ဤဥပဒေအရ ဆောင်ရွက်ပေးခြင်းများအတွက် ကောက်ခံသည့် အခကို ဆိုသည်။ ယင်းစကားရပ်တွင် အကောက်၊ အခနှင့် ဒဏ်ကြေးတို့လည်း ပါဝင်သည်။

(ဗ) **ပစ္စည်းခွန်** ဆိုသည်မှာ မြေဖြစ်စေ၊ အဆောက်အအုံဖြစ်စေ၊ မြေနှင့် အဆောက်အအုံ ဖြစ်စေ ၎င်းတို့၏နှစ်စဉ်တန်ဖိုးအပေါ် သတ်မှတ်သော ရာခိုင်နှုန်းဖြင့် ကောက်ခံသော အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် အထွေထွေခွန်၊ မီးခွန်၊ ရေခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန် တို့ပါဝင်သည် -

(၁) **အထွေထွေခွန်** ဆိုသည်မှာ အများပြည်သူဆိုင်ရာလမ်းများ၊ တံတားများ၊ ရေမြောင်းများ၊ ဈေးများ၊ ပန်းခြံများ၊ အားကစားကွင်းစသည်များ တည်ဆောက်ခြင်း၊ ဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ကုန်ကျစရိတ်များ အတွက် စည်းကြပ်သည့်အခွန်ကိုဆိုသည်။

(၂) **မီးခွန်** ဆိုသည်မှာ အများပြည်သူဆိုင်ရာ လမ်းများ၊ တံတားများတွင် မီးထွန်းပေးခြင်းအတွက် ကောက်ခံသောအခွန်ကို ဆိုသည်။

(၃) **ရေခွန်** ဆိုသည်မှာ ကော်မတီကရေဖြန့်ဝေပေးခြင်းအတွက် ကောက်ခံသည့် အခွန်ကို ဆိုသည်။

(၄) **အမှိုက်နှင့် အညစ်အကြေးခွန်** ဆိုသည်မှာ အမှိုက်နှင့် အညစ်အကြေးများ စုစည်းသိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်း၊ မိလ္လာသန့်စင်ခြင်းလုပ်ငန်း များနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများရှင်းလင်းခြင်း တို့အတွက် ဆောင်ရွက်ရသည့်စရိတ်များအား ကျခံနိုင်စေရန်စည်းကြပ်သည့် အခွန်ကို ဆိုသည်။

(၅) **နှစ်စဉ်စံငှားရမ်းခတန်ဖိုး** ဆိုသည်မှာ ပစ္စည်းခွန်စည်းကြပ်မည့်မြေနှင့် အဆောက်အအုံကို မည်သည့်အသုံးအဆောင်ပရိဘောဂမျှမပါဝင်ဘဲ ငှားရမ်းပါက တစ်နှစ်အတွက်ရရှိနိုင်မည်ဟု မျှော်မှန်းထားသော တန်ဖိုးငွေ ကိုဆိုသည်။ယင်းစကားရပ်တွင် ပစ္စည်းခွန်စည်းကြပ်မည့် မြေနှင့် အဆောက်

အအုံ၏ တန်ဖိုးအပေါ် ကော်မတီကအခါအားလျော်စွာ သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအရ ရရှိလာမည့်တန်ဖိုးငွေလည်း ပါဝင်သည်။

(ဘ) **ကူးတို့လုပ်ငန်း**ဆိုသည်မှာမြစ်ချောင်း သို့မဟုတ်ရေကန်ကြီးများတွင် ဆိပ်ခံတံတား၊ ဖောတံတား၊ ရေဆင်းတံတား၊ ကူးတို့ဆိပ်ခံ သို့မဟုတ် ကူးတို့ဆိပ်တစ်ခုမှ တစ်ခုသို့ ခရီးသည်၊ ကုန်စည်၊ ပစ္စည်းကိရိယာ သို့မဟုတ် တိရစ္ဆာန်ကို အခကြေးငွေယူ၍ လှေ၊ သမ္ဗာန်၊ စက်တပ်ရေယာဉ်၊ သင်္ဘောစသည်တို့ဖြင့် သယ်ယူပို့ဆောင်သည့် အများပြည်သူဆိုင်ရာကူးတို့လုပ်ငန်းကို ဆိုသည်။

(မ) **အနှေးယာဉ်** ဆိုသည်မှာ လူကိုဖြစ်စေ၊ ကုန်ပစ္စည်းကိုဖြစ်စေ၊ ယင်းနှစ်ရပ်လုံးကို ဖြစ်စေ၊ သယ်ယူပို့ဆောင်ပေးရန် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကို ဆိုသည်။

(ယ) **အနှေးယာဉ်မောင်းသူ** ဆိုသည်မှာ အနှေးယာဉ်ကို နင်းသူ၊ တွန်းသူ၊ ဆွဲသူ သို့မဟုတ် မောင်းသူကိုဆိုသည်။

(ရ) **ယာဉ်** ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်အားကိုဖြစ်စေ၊ နေစွမ်းအားကိုဖြစ်စေ၊ အခြားစွမ်းအားကိုဖြစ်စေ အားလုံးသော်လည်းကောင်း၊ အချို့အဝက်မျှသော်လည်း ကောင်း၊ အသုံးပြု၍ လမ်းပေါ်တွင် မောင်းနှင်သွားလာသည့် သို့မဟုတ် မောင်းနှင် သွားလာနိုင်သည့် ယာဉ်များပါဝင်သည်။

(လ) **အရန်မြေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က အနာဂတ်စီမံကိန်းများဆောင်ရွက်ရန် သတ်မှတ်ထားသော မြေကို ဆိုသည်။

(ဝ) **ကျူးကျော်ခြင်း** ဆိုသည်မှာ အရန်မြေ သို့မဟုတ် စည်ပင်သာယာရေးကော်မတီပိုင် သို့မဟုတ် စည်ပင်သာယာရေး ကော်မတီက စီမံခန့်ခွဲခွင့်ရှိသောမြေ၊ လမ်းမြေ၊ ဈေး၊ ပန်းခြံ၊ သုသာန်၊ကစားကွင်း၊ အဆောက်အအုံများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ယာယီ သို့မဟုတ် အမြဲတမ်းနေထိုင်ခြင်း၊ အချိန်ပိုင်းနေထိုင်ခြင်း၊ ဈေးရောင်းချခြင်းနှင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခြင်းကို ဆိုသည်။ ထိုစကားရပ်တွင် အထက်ပါ ဆောင်ရွက်ချက်များကို အားပေးကူညီခြင်း၊ အားထုတ်ခြင်းတို့လည်း ပါဝင်သည်။

(သ) **ကိုယ်ပိုင်ဈေး** ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်က ဈေးအဖြစ်အသုံးပြုရန် ကော်မတီထံမှလိုင်စင်ရယူ၍ ဖွင့်လှစ်သော ဈေးကို ဆိုသည်။ ယင်းစကားရပ်တွင် ဈေးအဆင့်သတ်မှတ်သည့် ကုန်ပဒေသာဆိုင်နှင့် ကုန်တိုက်များလည်း ပါဝင်သည်။

(ဟ) **ကျူးကျော်ဈေးသည်** ဆိုသည်မှာ ကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ မြို့တော်နယ်နိမိတ် အတွင်း ခင်းကျင်းရောင်းချနေသော ဈေးသည်ကို ဆိုသည်။

(ဋ) **ကျူးကျော်စျေး** ဆိုသည်မှာ ကျူးကျော်စျေးသည်များ စုဝေးရောင်းချသည့် နေရာကို ဆိုသည်။

(ဏ) **တိရစ္ဆာန်** ဆိုသည်မှာ လူမှတစ်ပါး အခြားသက်ရှိသတ္တဝါကို ဆိုသည်။

(က-၁)**ကျွဲ၊ နွား၊ တိရစ္ဆာန်** ဆိုသည့်စကားရပ်၌ ကျွဲ၊ နွား၊ နွားနောက်၊ ဆင်၊ မြင်း၊ ဝက်၊ လား၊ သိုးနှင့် ဆိတ် စသည်တို့ ပါဝင်သည်။

## အခန်း(၂)
## မြို့တော်နယ်နိမိတ်သတ်မှတ်ခြင်း

၄။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့တော်နယ်နိမိတ်များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ကြေညာရမည်-

(က) မြို့တော်အဖြစ် သတ်မှတ်ကြေညာထားသော နယ်နိမိတ်ကိုလည်းကောင်း၊ ယင်းနယ်နိမိတ်နှင့် တစ်ဆက်တစ်စပ်တည်းရှိသောဒေသများကို ထည့်သွင်း၍ လည်းကောင်း၊ မြို့အသွင်ဖွံ့ဖြိုးတိုးတက်သော ကျေးရွာအုပ်စုများ၊ ရပ်ကွက်များ၏ နယ်နိမိတ်များကိုလည်းကောင်း မြို့တော်နယ်နိမိတ်အဖြစ် သတ်မှတ်နိုင်သည်။

(ခ) ယခင်ကတည်ရှိခဲ့သော မြို့တော်နယ်နိမိတ်များကို ဤဥပဒေအရ မြို့တော်နယ်နိမိတ်အဖြစ်သတ်မှတ်သည်ဟု မှတ်ယူရမည်။

၅။ ကော်မတီသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် မြို့တော်နယ်နိမိတ်များကိုသတ်မှတ်ကြေညာခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း(၃)
## ဖွဲ့စည်းခြင်း

၆။ အစိုးရအဖွဲ့သည် ကော်မတီကို နိုင်ငံသား (၁၃)ဦး သို့မဟုတ် (၁၅)ဦးဖြင့် ဖွဲ့စည်းရမည်။

၇။ ကော်မတီကို (၁၃)ဦးဖြင့် ဖွဲ့စည်းလျှင် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ဝန်ကြီး (မြို့တော်ဝန်) | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယမြို့တော်ဝန် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | မြို့တော်နယ်နိမိတ်အတွင်း တစ်မြို့နယ်လျှင် (၁)ဦးနှုန်းဖြင့် ရွေးကောက်တင်မြှောက်ခံရသူ ကော်မတီဝင် (၆)ဦး<br>(ဤ ၆ ဦးထဲမှ ဒုတိယမြို့တော်ဝန်ကို ရွေးချယ်တာဝန်ပေးရမည်) | အဖွဲ့ဝင် |
| (ဃ) | အစိုးရအဖွဲ့က ခန့်အပ်တာဝန်ပေးသည့် ကော်မတီဝင် (၄)ဦး | အဖွဲ့ဝင် |

(င) အစိုးရအဖွဲ့က ခန့်အပ်တာဝန်ပေးသည့် အတွင်းရေးမှူး အတွင်းရေးမှူး

(စ) ကော်မတီရုံးအကြီးအမှူး တွဲဖက်အတွင်းရေးမှူး

၈။ ကော်မတီကို (၁၅)ဦးဖြင့် ဖွဲ့စည်းလျှင် ရွေးကောက်တင်မြှောက်ခံရသူ ကော်မတီဝင် (၁)ဦးနှင့် အင်ဂျင်နီယာပညာရှင် (၁)ဦးကို ထပ်မံခန့်အပ်ရမည်။

၉။ ရွေးကောက်တင်မြှောက်သူများထဲမှ ဒုတိယမြို့တော်ဝန်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၁၀။ အစိုးရအဖွဲ့က အတွင်းရေးမှူးနှင့် ကော်မတီဝင်များကို တစ်ပါတည်း သတ်မှတ်တာဝန်ပေးရမည်။

၁၁။ ရုံးအကြီးအမှူးသည် ကော်မတီ၏ တွဲဖက်အတွင်းရေးမှူးဖြစ်သည်။

၁၂။ ကော်မတီ၏သက်တမ်းကာလသည် ပုံမှန်အားဖြင့် (၅)နှစ်ဖြစ်ပြီး နောက်ထပ်ကော်မတီ မဖွဲ့စည်းမီကာလအထိဖြစ်သည်။ အစိုးရအဖွဲ့သည် ကော်မတီ၏ သက်တမ်းကို နည်းဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

၁၃။ ကော်မတီသည် ဝန်ကြီးချုပ်အားတာဝန်ခံရမည်။

## ကော်မတီဝင်များကို ရွေးကောက်တင်မြှောက်ခြင်းနှင့် ခန့်ထားခြင်း

၁၄။ (က) ရွေးကောက်တင်မြှောက်သူများထဲမှ ဒုတိယမြို့တော်ဝန်အဖြစ်ခန့်အပ်ရန် မြို့တော်ဝန် (ဥက္ကဋ္ဌ)မှလွဲ၍ ကျန်ကော်မတီဝင်အားလုံး၏ ဆန္ဒမဲဖြင့် ရွေးချယ်ခန့်အပ်တာဝန်ပေးရမည်။

(ခ) အစိုးရအဖွဲ့သည် မြို့တော်နယ်နိမိတ်အတွင်း မြို့နယ်များအလိုက် စည်ပင်သာယာ ရွေးကောက်ပွဲများကိုကျင်းပစေလျက် ရွေးကောက်တင်မြှောက်ရန်လိုအပ်သော ကော်မတီဝင်များကို ပြည်သူတို့က ဆန္ဒမဲပေးရွေးချယ်စေရမည်။

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများကို စနစ်တကျလုပ်ဆောင်နိုင်ရေးအတွက် ပညာရှင်များ ပါဝင်စေရန်အလို့ငှာ မြို့တော်ဝန်၏ ထောက်ခံအကြံပြုချက်အရ အစိုးရအဖွဲ့သည် အင်ဂျင်နီယာဘွဲ့ရပညာရှင် (၁)ဦး၊ ဆရာဝန်ဘွဲ့ရပညာရှင် (၁)ဦး၊ ဥပဒေဘွဲ့ရပညာရှင် (၁)ဦး၊ စိုက်ပျိုးရေး သို့မဟုတ် သစ်တော သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင် (၁)ဦးတို့ကို ကော်မတီဝင်အဖြစ် ရွေးချယ်ခန့်ထားရမည်။

(ဃ) အုပ်ချုပ်ရေးနှင့် ရုံးလုပ်ငန်းကျွမ်းကျင်သူတစ်ဦးကို မြို့တော်ဝန်၏ ထောက်ခံအကြံပြုချက်အရ အစိုးရအဖွဲ့က အတွင်းရေးမှူးအဖြစ်ခန့်အပ်ရမည်။

(င) အထက်ပါခန့်အပ်မည့် ပုဂ္ဂိုလ်များသည် လုပ်ငန်းအတွေ့အကြုံရှိသော ကျန်းမာသန်စွမ်းသူများဖြစ်ရမည်။

## လစ်လပ်သောကော်မတီဝင်ဖြည့်စွက်ခန့်ထားခြင်း

၁၅။ ဒုတိယဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး သို့မဟုတ် ကော်မတီဝင်များ လစ်လပ်သည့်အခါတိုင်း ဤဥပဒေတွင် အထက်ပြဋ္ဌာန်းချက်များပါအတိုင်း ရွေးချယ်ခြင်း၊ ခန့်အပ်ခြင်းပြုရမည်။ ရွေးချယ်ခန့်အပ်ခြင်းခံရသည့်ပုဂ္ဂိုလ်သည် ကျန်ရှိသက်တမ်းကာလအတွက် တာဝန်ထမ်းဆောင်စေရမည်။

## အခန်း(၄)
## ကော်မတီဝင်များ ရွေးကောက်တင်မြှောက်ခြင်း

## ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်း

၁၆။ အစိုးရအဖွဲ့သည် ပုဒ်မ ၁၄(ခ)အရ ကော်မတီဝင်များကို ပြည်သူတို့က ရွေးကောက်တင်မြှောက်နိုင်ရေးအတွက် ရွေးကောက်ပွဲများကို ကြီးကြပ်နိုင်ရန် ရွေးကောက်ပွဲ ကော်မရှင်တွင် တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုယ်စားလှယ်ကို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေပြီး အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များကို အနည်းဆုံး (၇)ဦးထက်မနည်း သင့်လျော်သော နိုင်ငံသားများဖြင့် ပုံမှန်အားဖြင့် အစိုးရအဖွဲ့ ဖွဲ့စည်းပြီးနောက် တစ်လအတွင်းနှင့် ပထမအကြိမ်လွှတ်တော်သက်တမ်းကာလအတွင်းတွင် ဤဥပဒေအတည်ပြုပြီးသည့်ရက်မှ (၄၅)ရက်အတွင်း ဖွဲ့စည်းရမည်။ ရွေးကောက်ခြင်းနှင့်ပတ်သက်၍ ကုန်ကျစရိတ်များအား မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရန်ပုံငွေမှ ကျခံရမည်။

## ရွေးကောက်ပွဲကျင်းပနိုင်ရန် စတင်စီစဉ်ခြင်း

၁၇။ ရွေးကောက်ပွဲကော်မရှင်သည် ကော်မရှင်အဖွဲ့ ဖွဲ့စည်းပြီးနောက် (၂)လအတွင်း အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းခြင်း၊

(ခ) မဲဆန္ဒနယ်မြေများကို သတ်မှတ်ခြင်း၊

(ဂ) မဲစာရင်းများကိုပြုစုစေခြင်း၊

(ဃ) မဲရုံ/မဲရုံမှူးများသတ်မှတ်တာဝန်ပေးခြင်း၊

(င) ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်ကြေညာခြင်း။

## ဆန္ဒမဲပေးခြင်းအတွက် နေ့ရက်သတ်မှတ်ခြင်း

၁၈။ (က) ရွေးကောက်ပွဲကျင်းပရန် အစိုးရအဖွဲ့က သတ်မှတ်ပေးသည့်နေ့ရက်ကို ကော်မရှင်သည် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်အဖြစ် (၃)ပတ်ကြိုတင် ကြေညာမည်။

(ခ) အများပြည်သူရုံးပိတ်ရက်နေ့တွင် နံနက် (၇)နာရီမှ ညနေ (၄)နာရီအတွင်း တစ်နေ့တည်း ဆန္ဒမဲပေးစေလျက် ကျင်းပရမည်။

(ဂ) ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်သည် ကော်မရှင်ဖွဲ့စည်းပြီးချိန်မှ (၃)လအတွင်း ဖြစ်ရမည်။

## မဲစာရင်းပြုစုခြင်း

၁၉။ (က) ကော်မတီဝင်များရွေးကောက်တင်မြှောက်နိုင်ရန် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများ၏ မဲစာရင်းကို ကော်မရှင်က ပြုစုရမည်။

(ခ) မဲစာရင်းပြုစုခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်သည် ကော်မရှင်အဖွဲ့ခွဲများကို တာဝန်ပေး၍ ဆောင်ရွက်စေနိုင်သည်။

(ဂ) သက်ဆိုင်ရာမဲဆန္ဒနယ်၏ အိမ်ထောင်စုစာရင်းအရ အိမ်ထောင်စုတစ်စုလျှင် ဆန္ဒမဲတစ်မဲ ပေးပိုင်ခွင့်ရှိမည်။

(ဃ) ဆန္ဒမဲပေးမည့်ကိုယ်စားလှယ်ကို သက်ဆိုင်ရာအိမ်ထောင်စုက ရပ်ကွက်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ရွေးကောက်ပွဲမကျင်းပမီ (၁၄)ရက်ကြိုတင်၍ စာရင်းပေးရမည်။

(င) စာရင်းပေးရာတွင် ကြိုတင်သတ်မှတ်ထားသောပုံစံဖြင့် အိမ်ထောင်ဦးစီးက လက်မှတ်ရေးထိုး ပေးပို့ရမည်။

(စ) ဆန္ဒမဲပေးမည့်သူသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အရည်အချင်းများနှင့် ပြည့်စုံရမည်။

## ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ

၂၀။ မဲပေးမည့်အိမ်ထောင်စုကိုယ်စားလှယ်သည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီးသော နိုင်ငံသားဖြစ်သူ၊

(ခ) သက်ဆိုင်ရာမဲဆန္ဒနယ်၏ အိမ်ထောင်စုလူဦးရေစာရင်းတွင် ပါရှိပြီး တရားဝင်နေထိုင်သူ။

## ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ

၂၁။ အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသောမည်သူမဆို စည်ပင်သာယာရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခွင့်မရှိစေရ-

(က) သာသနာ့ဝန်ထမ်း၊

(ခ) စိတ်ပေါ့သွပ်သူဟု ဥပဒေအရသတ်မှတ်ခံရသူ၊

(ဂ) တရားရုံး၏ စီရင်ချက်အရ ထောင်ဒဏ်ကျခံနေရသူ၊

(ဃ) နိုင်ငံခြားသား၊

(င) သက်ဆိုင်ရာမဲဆန္ဒနယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းဖြင့် တရားဝင်နေထိုင်ခြင်း မရှိသူ။

**ကော်မတီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသူများ**

၂၂။ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူသည် စည်ပင်သာယာရွေးကောက်ပွဲများတွင် ကော်မတီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိစေရမည် -

(က) အသက် (၃၀)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

(ခ) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်ရမည်။

(ဂ) အစိုးရနှင့် နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) မန္တလေးမြို့တော်စည်ပင်သာယာနယ်မြေအတွင်းရှိ သက်ဆိုင်ရာမြို့နယ်တစ်ခုတွင် ရွေးကောက်ပွဲ မကျင်းပမီ အနည်းဆုံး (၁၀)နှစ်နှင့်အထက် နေထိုင်လျက်ရှိသူဖြစ်ရမည်။ မိမိကိုယ်တိုင် သို့မဟုတ် မိမိ၏ ဇနီး/ခင်ပွန်းတစ်ဦးဦး အမည်ပေါက်လျက်ပိုင်ဆိုင်ထားခဲ့သော မြေနှင့်အိမ်တွင်နေထိုင်လျက်ရှိသူ ဖြစ်ရမည်။

(င) ဤဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦး၏အရည်အချင်းနှင့်ပြည့်စုံသူ ဖြစ်ရမည်။

(စ) ကော်မတီဝင်အဖြစ်ရွေးချယ်ခံရသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက နိုင်ငံ့ဝန်ထမ်းအဖြစ်မှ လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ လည်းကောင်း နှုတ်ထွက်ရမည်။

**ကော်မတီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်မရှိသူများ**

၂၃။ ပုဒ်မ ၂၂ ပါ အရည်အချင်းများနှင့် ကိုက်ညီခြင်းမရှိသူမည်သူမျှ စည်ပင်သာယာ ရွေးကောက်ပွဲများတွင် ယှဉ်ပြိုင်ရွေးချယ်ခံခွင့် မရှိစေရ။

**ကော်မတီဝင်အဖြစ် အမည်စာရင်းတင်သွင်းခြင်းနှင့် ရွေးကောက်ပွဲ ကိုယ်စားလှယ် ခန့်အပ်ခြင်း**

၂၄။ ကော်မတီဝင်အဖြစ် ရွေးကောက်ခံလိုသူတစ်ဦးသည် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရွေးကောက်ပွဲကော်မရှင်သို့ ကော်မတီဝင်လောင်းအဖြစ် အမည်စာရင်းကို သတ်မှတ်ချိန် အတွင်းတင်သွင်းရမည့်အပြင် မိမိအတွက်ရွေးကောက်ပွဲ ကိုယ်စားလှယ်တစ်ဦး၏ အမည်စာရင်းကိုလည်း တင်သွင်းခွင့်ရှိသည်။

## ကော်မတီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည့် မဲဆန္ဒနယ်မြေ

၂၅။ ကော်မတီဝင်အဖြစ်ရွေးချယ်ခံရန် ဥပဒေအရသတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ပြည့်စုံသူမည်သူမဆို မြို့တော်နယ်နိမိတ်အတွင်း နေထိုင်လျက်ရှိသည့် မြို့နယ်တစ်မြို့နယ်တွင်သာ ယှဉ်ပြိုင်ရွေးချယ်ခံခွင့်ရှိသည်၊ အကယ်၍ တစ်နေရာထက်ပိုပြီး တင်သွင်းထားသည်ကိုတွေ့ရှိရပါက မည်သည့် မြို့နယ်တွင်မျှ ရွေးချယ်ခံပိုင်ခွင့်မရှိစေရ။

## ဆန္ဒမဲပေးခြင်း၊ ရေတွက်ခြင်းနှင့် အတည်ပြုကြေညာခြင်း

၂၆။ ဆန္ဒမဲပေးပွဲကျင်းပသည့်နေ့ရက်တွင် ဆန္ဒမဲပေးခြင်း ပြီးဆုံးသည်နှင့်တစ်ပြိုင်တည်း အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်ကြရမည် -

(က) မဲရုံမှူးများသည် ကော်မတီဝင်လောင်းနှင့် ၎င်း၏ ကိုယ်စားလှယ်ရှိလျှင် ၎င်းတို့နှင့် အများပြည်သူတို့ရှေ့တွင် ဆန္ဒမဲများကို ရေတွက်ကြရမည့်အပြင် သတ်မှတ်ထားသည့် အတိုင်း မဲစာရင်းများကိုပြုစုလျက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ဆောလျင်စွာ ပေးပို့ကြရမည်။ မိတ္တူတစ်စောင်ကို ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲသို့လည်း ပေးပို့ရမည်။

(ခ) ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲသည် မိမိနယ်မြေအတွင်းရှိ မဲရုံများနှင့်ပတ်သက်၍ မဲရုံမှူးများက ပြုစုထားသော မဲစာရင်းများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးပေးပို့နိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရမည်။

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် မဲဆန္ဒနယ်မြေအလိုက် ကော်မတီဝင်လောင်းများ ရရှိသောမဲစာရင်းကို ကြေညာရမည့်အပြင် ယင်းမဲစာရင်းကို ရွေးကောက်ပွဲ ကော်မရှင်သို့ ချက်ချင်းပေးပို့ရမည်။

(ဃ) ရွေးကောက်ပွဲကော်မရှင်သည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ တင်ပြသော မဲစာရင်းအရ မဲဆန္ဒနယ် အလိုက် ရွေးကောက်တင်မြှောက်ခံရသော စည်ပင်သာယာ ကော်မတီဝင်တို့၏ အမည်စာရင်းကိုကြေညာရမည့်အပြင် အစိုးရအဖွဲ့သို့လည်း ချက်ချင်းအစီရင်ခံရမည်။

## ဆန္ဒမဲတူညီနေခြင်း

၂၇။ (က) ကော်မတီဝင်လောင်း(၂)ဦးသည် မဲအရေအတွက်တူညီလျက် ဆန္ဒမဲအများဆုံး ရရှိသောအခြေအနေဖြစ်ပေါ်နေလျှင် ထိုဆန္ဒမဲတူညီနေသူ (၂)ဦးအတွက် ထပ်မံရွေးကောက်ပွဲ ကျင်းပလျက် ယှဉ်ပြိုင်နိုင်ရေးအတွက် ကော်မရှင်သည် အစိုးရအဖွဲ့သို့ အစီရင်ခံရမည်။

( ခ ) အစိုးရအဖွဲ့သည် အထက်ပါကိစ္စရပ်အတွက် သင့်လျော်သောနေ့ရက်တွင် ထပ်မံ ရွေးကောက်ပွဲ ကျင်းပစေရန် ကော်မရှင်သို့ ညွှန်ကြားရမည်။

## ကော်မရှင်၏လုပ်ပိုင်ခွင့်များ

၂၈။ ရွေးကောက်ပွဲကော်မရှင်သည် အောက်ပါအတိုင်းလုပ်ပိုင်ခွင့်ရှိသည်-

(က) ရုတ်တရက် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခြင်း၊ လုံခြုံရေးအန္တရာယ်ဖြစ်ပေါ်ခြင်း တစ်ရပ်ရပ်ရှိလာပါက ရွေးကောက်ပွဲကိုရွှေ့ဆိုင်းခြင်း၊

( ခ ) ဖြစ်ပေါ်လျက်ရှိသော အခြေအနေအရရွေးကောက်ပွဲကျင်းပရန် မသင့်သောဒေသမှ မဲရုံများကို သင့်လျော်သောဒေသသို့ ပြောင်းရွှေ့စေခြင်း သို့မဟုတ် ရွေးကောက်ပွဲ မကျင်းပရန် ဆုံးဖြတ်ခြင်း၊

( ဂ ) ဖြစ်ပေါ်လျက်ရှိသောအခြေအနေအရ တရားမျှတသောရွေးကောက်ပွဲမဖြစ်နိုင် ကြောင်းတွေ့ရှိရပါကရွေးကောက်ပွဲ တစ်ခုလုံးကို ရွှေ့ဆိုင်းခြင်း၊

(ဃ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ၅၀% ကျော်မဲပေးပြီးဖြစ်လျှင် အထမြောက်သော ရွေးကောက်ပွဲဖြစ်သည်ဟု သတ်မှတ်ခြင်း၊

( င ) အထမမြောက်သောရွေးကောက်ပွဲဖြစ်ပါက ဒုတိယအကြိမ် ရွေးကောက်ပွဲ ကျင်းပခြင်းနှင့် ဒုတိယအကြိမ်ရွေးကောက်ပွဲရလာဒ်သည် အတည်ဖြစ်စေခြင်း။

## ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ

၂၉။ (က) မည်သူမဆိုအောက်ပါကိစ္စရပ်များကို မကျူးလွန်စေရ-

(၁) ရွေးကောက်ပွဲတွင်ပုဂ္ဂိုလ်တစ်ဦး၏ တရားသဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ကိုဖြစ်စေ၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ကိုဖြစ်စေ ထိခိုက်စေရန် နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ခြင်း၊ လိမ်လည်ခြင်း၊ မလျော်သြဇာသုံးခြင်း၊ လာဘ်ပေး လာဘ်ယူမှုပြုခြင်း၊ သွေးဆောင်ခြင်းစသည့် တရားမဲ့ပြုကျင့်မှုများ ဆောင်ရွက်ခြင်း၊

(၂) ရွေးကောက်ပွဲကျင်းပနေချိန်တွင် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံနှင့် ကိုက်(၅၀၀) အတွင်း၌ ဖြစ်စေမဲဆွယ်ခြင်း၊ အော်ဟစ်ခြင်း သို့မဟုတ် အသံချဲ့စက်ဖွင့်၍ အနှောင့်အယှက် ဖြစ်စေခြင်း၊

(၃) ဘာသာရေး၊လူမျိုးရေးကိုအကြောင်းပြု၍ မဲဆွယ်ခြင်း၊

( ခ ) အထက်ပါအချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ပါက (၁)နှစ်ထိထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်။

## တရားစွဲဆိုခြင်း

၃၀။ (က) အထက်ပုဒ်မပါပြစ်မှုများကို ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း (၃၀) အတွင်း တရားစွဲဆိုခွင့် ရှိစေရမည်။

(ခ) ယင်းပြစ်မှုများကို ရဲအရေးပိုင်သောပြစ်မှုဟု သတ်မှတ်သည်။

## ရွေးကောက်ပွဲဆိုင်ရာ ကန့်ကွက်မှုများ

၃၁။ ရွေးကောက်ပွဲတွင် ပုဒ်မ ၂၉(က) ပါ ပြဋ္ဌာန်းချက်များအား ကျူးလွန်သည်ဟုယူဆသဖြင့် စည်ပင်သာယာကော်မတီဝင် တစ်ဦးအဖြစ် ရွေးကောက်တင်မြှောက်ခံရသူအပေါ် ကန့်ကွက်လိုပါက ကန့်ကွက်လိုသည့် ယှဉ်ပြိုင်အရွေးချယ်ခံသူသည် ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်မှ (၇)ရက်အတွင်း ကော်မရှင် သို့ အာမခံငွေကျပ်တစ်သိန်းတင်သွင်း၍ စည်းကမ်းချက်များနှင့်အညီ လျှောက်ထားလျှက် ကန့်ကွက်လွှာ တင်သွင်းခွင့်ရှိသည်။

## ကန့်ကွက်ချက်အပေါ် ဆုံးဖြတ်ခြင်း

၃၂။ (က) ကော်မရှင်သည် ကန့်ကွက်လွှာကို လက်ခံရရှိသောအခါ စစ်ဆေးဆုံးဖြတ်စေရမည်။

(ခ) ကော်မရှင်သည် အောက်ပါအတိုင်း စစ်ဆေးဆောင်ရွက်ရမည်-

(၁) ရွေးချယ်တင်မြှောက်ခံရမှုသည် တရားဝင်ခြင်းရှိမရှိကို ကန့်ကွက်လွှာပါ အဆုံးအဖြတ် ပေးနိုင်လောက်သော အဓိကအဆိုပြုသည့် ပုဒ်မ ၂၉(က) ပြဋ္ဌာန်းချက်များပါ တရားမဲ့ပြုကျင့်မှု ကျူးလွန်သည်ဟုယူဆသဖြင့် တရားမဲ့ပြုကျင့်မှု စွပ်စွဲချက်ကို ထုတ်နုတ်၍ ယင်းအချက်အပေါ်မူတည်လျှက် စစ်ဆေးမည်ဖြစ်ကြောင်း ကန့်ကွက်သူနှင့် ကန့်ကွက်ခံရသူတို့ကို အသိပေးရမည်။

(၂) ကန့်ကွက်သူနှင့် ကန့်ကွက်သူတင်ပြသောသက်သေများကို ဦးစွာစစ်ဆေးပြီးနောက် ကန့်ကွက်ခံရသူကိုယ်တိုင်နှင့် ၎င်းတင်ပြသောသက်သေများကို စစ်ဆေးလျက် နှစ်ဖက်တင်ပြမှုအရ ပေါ်ပေါက်ချက်တို့ကိုသုံးသပ်၍ ဆုံးဖြတ်ချက် ချမှတ်ရမည်။

(၃) စုံစမ်းစစ်ဆေးရာတွင် ရွေးချယ်တင်မြှောက်ခံရမှုသည် တရားဝင်ခြင်းရှိမရှိဟူသော ဆုံးဖြတ်ချက်သို့မရောက်ရှိနိုင်ဟုယူဆသော တရားမဲ့ပြုကျင့်မှု စွပ်စွဲချက်ကို အခြေပြု စစ်ဆေးရန်မလိုသည့်ပြင် ထုတ်နုတ်စစ်ဆေးလျက်ရှိသည့် အဓိကအချက်နှင့် မသက်ဆိုင်သော ထွက်ဆိုချက်များကို လက်ခံရန် မလိုအပ်စေရ။

( ဂ ) ယင်းသို့စစ်ဆေးဆုံးဖြတ်ရာတွင် တရားမကျင့်ထုံးဥပဒေနှင့် သက်သေခံအက်ဥပဒေကို လိုက်နာကျင့်သုံးနိုင်သည်။

၃၃။ ရွေးကောက်ပွဲကန့်ကွက်လွှာများကို စိစစ်ကြားနာရာတွင် ကော်မရှင်အဖွဲ့သည် လိုအပ်ပါက တိုင်းဒေသကြီးဥပဒေချုပ်ကို ရုံးတော်သဟာယအဖြစ်ဖိတ်ကြား၍ ဥပဒေအကြံဉာဏ်များတောင်းခံနိုင်သည်။

၃၄။ ကန့်ကွက်လွှာတင်သွင်းသူသည် ၎င်းတင်သွင်းထားသည့် ကန့်ကွက်ချက်ပေါ်လွင်ထင်ရှားကြောင်း စစ်ဆေးဆုံးဖြတ်ခဲ့ပါက တင်သွင်းထားသည့် အာမခံငွေကျပ်တစ်သိန်းအား ပြန်လည်ထုတ်ပေးမည်ဖြစ်ပြီး ကန့်ကွက်ချက်သည်မှားယွင်းကြောင်း စစ်ဆေးဆုံးဖြတ်ခဲ့ပါက တင်သွင်းထားသည့် အာမခံငွေကျပ်တစ်သိန်းအား ကော်မတီရန်ပုံငွေအဖြစ် သိမ်းဆည်းမည်။

၃၅။ ကန့်ကွက်ချက်မှန်ကန်ပါက ကန့်ကွက်ခံရသူအား ရွေးကောက်တင်မြှောက်ခံရသူအဖြစ်မှ ပယ်ဖျက်၍ ဒုတိယဆန္ဒမဲအများဆုံးသူအား ရွေးကောက်တင်မြှောက်ခံရသူအဖြစ် သတ်မှတ်ရမည်။ ဆုံးဖြတ်ချက်ကို သက်ဆိုင်သူများအား တစ်ပါတည်းပေးရမည်။

**အယူခံဝင်ခြင်း**

၃၆။ (က) ကော်မရှင်၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ(၇)ရက်အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်ခွင့်ရှိသည်။

( ခ ) အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၅)
## ကော်မတီဝင်များခန့်အပ်ခြင်း

**ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း**

၃၇။ ရွေးကောက်တင်မြှောက်ခြင်းခံရသော ကော်မတီဝင်များနှင့် ခန့်အပ်ခြင်းခံရသော ကော်မတီဝင်များအား အစိုးရအဖွဲ့ဝန်ကြီးချုပ်ရှေ့မှောက်၌ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုး၍ ခန့်အပ်တာဝန်ပေးအပ်ရမည်။

## အခန်း(၆)

## ကော်မတီဝင်အဖြစ်မှနှုတ်ထွက်ခြင်း၊ ရပ်စဲခြင်း၊ ထုတ်ပယ်ခြင်း၊ လစ်လပ်နေရာကို ထပ်မံဖြည့်စွက်ခြင်းနှင့်ကော်မတီတစ်ရပ်လုံးအား ယာယီရပ်သိမ်းခြင်း၊ ဖျက်သိမ်းခြင်း၊ ပြန်လည်ရွေးချယ်ခြင်းနှင့်ခန့်ထားခြင်း

၃၈။ ကော်မတီဝင်တစ်ဦးဦးသည် မိမိဆန္ဒအလျောက် ရာထူးမှ နှုတ်ထွက်လိုလျှင် ကော်မတီမှတဆင့် အစိုးရအဖွဲ့သို့ စာဖြင့် ပေးပို့လျှောက်ထားရမည်။ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် နှုတ်ထွက်ခွင့်ရှိသည်။

၃၉။ ကော်မတီဝင်တစ်ဦးဦးသည် အောက်ဖော်ပြပါကိစ္စရပ်များ ပေါ်ပေါက်လျှင် ထိုကော်မတီဝင်၏ နေရာသည် ထိုအချိန်၌ လစ်လပ်သည်ဟု မှတ်ယူရမည် -

(က) ကွယ်လွန်ခြင်း၊

(ခ) မိမိ၏ဆန္ဒအလျောက် ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်လိုလျှင်နှုတ်ထွက်ခွင့်ရရှိခြင်း၊

(ဂ) ကော်မတီဝင်အဖြစ်မှရပ်စဲခံရခြင်း၊

(ဃ) ကော်မတီက ကျင်းပသည့် ပုံမှန်နှင့်အထူးအစည်းအဝေးများကို အကြောင်းလုံလောက်မှုမရှိဘဲ တစ်ဆက်တည်း (၅)ကြိမ်တက်ရောက်ရန် ပျက်ကွက်ခြင်း၊

(င) သက်ဆိုင်ရာစည်ပင်သာယာရေးနယ်နိမိတ်အတွင်းဆက်လက်နေထိုင်ခြင်းမရှိဘဲ အခြားဒေသ သို့ ရွှေ့ပြောင်းခြင်း၊

(စ) ကော်မတီဝင်အဖြစ် ဤဥပဒေအရသတ်မှတ်ထားသော ရွေးချယ်ခန့်ထားပိုင်ခွင့် အရည်အချင်းပျက်ယွင်းခြင်း။

### နေရာလစ်လပ်မှုအတွက် ဆောင်ရွက်ခြင်း

၄၀။ (က) ကော်မတီအတွင်းရေးမှူး လစ်လပ်သည့်အခါ တွဲဖက်အတွင်းရေးမှူးကို ယာယီအတွင်းရေးမှူးအဖြစ် ထမ်းဆောင်စေရမည်။

(ခ) လစ်လပ်သည့် ကော်မတီဝင်ကို ဥပဒေနှင့်အညီဆောလျင်စွာ ပြန်လည်ရွေးချယ်ရမည်။

၄၁။ (က) အစိုးရအဖွဲ့သည် ဥက္ကဋ္ဌမှအပ ကော်မတီဝင်တစ်ဦးဦးက မိမိ၏တာဝန်ကိုထမ်းဆောင်ရာတွင် ဤဥပဒေအခန်း (၈) ပါ ကော်မတီ၏ လုပ်ငန်းတာဝန်များမှ အားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း ထမ်းဆောင်ရန် ပျက်ကွက်ခဲ့လျှင်ဖြစ်စေ၊ မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်တာဝန်ကို အလွဲသုံးစားပြုခဲ့လျှင်ဖြစ်စေ စုံစမ်းစစ်ဆေးစေပြီးနောက် ပေါ်ပေါက်ပါက ၎င်းကော်မတီဝင်အား တာဝန်မှ ထုတ်ပယ်သည့် အမိန့်ချမှတ်နိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ဥက္ကဋ္ဌမှအပ ကော်မတီတစ်ရပ်လုံးက မိမိ၏တာဝန်ကိုထမ်းဆောင်ရာတွင် ဤဥပဒေအခန်း (၈) ပါ ကော်မတီ၏ လုပ်ငန်းတာဝန်များမှ အားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း ထမ်းဆောင်ရန် ပျက်ကွက်ခဲ့လျှင်ဖြစ်စေ၊ မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်တာဝန်ကို အလွဲသုံးစားပြုလုပ်ခဲ့လျှင်ဖြစ်စေ စုံစမ်းစစ်ဆေးပြီးနောက် ပေါ်ပေါက်ပါက ၎င်းကော်မတီ တစ်ရပ်လုံးအားဖျက်သိမ်းသည့် အမိန့်ချမှတ်နိုင်သည်။

(ဂ) အစိုးရအဖွဲ့သည် ဥက္ကဋ္ဌအား ပုဒ်မ ၄၁(က)(ခ) တို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်ပေါ်ပေါက်လျှင် ၎င်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်နိုင်သည်။

၄၂။ ပုဒ်မ ၄၁ အရ ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီတစ်ရပ်လုံးကိုဖြစ်စေ အရေးယူလျှင် ထိုကော်မတီဝင် သို့မဟုတ် ထိုကော်မတီတစ်ရပ်လုံးအား ထုချေရှင်းလင်းရန် အခွင့်အရေးမပေးဘဲနှင့် ထိုကော်မတီဝင် သို့မဟုတ် ထိုကော်မတီတစ်ရပ်လုံး၏ အကျိုးကို ထိခိုက်နစ်နာစေသော မည်သည့် အမိန့်တစ်စုံတစ်ရာကိုမျှ မချမှတ်ရ။

၄၃။ ပုဒ်မ ၄၁ အရ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည်အတည်ဖြစ်ရမည်။

## အခန်း(၇)
## ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များ

၄၄။ ဥက္ကဋ္ဌ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီကို ကြီးကြပ်ကွပ်ကဲ၍ ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ကော်မတီအစည်းအဝေးများကို တစ်လလျှင် အနည်းဆုံး (၂)ကြိမ် ကျင်းပခြင်း၊ သဘာပတိတာဝန်ထမ်းဆောင်၍ အစည်းအဝေးကို အကျိုးရှိရှိ ထိရောက်မှုရှိစေရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) ကော်မတီအစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်ရာ၌ ဆန္ဒမဲတူညီနေလျှင် ဥက္ကဋ္ဌ၏ အနိုင်မဲဖြင့် ဆုံးဖြတ်ခြင်း၊

(ဃ) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကော်မတီဝင်အသီးသီး၏တာဝန်များကို ခွဲဝေသတ်မှတ်ခြင်း၊

(င) ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(စ) လုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက ကော်မတီ၏ ဆုံးဖြတ်ချက်အရ ဥပဒေနှင့်အညီ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခြင်း၊

(ဆ) လုပ်ငန်းလိုအပ်ချက်အရနှင့် အများပြည်သူအကျိုးငှာလိုအပ်ပါက ဥပဒေ၊ နည်းဥပဒေများတွင် ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းပေးနိုင်ရန် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ကော်မတီသို့ အကြံပြုတင်ပြခြင်း။

၄၅။ ဒုတိယဥက္ကဋ္ဌ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥက္ကဋ္ဌကိုကူညီ၍ ကော်မတီကို ကြီးကြပ်ကွပ်ကဲခြင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ကော်မတီအစည်းအဝေးများကို တက်ရောက်ခြင်း၊ ကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များတွင် မဲခွဲဆုံးဖြတ်ရမည့် ကိစ္စရပ်များ၌ ဆန္ဒမဲပေးခြင်း၊

(ဂ) ကော်မတီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် အကြံဉာဏ်များပေးခြင်း၊

(ဃ) လုပ်ငန်းလိုအပ်ချက်အရနှင့် အများပြည်သူအကျိုးငှာ လိုအပ်ပါက ဥပဒေ၊ နည်းဥပဒေများတွင် ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းပေးနိုင်ရန် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ကော်မတီသို့ အကြံပြုတင်ပြခြင်း၊

(င) ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိသည့်အချိန်တွင် ဥက္ကဋ္ဌကိုယ်စား တာဝန်ယူဆောင်ရွက်ခြင်း၊

(စ) ဥက္ကဋ္ဌကပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၄၆။ အတွင်းရေးမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီတစ်ရပ်လုံး၏ ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များ၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ အောင်မြင်အောင်အကောင်အထည်ဖော်ရေးအတွက် ကော်မတီအားတာဝန်ခံ၍ ဆောင်ရွက်ခြင်း၊

(ခ) အစိုးရအဖွဲ့နှင့် ကော်မတီကချမှတ်ထားသော မူဝါဒအားလုံးကိုသိရှိနားလည်ပြီး ကော်မတီနှင့် ဝန်ထမ်းများအားလုံးက တိကျစွာလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်စေရန် ကြီးကြပ်ခြင်း၊

(ဂ) ကော်မတီ၏ ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာ စာရင်းများကိုလည်း ဦးစီးဦးဆောင်ပြု၍ လျာထားချက်များအတိုင်း ပြည့်မီစွာ ရရှိ၊ သုံးစွဲစေရေး ထိန်းသိမ်းကြပ်မတ်ခြင်း၊

(ဃ) ကော်မတီတစ်ရပ်လုံး၏ လုပ်ငန်းစွမ်းဆောင်မှု အရည်အသွေး၊ တာဝန်ကျေပွန်စွာ ကြိုးစားဆောင်ရွက်မှု၊ စိတ်ဓါတ်မြင့်မားရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး နှင့် အုပ်ချုပ်ရေးကိစ္စများတွင် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အောင်မြင်အောင် တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) ကော်မတီအစည်းအဝေးများကို တက်ရောက်ခြင်း၊ ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များတွင် မဲခွဲဆုံးဖြတ်ရမည့်ကိစ္စရပ်များ၌ ဆန္ဒမဲပေးခြင်း၊

(စ) လုပ်ငန်းလိုအပ်ချက်အရနှင့် အများပြည်သူအကျိုးငှာ လိုအပ်ပါက ဥပဒေ၊ နည်းဥပဒေ များတွင် ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းပေးနိုင်ရန် သတ်မှတ်ထားသော နည်းလမ်းများနှင့် အညီ ကော်မတီသို့ အကြံပြုတင်ပြခြင်း၊

(ဆ) ဒုတိယဥက္ကဌ တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိသည့်အချိန်တွင် ကိုယ်စားတာဝန်ယူ ဆောင်ရွက်ခြင်း၊

(ဇ) ကော်မတီကပေးအပ်သော သီးခြားတာဝန်များထမ်းဆောင်ခြင်း။

၄၇။ တွဲဖက်အတွင်းရေးမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီ၏ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးအဖြစ် တာဝန်ခံဆောင်ရွက်ခြင်း၊

(ခ) ကော်မတီရုံးနှင့် ဌာနအားလုံး၏ ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် လုပ်ငန်း ဆောင်ရွက်မှုအားလုံးကို ကော်မတီ၏ မူဝါဒနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) ကော်မတီ၏ ဘဏ္ဍာငွေဆိုင်ရာ နှစ်စဉ်အရ/အသုံး ခန့်မှန်းခြေစာရင်းများ ပြုစုရေးဆွဲ တင်ပြခြင်း၊ နှစ်ချုပ်စာရင်းများ ပြုစုရေးဆွဲတင်ပြခြင်း၊

(ဃ) သက်ဆိုင်ရာ ဌာနမှူးများအား ငွေစာရင်းထိန်းသိမ်းရေးနည်းလမ်းညွှန်ကြားချက်များ နှင့်အညီ ရန်ပုံငွေစာရင်းများ ပြုစုထိန်းသိမ်းထားရှိစေခြင်း၊ စာရင်းဇယားများ၊ ဘဏ္ဍာရေးဆိုင်ရာ နှစ်ချုပ်စာရင်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးခြင်း ကိုခံယူစေခြင်း၊

(င) ဝန်ထမ်းရေးရာကိစ္စရပ်များကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ စီမံဆောင်ရွက်ခြင်း၊

(စ) ကော်မတီ၏ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံကိုသုံးသပ်၍ လိုအပ်သလိုပြင်ဆင်ဖွဲ့စည်း နိုင်ရန် ကော်မတီသို့တင်ပြခြင်း၊

(ဆ) ကော်မတီအစည်းအဝေးများကို တက်ရောက်ခြင်း၊ ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များတွင် မဲခွဲဆုံးဖြတ်ရမည့်ကိစ္စရပ်များ၌ ဆန္ဒမဲပေးခြင်း၊

(ဇ) လုပ်ငန်းလိုအပ်ချက်အရနှင့် အများပြည်သူအကျိုးငှာ လိုအပ်ပါက ဥပဒေ၊ နည်းဥပဒေများတွင် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းပေးနိုင်ရန် သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ ကော်မတီသို့ အကြံပြုတင်ပြခြင်း၊

(ဈ) အတွင်းရေးမှူး တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိသည့်အချိန်တွင် ကိုယ်စားတာဝန်ယူဆောင်ရွက်ခြင်း၊

(ည) တွဲဖက်အတွင်းရေးမှူးသည် တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိသည့်အချိန်တွင် ဥက္ကဋ္ဌက တာဝန်ပေးသူတစ်ဦးဦးထံသို့ လွှဲပြောင်းတာဝန်ပေးအပ်ခြင်း။

၄၈။ ကော်မတီဝင်များ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီအစည်းအဝေးများကို တက်ရောက်ခြင်း၊ ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များတွင် မဲခွဲဆုံးဖြတ်ရမည့် ကိစ္စရပ်များ၌ ဆန္ဒမဲပေးခြင်း၊

(ခ) ကော်မတီ၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် ကော်မတီ၏ လုပ်ပိုင်ခွင့်များ၊ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သော အကြံဉာဏ်များပေးခြင်း၊ ဆွေးနွေးခြင်း၊

(ဂ) သတ်မှတ်တာဝန်ပေးအပ်သော ဌာနများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် နည်းပညာဆိုင်ရာကျွမ်းကျင်မှု အကြံဉာဏ်များပေးခြင်း၊

(င) လုပ်ငန်းလိုအပ်ချက်အရနှင့် အများပြည်သူအကျိုးငှာ လိုအပ်ပါက ဥပဒေ၊ နည်းဥပဒေများတွင် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းပေးနိုင်ရန် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ကော်မတီသို့ အကြံပြုတင်ပြခြင်း၊

(စ) ကော်မတီကပေးအပ်သော ဌာနအလိုက်၊ မြို့နယ်အလိုက်နှင့် သီးခြားတာဝန်များထမ်းဆောင်ခြင်း၊ ရွေးကောက်ခံကော်မတီဝင်များသည် မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးစည်ပင်သာယာရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ ကြပ်မတ် ဆောင်ရွက်ခြင်း၊

(ဆ) ကော်မတီဝင်တစ်ဦးချင်းစီသည် ကော်မတီကိုတာဝန်ခံရမည်။

## အခန်း(၈)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၄၉။ ကော်မတီသည် လုပ်ငန်းတာဝန်များအောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် အောက်ပါဌာနများဖွဲ့စည်းဆောင်ရွက်ရမည်-

(က) ကော်မတီရုံးအဖွဲ့

(ခ) စီမံရေးရာဌာန

(ဂ) စက်ရုံနှင့် မော်တော်ယာဉ်ဌာန

(ဃ) ဈေးနှင့် သားသတ်ဌာန

(င) ဘဏ္ဍာရေးဌာန

(စ) အခွန်ဌာန

(ဆ) သန့်ရှင်းရေးဌာန

(ဇ) ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန

(ဈ) ရေနှင့် သန့်ရှင်းမှုဌာန

(ည) မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

(ဋ) အဆောက်အအုံနှင့် ကုန်ရုံဌာန

(ဌ) လမ်းတံတားဌာန

(ဍ) ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန

(ဎ) စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန

(ဏ) စစ်ဆေးရေးဌာန

၅၀။ ကော်မတီသည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဌာနနှင့် ဝန်ထမ်းဖွဲ့စည်းပုံကို လိုအပ်သလို တိုးချဲ့ဖွဲ့စည်းခြင်း၊ ပြင်ဆင်ပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၁။ ကော်မတီသည် ဤဥပဒေအရ ဖွဲ့စည်းထားသော ဌာနအလိုက် လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန် လိုအပ်သောနည်းဥပဒေများရေးဆွဲပြုစု၍ အစိုးရအဖွဲ့သို့တင်ပြရမည်။

၅၂။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်မှု ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းပြုရမည် -

(က) စည်ပင်သာယာဝန်ထမ်းများ အရည်အချင်းတိုးမြှင့်ရေးအတွက် လိုအပ်သည့် သင်တန်းများ ဖွင့်လှစ်ခြင်း၊ ကြီးကြပ်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းရေးရာကိစ္စရပ်များအတွက် လမ်းညွှန်မှု ပေးခြင်း၊

(ခ) ကော်မတီကစီမံခန့်ခွဲခွင့်ရှိသော မြေနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) အများပြည်သူသုံး ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ အပန်းဖြေရိပ်သာများနှင့် နေရာများ၊ ရေကူးကန်၊ ရေချိုးဆိပ်၊ ရေချိုးခန်း၊ သန့်စင်ခန်းများ၊ သောက်ရေအိုးစင်များ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အများပြည်သူနှင့်ဆိုင်သော ကိစ္စတစ်ရပ်ရပ်

အတွက် လွယ်ကူစွာအသုံးပြုနိုင်ရန် မြေကွက်လပ်များစီမံထားရှိခြင်း၊ ကြီးကြပ်ခြင်းနှင့် ထိန်းသိမ်းခြင်း၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများ အထောက်အကူပြုစေရန်အတွက် ဆွေးနွေးပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲ၊ ဟောပြောပွဲများကျင်းပပြုလုပ်ခြင်း၊

(င) မြို့တွင်းနှင့် အဝေးပြေး ယာဉ်ရပ်နားစခန်းများ တည်ဆောက်ခြင်း၊ ယာဉ်ရောင်းဝယ်ရေး စခန်းများဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(စ) ယာဉ်နှင့် အနှေးယာဉ်များ သွားလာခြင်းနှင့် ရပ်နားခြင်း၊ ယာဉ်ရောင်းဝယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ယာဉ်နှင့် အနှေးယာဉ်များပြုပြင် တပ်ဆင်ခြင်းလုပ်ငန်းများ ဖွင့်လှစ်ခြင်းတို့နှင့်စပ်လျဉ်း၍ စည်းကမ်းများသတ်မှတ်ခြင်း၊ကြီးကြပ်ခြင်း၊

(ဆ) အနှေးယာဉ်အမျိုးအစားအလိုက် စည်းကမ်းချက်များသတ်မှတ်၍ အနှေးယာဉ် လိုင်စင်နှင့် အနှေးယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် သတ်မှတ်ကာလ အတွင်း သက်တမ်းတိုးရန် ပျက်ကွက်သည့်လိုင်စင်ကိုယာယီရပ်ဆိုင်းခြင်း၊ စိစစ် ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ဇ) မြို့တော်နယ်နိမိတ်အတွင်း လမ်းစည်းကမ်းနှင့် လမ်းအသုံးပြုမှုစည်းကမ်းများ သတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ ရပ်ကွက် နှင့်လမ်းများ၏အမည်ကို သတ်မှတ်ခြင်းနှင့် အဆောက်အအုံအမှတ်သတ်မှတ်ခြင်း၊

(ဈ) ကျွဲ၊ နွား တိရစ္ဆာန်များ၊ အိမ်မွေးတိရစ္ဆာန်များနှင့်စပ်လျဉ်း၍-

(၁) တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်း၊ ထိန်းကျောင်းခြင်း၊ သယ်ဆောင်ခြင်း၊ စီးနင်းခြင်းတို့နှင့်ဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ခွင့်ပြုခြင်း၊

(၂) ကျွဲ၊နွားပွဲဈေးများတည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း၊

(၃) အများပြည်သူစားသုံးရန်အလို့ငှာ အသားထုတ်လုပ်ရုံများတည်ထောင်ခြင်း၊ အသားများပြုပြင်ထုတ်လုပ်ခြင်း၊ စနစ်တကျထုပ်ပိုးသယ်ဆောင်ခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်းနှင့် သားငါးများ၊ အိမ်မွေးတိရစ္ဆာန်များ၊ ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းတို့ကို စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ခြင်း၊

(၄) တရားမဝင်အသားများ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း များနှင့် ပတ်သက်၍ ကြီးကြပ်စစ်ဆေးခြင်း၊ အရေးယူခြင်း၊

(၅) ပြည်သူ့ကျန်းမာရေးကို အန္တရာယ်ဖြစ်စေသည့် ခွေးလေခွေးလွင့်၊ ကြွက်၊ ကျီးနှင့် ရောဂါပိုးများသယ်ဆောင်တတ်သည့် အခြားတိရစ္ဆာန်များကို သုတ်သင်ရှင်းလင်းခြင်း၊ တိရစ္ဆာန်ထိန်းသိမ်းရေးရုံများဆောက်လုပ်၍

စည်းကမ်းမဲ့သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းအရေးယူဆောင်ရွက်ခြင်း၊

(ည) ဈေးများတည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊

(ဋ) လမ်းဘေးဈေးဆိုင်များ၊ ကျူးကျော်ဈေးသည်များနှင့်စပ်လျဉ်း၍ စည်းကမ်းများသတ်မှတ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊

(ဌ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စွန့်ပစ်အမှိုက်များစီမံခန့်ခွဲဆောင်ရွက်ခြင်း၊

(ဍ) အမှိုက်ပုံး၊ အမှိုက်ကန်၊ ယာယီစွန့်ပစ်မည့်အမှိုက်ပုံနေရာများ၊ ထပ်ဆင့်လွှဲပြောင်းစနစ်ဆောင်ရွက်မည့် အမှိုက်စွန့်နေရာများနှင့် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံမြေနေရာများသတ်မှတ်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ပိတ်သိမ်းခြင်း၊ အခြားနည်းလမ်းဖြင့် အသုံးပြုခြင်း၊ စီမံခန့်ခွဲကြီးကြပ်ခြင်း၊

(ဎ) မြို့တော်ပတ်ဝန်းကျင်အရည်အသွေး ထိန်းသိမ်းရေးနှင့်မြှင့်တင်ရေးတို့အတွက် ထုတ်လွှတ်အခိုးအငွေ့များ၊ စွန့်ထုတ်အရည်များနှင့်စွန့်ထုတ်အစိုင်အခဲများ၊ ကုန်ထုတ်လုပ်မှုနည်းလမ်းများ၊လုပ်ငန်းစဉ်များနှင့် ထုတ်ကုန်များ၏ စံချိန်စံညွှန်းများ အပါအဝင်ပတ်ဝန်းကျင်အရည်အသွေး သတ်မှတ်စံချိန်စံညွှန်းများကို တိုင်းတာရန်နှင့် သတ်မှတ်ရန်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အကောင်အထည်ဖော်ရန် ညွှန်ကြားခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊

(ဏ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ကူးတို့လမ်းကြောင်းသတ်မှတ်ခြင်း၊ ကူးတို့လုပ်ငန်းများတည်ထောင်လုပ်ကိုင်ခွင့်ပြုပြီး ကူးတို့လုပ်ငန်းလိုင်စင်များ ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊ ကူးတို့လုပ်ငန်းစီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော အခြားတိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်ရှိကူးတို့များ၏ အခွန်ရငွေနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(တ) ပွဲရုံလုပ်ငန်းများနှင့် ပုဂ္ဂလိကအပေါင်ဆိုင်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း၊

(ထ) မီးဘေး၊ ရေဘေး၊လေဘေး၊ ငလျင်ဘေး စသည့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကော်မတီပိုင်လိုအပ်သောပစ္စည်းများအားမီးအာမခံထားရှိခြင်း၊ မီးဘေးနှင့်အခြားအန္တရာယ်ရှိ အဆောက်အအုံနှင့်တဲများအားဖျက်သိမ်းဖယ်ရှားစေခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း၊

(ဒ) ရေတွင်း၊ ရေကန်၊ ရေမြောင်းများနှင့်စပ်လျဉ်း၍ အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်သော

ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုးစသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊

( ဓ ) နေအိမ်အဆောက်အအုံများနှင့် အများပြည်သူပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုသည့် အဆောက်အအုံတို့ကို မီးဘေးလုံခြုံမှုရှိစေရန် စီမံဆောင်ရွက်ခြင်း၊

( န ) လေလွင့်သွားလာနေသော စိတ်ဝေဒနာရှင်များ၊ ကိုယ်ရေပြားရောဂါစွဲကပ်သူနှင့် တောင်းရမ်း စားသောက်သူများကို သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းပေးပို့၍ ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ခြင်း၊

( ပ ) နာရေးကိစ္စအတွက် သင်္ချိုင်းတိုက်များတည်ဆောက်ခြင်း၊ သင်္ချိုင်းခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း၊

( ဖ ) သုသာန်မြေများသတ်မှတ်ခြင်း၊ သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ သုသာန်မြေကို ဆက်လက်အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း၊ ထိုသို့ ဖျက်သိမ်းသည့် သုသာန်မြေကို အခြားနည်းအသုံးပြုခြင်း၊ စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ခြင်း၊

( ဗ ) ပြည်သူလူထုအားထိခိုက်နိုင်သည့် အနှောင့်အယှက်အတားအဆီးများ၊ ဘေးအန္တရာယ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ အသိပေးနိုင်စေရန် ဆောင်ရွက်ခြင်း၊

(ဘ) ကော်မတီ၏မူဝါဒအရဆောင်ရွက်ချက်များ၊ တားမြစ်ချက်များနှင့် ပြစ်ဒဏ်များအား မြို့တော်နေပြည်သူလူထုတစ်ရပ်လုံးနှင့် မြို့တော်တွင်း ဝင်ထွက်သွားလာသူ အားလုံးမှ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် လူထုဆက်သွယ်ရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ခြင်း၊

( မ ) စက်ဆုပ်ဖွယ်ရာဖြစ်သည့်အပြင် ဘေးအန္တရာယ်ဖြစ်စေနိုင်သော သားငါးများ၊ ပစ္စည်းများ ရောင်းဝယ်ခြင်း၊ သယ်ဆောင်ခြင်းကိုတားမြစ်ခြင်း၊

(ယ) မြို့တော်နယ်နိမိတ်အတွင်း လမ်းများဖောက်လုပ်မှုနှင့်ပတ်သက်၍ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ စည်းကမ်းသတ်မှတ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊

( ရ ) ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေကန်များ၊ ရေလှောင်ကန်များ၊ ရေပိုက်လိုင်းများတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊

(လ) မြေအောက်ရေတူးဖော်ခြင်း၊ ထုတ်ယူသုံးစွဲခြင်း၊ ဖြန့်ဝေခြင်းစသည်တို့နှင့်စပ်လျဉ်း၍ ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ စည်းကမ်းချက်သတ်မှတ်ခြင်း၊

( ဝ ) စည်ပင်သာယာရေးအခွန်အခများ ကောက်ခံခြင်းနှင့် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကော်မတီက တာဝန်ခံဆောင်ရွက်ခြင်း၊ လိုအပ်ပါက သင့်လျော်သော အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား သင့်လျော်သည့်ကာလ

အတွက် ကန်ထရိုက် စနစ်ဖြင့်ဖြစ်စေ၊ လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ၊ အခြားသင့်လျော်ကောင်းမွန်သော စနစ်ဖြင့်ဖြစ်စေ၊ ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်၍ တာဝန်ပေးအပ်နိုင်ခြင်း၊

(သ) ကော်မတီပိုင်မြေ သို့မဟုတ် ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ သို့မဟုတ် မြေကွက်လပ်များနှင့် အရန်မြေတို့အား မူလသတ်မှတ်ထားသည့် အစီအမံအစား မြို့ပြ ဖွံ့ဖြိုးမှုအရ လိုအပ်ပါက ပိုမိုတိုးတက်ဖြစ်ထွန်းမည့် အစီအမံများအား အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ခြင်း၊

(ဟ) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဠ) စည်ပင်သာယာနယ်နိမိတ်အတွင်း နည်းလမ်းတစ်ခုခုဖြင့် ကျူးကျော်ခြင်းမရှိစေရန် စီမံဆောင်ရွက်ခြင်း၊ တားမြစ်ခြင်း၊ ဖျက်သိမ်းခြင်း၊ ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အဦများနှင့် အဆောက်အအုံများကို လိုအပ်ပါက သင့်လျော်သည့်အင်အား အသုံးပြု၍ ဖျက်သိမ်းဖယ်ရှားစေခြင်း၊ အရေးယူဆောင်ရွက်ခြင်း။

၅၃။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်ရေးအတွက်လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

## အခန်း(၉)
## အစည်းအဝေးကျင်းပခြင်း

၅၄။ ကော်မတီသည်လုပ်ငန်းတာဝန်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန် အစည်းအဝေးများကျင်းပရာ၌ အောက်ပါတို့ကို လိုက်နာရမည်-

(က) ကော်မတီ၏ပုံမှန်အစည်းအဝေးကို တစ်လလျှင်အနည်းဆုံး (၂)ကြိမ်ပြုလုပ်ရမည်။

(ခ) အများပြည်သူအကျိုးအတွက်ဖြစ်စေ၊ ကော်မတီဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြစ်စေ အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စရပ်များရှိလျှင် အထူးအစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

(ဂ) ဥက္ကဋ္ဌသည် အစည်းအဝေးကျင်းပပြုလုပ်မည့် နေ့ရက်နှင့် အချိန်တို့ကို သတ်မှတ်၍ ကော်မတီဝင်များအား ကြိုတင်အသိပေး အကြောင်းကြားရမည်။

(ဃ) ပုံမှန်အစည်းအဝေးတွင်ဖြစ်စေ၊ အထူးအစည်းအဝေးတွင်ဖြစ်စေ တက်ရောက်သူ ကော်မတီဝင်ဦးရေသည် တက်ရောက်ခွင့်ရှိသူ၏ ၅၀% ကျော် တက်ရောက်မှသာ အစည်းအဝေးအတည်ဖြစ်ကြောင်း မှတ်ယူရမည်။

(င) အစည်းအဝေးအတည်မဖြစ်ပါက ဥက္ကဋ္ဌသည် သင့်လျော်သည့်အချိန်တွင် ပြန်လည်ကျင်းပရန် ကော်မတီဝင်များအား ကြိုတင်အသိပေးအကြောင်းကြားရမည်။ ယင်းသို့

ပြန်လည်ကျင်းပသည့် အစည်းအဝေးသည် ကော်မတီဝင်(၃)ပုံ(၁)ပုံတက်ရောက်ပါက အတည်ဖြစ်ကြောင်း မှတ်ယူရမည်။

(စ) အစည်းအဝေးများတွင် ဥက္ကဋ္ဌမှ သဘာပတိအဖြစ်ဆောင်ရွက်၍ကြီးကြပ်ရမည်။ ဥက္ကဋ္ဌအစည်းအဝေးမတက်ရောက်နိုင်လျှင် ဒုတိယဥက္ကဋ္ဌကလည်းကောင်း၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ အစည်းအဝေးမတက်ရောက်နိုင်လျှင် အတွင်းရေးမှူးကလည်းကောင်း သဘာပတိအဖြစ်ဆောင်ရွက်၍ အစည်းအဝေးကိုကြီးကြပ်ရမည်။

(ဆ) အစည်းအဝေးဆုံးဖြတ်ချက်များတွင် မဲခွဲဆုံးဖြတ်ရန်လိုအပ်ပါက သဘာပတိမှလွဲ၍ အစည်းအဝေးတက်ရောက်သူကော်မတီဝင်များက ဆန္ဒမဲပေးရမည်။ မဲအရေအတွက် နှစ်ဖက်ညီမျှနေလျှင်သာ သဘာပတိ၏ဆန္ဒမဲဖြင့် အဆုံးအဖြတ်ယူရမည်။

(ဇ) ကော်မတီဝင်တစ်ဦးဦးသည် အစည်းအဝေးသို့ မတက်ရောက်နိုင်ပါက ခွင့်တိုင်ကြား၍ ကော်မတီ၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၃၅။ အစည်းအဝေးတက်ရောက်သူ မည်သူမဆို အချင်းချင်းစွပ်စွဲပုတ်ခတ်ပြောဆိုခြင်း၊ သိက္ခာချခြင်း၊ ရန်ရှင်းကြမ်းတမ်းသောကိုယ်အမူအရာ သို့မဟုတ် နှုတ်အမူအရာများပြုခြင်း၊ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းမပြုရ၊ ဖောက်ဖျက်ပါက သဘာပတိသည် ဖောက်ဖျက်သူကို ဆွေးနွေးခွင့်ရပ်ဆိုင်းခြင်း၊ အစည်းအဝေးခန်းမှထွက်သွားစေခြင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းတို့ ဆောင်ရွက်နိုင်သည်။

## အခန်း(၁၀)
## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၃၆။ ကော်မတီသည် ဤဥပဒေအရပေးအပ်သော အခြားလုပ်ပိုင်ခွင့်များကို မထိခိုက်စေဘဲ အောက်ပါကိစ္စများကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်-

(က) ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့်ဆက်သွယ်၍ မြို့တော်စည်ပင်သာယာရေးအတွက် အထောက်အကူပြုသောလုပ်ငန်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ရန်ပုံငွေဖြင့်လည်းကောင်း၊ ကူညီထောက်ပံ့ငွေဖြင့်လည်းကောင်း၊ ချေးငွေဖြင့်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(ခ) ကော်မတီပိုင် အဆောက်အအုံနှင့် မြေများကို ငှားရမ်းခြင်း၊ စည်းကမ်းချက်တစ်ရပ်ရပ် ဖောက်ဖျက်သော အငှားယူသူများကို အရေးယူခြင်းနှင့် ဖယ်ရှားရှင်းလင်းခြင်း၊

(ဂ) နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်ထားသည့် အဆောက်အအုံများမှအပ ဌာနဆိုင်ရာပိုင် အဆောက်အအုံများ ဆောက်လုပ်

ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီစစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို တင်ပြခြင်း၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများအတွက် အကြံဉာဏ်များရယူနိုင်ရန် လိုအပ်ပါက အကြံပေးနှင့် အကြံပေးအဖွဲ့တို့ကို ဖွဲ့စည်းနိုင်ခြင်း၊ ဖွဲ့စည်းပြီးပါက တာဝန်ပေးအပ်ခြင်းနှင့် ယင်းတို့၏ လစာစရိတ်နှင့် ချီးမြှင့်ငွေများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(င) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်တွင်းပြည်ပမှ ခေတ်မီတိုးတက်သည့် နည်းပညာအကူအညီနှင့် အထောက်အပံ့များရယူဆောင်ရွက်ခြင်း၊

(စ) ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများတွင် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာမျှ ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ကျူးကျော်မှုများအား အရေးယူခြင်းနှင့် ဖယ်ရှားခြင်း၊ အထူးသဖြင့် ကော်မတီမှ စီမံခန့်ခွဲခွင့်ရှိသော အိမ်ရာစီမံကိန်းများနှင့် အခြားနေရာများတွင် သတ်မှတ်ထားသော ပန်းဥယျာဉ်၊ ပန်းခြံနှင့်ကစားကွင်းများ အကြောင်းအမျိုးမျိုးကြောင့် ပျောက်ကွယ်ဆုံးရှုံးမှု မရှိစေရန်တာဝန်ယူခြင်း၊

(ဆ) မြို့တော်နယ်နိမိတ်အတွင်းရှိ သတ်မှတ်ထားသောလမ်းနယ်နိမိတ်အတွင်း မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာမျှ ကျူးကျော်ဆောက်လုပ်ခြင်းမရှိစေရန် တားမြစ်ခြင်း၊ စစ်ဆေးကြပ်မတ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းနှင့် ဖယ်ရှားခြင်း၊

(ဇ) အရန်မြေများတွင် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာမျှ ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဈ) ဤဥပဒေပါ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်မှုများတွင် သတ်မှတ်ထားသော ဒဏ်ကြေးကိုပေးဆောင်ပါက အရေးယူဆောင်ရွက်မှုကို ရပ်ဆိုင်းခြင်း သို့မဟုတ် ကျေအေးခွင့်ပြုနိုင်ခြင်း၊

(ည) ကော်မတီရန်ပုံငွေတိုးတက်ရရှိရေးအတွက် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ရင်းနှီးမြှုပ်နှံလိုသူများနှင့် ပူးပေါင်း၍ လည်းကောင်း၊ ကော်မတီမှရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံ၍ လည်းကောင်း အကျိုးအမြတ်ရရှိရန် သေချာသည်ဟုကော်မတီက ဆုံးဖြတ်သော စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(ဋ) ပြည်ပနိုင်ငံများရှိ မြို့ကြီးများနှင့် ခင်မင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံလျက် အသိအမြင် ဗဟုသုတများဖလှယ်ခြင်း၊ အထောက်အပံ့များရယူခြင်း၊ အပြန်အလှန်အကူအညီပေးခြင်းများကို ဆောင်ရွက်နိုင်ရန်အတွက် ညီအစ်မမြို့တော်(Sister Cities)များ

ဖွဲ့ခြင်း၊ နားလည်မှုသဝဏ်လွှာများ လက်မှတ်ရေးထိုးခြင်းနှင့် သဘောတူစာချုပ်များ ချုပ်ဆိုခြင်း၊

(ဌ) ပြည်သူလူထုသို့ အသိပညာဖြန့်ဝေပေးခြင်း၊ ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော မီဒီယာလုပ်ငန်းများကို တည်ထောင်လုပ်ကိုင်ခြင်း၊

(ဍ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် လုပ်ပိုင်ခွင့်များကိုကျင့်သုံးခြင်း။

## အခန်း (၁၁)
## မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးမှုစီမံကိန်းနှင့် မြေများစီမံခန့်ခွဲခြင်း

၅၇။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါတို့ကိုဆောင်ရွက်ရမည် -

(က) မြို့တော်နယ်နိမိတ်အတွက်ဖြစ်စေ၊ တိုးချဲ့ရန်ရည်ရွယ်သည့်နေရာဒေသအတွက်ဖြစ်စေ၊ မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်စေ၊ မြို့တော်စည်ပင်သာယာရေး လုပ်ငန်းများအတွက်ဖြစ်စေ၊ မြေယာမူဝါဒများနှင့် မြေအသုံးချခြင်းဆိုင်ရာ စီမံချက်များ အပါအဝင် မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးဆွဲရမည်။

(ခ) မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးမှုစီမံကိန်းနှင့်အညီ မူဝါဒချမှတ်ခြင်း၊ မြို့တော်နယ်နိမိတ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း ပြုရမည်။

(ဂ) မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးမှုစီမံကိန်းဆိုင်ရာ အင်္ဂါရပ်များနှင့်အညီ မြို့ကွက်များဖော်ထုတ်၍ မြို့သစ်များတည်ထောင်နိုင်သည်။

(ဃ) မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်ခြင်းမရှိသည့်နေရာများကို သက်ဆိုင်သူများနှင့် ညှိနှိုင်း သဘောတူညီချက်ရယူ၍ စနစ်တကျမြို့ကွက်ရိုက်ခြင်းနှင့် ပြန်လည်နေရာချထားခြင်း တို့ပြုနိုင်သည်။

(င) မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံများဆောက်လုပ်ရာတွင် ခွင့်ပြုမည့်မြေကို အသုံးချမှု၊ အဆောက်အအုံအထပ်အရေအတွက်နှင့် အမြင့်ပေများကို နည်းဥပဒေဖြင့် သတ်မှတ်ဆောင်ရွက်ရမည်။

၅၈။ ကော်မတီသည်-

(က) ဤဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ ကော်မတီပိုင်မြေများ၊ ကော်မတီကစီမံခန့်ခွဲ ပိုင်ခွင့်ရှိသောမြေများ၊ တည်ဆဲဥပဒေနှင့်အညီ သိမ်းယူထားသောမြေများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ လွှဲပြောင်းရယူထားသော မြေများကို စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

( ခ ) မြေငှားစာချုပ်ဖြင့်ဖြစ်စေ၊ လိုင်စင်ဖြင့်ဖြစ်စေ၊ ပါမစ်ဖြင့်ဖြစ်စေ နေထိုင်အသုံးပြုခွင့်ပေးထားသောမြေများနှင့် ပုဂ္ဂလိကပိုင်မြေများကို မြို့တော်အင်္ဂါရပ်နှင့် ကိုက်ညီခြင်းမရှိပါက သက်ဆိုင်သူများနှင့် ညှိနှိုင်းပြီး ဥပဒေနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

( ဂ ) မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးမှုစီမံကိန်းနှင့်အညီ မြို့ကွက်၊ မြို့သစ်နှင့်မြို့မြေစာရင်းများ၊ ရပ်ကွက်စာရင်းများ၊ မြို့နယ်နှင့် ရပ်ကွက်မြေပုံများကိုပြုစုခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို ပြုလုပ်ရမည်။

( ဃ ) မြို့တော်နယ်နိမိတ်အတွင်း မြေငှားရမ်းခြင်းဆိုင်ရာစာချုပ်များ၊ မြေငှားဂရန်စာချုပ်များထုတ်ပေးခြင်း၊ သက်တမ်းသတ်မှတ်၍ နေထိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် စည်းကမ်းဖောက်ဖျက်ပါက ယင်းတို့ကို ဖျက်သိမ်းခြင်းပြုနိုင်သည်။

( င ) မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးမှုစီမံကိန်း အကောင်အထည်ဖော်ရာတွင် မလွတ်ကင်းသောအဆောက်အအုံများကိုဖယ်ရှားခြင်းနှင့် ဖျက်သိမ်းခြင်းတို့ပြုနိုင်သည်။ ထိုသို့ဆောင်ရွက်ရာ၌ ပုဂ္ဂလိကပိုင်ပစ္စည်းဆုံးရှုံးမှု နည်းနိုင်သမျှနည်းစေအောင်ပြုလုပ်ရမည်။ အကယ်၍ဆုံးရှုံးမှုဖြစ်ပေါ်ပါက ပိုင်ရှင်အားနစ်နာကြေးပေးရမည်။

( စ ) စည်ပင်သာယာပိုင်မြေများဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ကြေညာခြင်း၊ ကျူးကျော်မှုပြုလျှင် တားဆီးဖယ်ရှားခြင်း၊ ကျူးကျော်အိမ်များ၊ ကျူးကျော်အဆောက်အအုံများ၊ ကျူးကျော်ရပ်ကွက်များ၊ ဖျက်သိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၅၉။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းသည် မြို့တော်နယ်နိမိတ်အတွင်း အောက်ပါလုပ်ငန်းကိစ္စများလုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပါကကော်မတီနှင့်ညှိနှိုင်းပြီးမှ ဆောင်ရွက်ရမည်-

( က ) မြို့တော်နယ်နိမိတ်အတွင်း မြေအသုံးချခြင်း၊ အဆောက်အအုံတည်ဆောက်ခြင်း၊ မြေပြုပြင်ခြင်း၊

( ခ ) စက်မှုဇုန်များနှင့် စိမ်းလန်းဇုန်များ တည်ထောင်ခြင်း၊ လုပ်ကိုင်ခြင်း၊

( ဂ ) လမ်းနှင့်တံတားများဆောက်လုပ်ခြင်း၊ နန်းကြိုးများ၊ ပြွန်များနှင့်ပိုက်လိုင်းများဆက်သွယ်ခြင်း၊ မြေအောက်ဥမင်လှိုဏ်ခေါင်းများ ဖောက်လုပ်ခြင်း။

၆၀။ ကော်မတီသည် အများပြည်သူအကျိုးအတွက် ဌာနဆိုင်ရာမြေနှင့်အဆောက်အအုံများကိုသိမ်းဆည်းရန်လိုအပ်ပါကတည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ အစိုးရအဖွဲ့သို့တင်ပြဆောင်ရွက်ရမည်။

၆၁။ ကော်မတီသည် အများပြည်သူအကျိုးအတွက် ပုဂ္ဂလိကပိုင်မြေနှင့်အဆောက်အအုံများကို ရယူရန် လိုအပ်ပါက သက်ဆိုင်သူများ၏ ညှိနှိုင်းသဘောတူညီချက်ဖြင့် ကာလတန်ဖိုးညှိ၍ ဝယ်ယူရယူခြင်း ပြုနိုင်သည်။

## အခန်း(၁၂)
## အဆောက်အအုံများဆောက်လုပ်ခြင်း၊ ရေမြောင်းများနှင့် လမ်းများဖောက်လုပ်ခြင်း

၆၂။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံများဆောက်လုပ်ခြင်း၊ ရေမြောင်းများနှင့် လမ်းများဖောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) စည်ပင်သာယာရေးလုပ်ငန်းများအတွက် လိုအပ်သောအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဖျက်သိမ်းခြင်း၊ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) အဆောက်အအုံများကို စည်းကမ်းချက်များသတ်မှတ်၍ ဆောက်လုပ်ခွင့်ပြုခြင်း၊ သို့မဟုတ် ဆောက်လုပ်ခွင့်ပြုရန်ငြင်းပယ်ခြင်း၊ ဆောက်လုပ်ပြီးစီးပါက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်ညီညွတ်မှုရှိ/မရှိစိစစ်ပြီး အဆောက်အအုံပြီးစီးကြောင်း လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ နေထိုင်အသုံးပြုရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) အဆောက်အအုံများဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းပြုရာတွင် ရေမြောင်းများကို သတ်မှတ်ချက်များနှင့်အညီ ကော်မတီပိုင်ရေမြောင်းမကြီးနှင့် ဆက်သွယ်ဖောက်လုပ်စေခြင်း၊

(ဃ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှစီးဆင်းသည့်ရေကြောင့် အများပြည်သူနှင့် သက်ဆိုင်သောလမ်းနှင့် အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်း မရှိစေရန်နှင့် ရေစီးရေလာကောင်းစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်းစသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

(င) ကော်မတီသည် မိမိပိုင်ရေမြောင်းများအားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ၊ ရောဝတီမြစ်၊ ဒုဋ္ဌဝတီမြစ်အတွင်းသို့ ပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်၍ စွန့်ထုတ်ခွင့်ရှိသည်။ ထို့ပြင် ယင်းရေမြောင်းများကို မြို့တော်နယ်နိမိတ်အတွင်း၌ဖြစ်စေ၊ အပြင်၌ဖြစ်စေ၊ သင့်လျော်သောနေရာ၌ စွန့်ထုတ်နိုင်သည်။

(စ) အများပြည်သူများအတွက် နေအိမ်အဆောက်အအုံများ၊ အခန်းများ၊ စုပေါင်းပိုင်အဆောက်အအုံများဆောက်လုပ်ခြင်း၊ ပိုင်ဆိုင်ခွင့် သို့မဟုတ် တစ်နည်းနည်းဖြင့် နေထိုင် ခွင့်ပေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဆ) ရေမြောင်းများဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပုဂ္ဂလိကပိုင်ရေမြောင်းများ ဖောက်လုပ်ခွင့်ပြုခြင်း၊ သန့်ရှင်းရေးပြုလုပ်စေခြင်း၊ ကြီးကြပ်ခြင်း၊

(ဇ) ပြည်တွင်းခရီးသည်များသာ တည်းခိုမည့်တည်းခိုခန်းများ ဖွင့်လှစ်ခွင့်ပြုခြင်းနှင့် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုခန်းများအား စည်ပင်သာယာရေးဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍စစ်ဆေးခြင်း၊

(ဈ) အများပြည်သူအသုံးပြုသော အဆောက်အအုံများ၊ လမ်းများနှင့်နေရာများတွင် မသန်စွမ်းသူများလွယ်ကူအဆင်ပြေစွာ သွားလာအသုံးပြုနိုင်ရေးအတွက် လိုအပ်သော အစီအမံများချမှတ်၍ ဆောက်လုပ်၊ ပြုပြင်ထိန်းသိမ်းဆောင်ရွက်စေခြင်း၊

(ည) အများပြည်သူသုံး ကိုယ်ပိုင်လမ်းများကို စည်းကမ်းချက်များသတ်မှတ်၍ ဖောက်လုပ်ခွင့်ပြုခြင်း၊ ပြုပြင်ထိန်းသိမ်းစေခြင်းနှင့် ထိုလမ်းများအဆင့်မီပါက အများပြည်သူဆိုင်ရာ လမ်းအဖြစ် သတ်မှတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊

(ဋ) အများပြည်သူဆိုင်ရာလမ်းနှင့် တံတားအသစ်ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ လမ်းဘေး ဝဲ၊ ယာတွင်လိုအပ်သော အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် အရိပ်ရသစ်ပင်များ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း၊

(ဌ) ရပ်ကွက်၊ လမ်းအမည်များသတ်မှတ်ခြင်းနှင့် အဆောက်အအုံအမှတ်များ သတ်မှတ်ခြင်း၊

(ဍ) အများပြည်သူဆိုင်ရာလမ်းများ၊ တံတားများတွင် အတားအဆီးများ၊ မလွတ်မကင်း အန္တရာယ်ရှိသော အရာများနှင့် အဆောက်အအုံများမှ စွန်းထွက်သောအရာများကို ဖယ်ရှားစေခြင်းနှင့် ဖယ်ရှားခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဎ) အများပြည်သူဆိုင်ရာလမ်းများ ပြုပြင်ရန်အတွက်သော်လည်းကောင်း၊ အများပြည်သူ အကျိုးနှင့် အရေးကြီးသောကိစ္စများ အသုံးပြုရန်အတွက်သော်လည်းကောင်း၊ လမ်းကိုအချိန်ကာလ ကန့်သတ်၍ ပိတ်ထားမည့်အကြောင်း ကြိုတင်ကြေညာပြီး ခေတ္တ ပိတ်ထားခြင်း၊

(ဏ) အများပြည်သူဆိုင်ရာလမ်းများ အဆောက်အအုံများ၊ ဈေးများနှင့်လိုအပ်သော နေရာများတွင် လျှပ်စစ်မီး သို့မဟုတ် ဆိုလာမီးထွန်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အများပြည်သူသုံး ပုဂ္ဂလိကပိုင်လမ်းများတွင် လိုအပ်သောလျှပ်စစ်မီး သို့မဟုတ် ဆိုလာမီးထွန်းပေးစေခြင်း၊

(တ) မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်စေရန် အဆောက်အအုံများနှင့် ဝင်းခြံများကို သစ်ပင် ချုံပင်များ ရှင်းလင်းစေခြင်း၊ သန့်ရှင်းစေခြင်းနှင့် သပ်ရပ်သောဆေးရောင်များ

သုတ်စေခြင်း၊ ဝင်းခြံ မခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ ဟောင်းနွမ်းယိုယွင်းသည့် ဝင်းခြံကိုပြုပြင်စေခြင်း၊

(ထ) ပုဒ်မခွဲ(တ)အရ ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ပြီး ကုန်ကျစရိတ်ကိုပေးရန် ပိုင်ရှင် သို့မဟုတ် လက်ရှိ နေထိုင်သူထံတောင်းဆိုခြင်း။

## အခန်း(၁၃)
## ဈေးများစီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း

၆၃။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ဈေးများ၊ ဆိုင်များ၊ စားသောက်ဆိုင်များနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ကော်မတီပိုင်အဆင့်မြင့်ဈေးများတည်ဆောက်ခြင်း၊ အန္တရာယ်ရှိသော ဈေးဟောင်း များအား မူလဈေးသူဈေးသားများ နစ်နာမှုမရှိအောင်စီမံ၍ ဖျက်သိမ်းခြင်း၊ အသစ် တည်ဆောက်ခြင်း၊ အဆင့်မြင့်မွမ်းမံပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲ ခြင်းနှင့်ကြီးကြပ်ခြင်း၊

(ခ) ကိုယ်ပိုင်ဈေးများ လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်ရုပ်သိမ်းခြင်းနှင့်ကြီးကြပ်ခြင်း၊

(ဂ) ကော်မတီပိုင် ဆိုင်ခန်းများကို စည်းကမ်းချက်များသတ်မှတ်၍ အငှားချထားခြင်း၊ အငှားချထားခြင်းကိုရုပ်စဲခြင်း၊

(ဃ) လမ်းဘေးဈေးဆိုင်များ၊ အိမ်ဆိုင်၊ ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင်၊ ကုန်တိုက်၊ နံရံကပ်ဆိုင်၊ လှေကားခွင်တွင်ရောင်းချသည့်ဆိုင်၊ နေ့ဈေး၊ ညဈေးများ၊ လမ်းဘေးတွင် ကုန်စည်ခင်းကျင်း ရောင်းချခြင်း၊ ခင်းကျင်းပြသခြင်း၊ ယာဉ်ဖြင့်လှည့်လည်ရောင်း ချခြင်း၊ လက်ပွေ့ရောင်းချသူ၊ ခေါင်းရွက်ဗျက်ထိုးရောင်းချသူ၊ အခြားနည်းအမျိုးမျိုးဖြင့် ရောင်းဝယ်ဖောက်ကားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် စည်းကမ်းများသတ်မှတ် ခြင်း၊ စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ခြင်း၊

(င) ဈေးများတွင် ဈေးအကျိုးတော်ဆောင်အဖွဲ့များကို နည်းဥပဒေနှင့်ရေးဆွဲ၍ ဖွဲ့စည်းခြင်း နှင့်အညီ ကြီးကြပ်ခြင်း၊

(စ) ဈေးများတွင် သန့်ရှင်းစင်ကြယ်သောအခြေအနေရှိအောင်ဆောင်ရွက်ခြင်း၊

(ဆ) ဈေးများအတွင်း ရေပေးဝေရေးကိစ္စများ၊ ရေဆိုးမြောင်းများ၊ လျှပ်စစ်မီးသွယ်တန်းရေး ကိစ္စများ၊ အများသုံးသန့်စင်ခန်းများနှင့် လေဝင်လေထွက်ကိစ္စများ စနစ်တကျရှိစေရေး အတွက် စီမံခန့်ခွဲခြင်း၊

(ဇ) ကျူးကျော်ဈေးများကို ပယ်ဖျက်ခြင်း၊ ပိတ်သိမ်းခြင်း၊ စစ်ဆေးကြပ်မတ်ခြင်း၊ စီမံခန့်ခွဲခြင်း။

၆၄။ ကော်မတီသည် ဆိုင်ခန်းအငှားချထားခြင်းခံရသူက မိမိအားအငှားချထားသော ဆိုင်ခန်းကိုတစ်ဆင့် ရောင်းချခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ မူလဆိုင်ခန်း အငှားချထားခြင်းခံရသူကွယ်လွန်သဖြင့် မိသားစုဝင်များအား လွှဲပြောင်းခြင်းတို့နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း(၁၄)
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေး

၆၅။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သန့်ရှင်းရေးနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ပတ်ဝန်းကျင်အရည်အသွေး တိုးတက်ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေးအတွက် ထိန်းသိမ်းရေးနှင့် ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ခ) မြို့တော်သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပေါင်းမြက်သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်း၊

(ဂ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် သစ်ပင်၊ ချုံပင်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကိုမြေဖို့စေခြင်း၊ ထိုသို့ဆောင်ရွက်ရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ကော်မတီ၏အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ပြီး ကုန်ကျစရိတ်ကိုပေးဆောင်စေခြင်း၊

(ဃ) အများပြည်သူနှင့်သက်ဆိုင်သော ရေမြောင်းငယ်များတွင် စွန့်ပစ်ရေများ၊ အညစ်အကြေးရေများအား မြောင်းမကြီးမှတဆင့် ကောင်းမွန်စွာစီးဆင်းစေရန် ရေမြောင်းများကို ဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းစေရန် ဆေးကြောရှင်းလင်းခြင်း၊

(င) အမှိုက်များ၊ စွန့်ပစ်ပစ္စည်းများ၊ အညစ်အကြေးများနှင့် စက်ဆုပ်ဖွယ်အရာများကိုသိမ်းဆည်း သယ်ယူစွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်း၊ ပြန်လည်ပြုပြင်သန့်စင်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အဆိုပါလုပ်ငန်းများအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့်ညှိနှိုင်းသဘောတူပြီး စည်းကမ်းချက်များသတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုခြင်း သို့မဟုတ် ကန်ထရိုက်စနစ်ဖြင့်ဖြစ်စေ၊ လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ၊ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

( စ ) အမှိုက်များနှင့်နံစော်နေသော အရာဝတ္ထုပစ္စည်းများကို စွန့်ပစ်ခြင်းမပြုမိစေရန်ဆောင်း၍ ထည့် ထားရန်သင့်လျော်သော အမှိုက်ပုံးများကို လုံလောက်စွာထားရှိစေခြင်း၊

(ဆ) တည်းခိုခန်း၊ ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံတို့ကို ကျန်းမာ ရေး၊ သန့်ရှင်းရေးနှင့် မီးဘေးလုံခြုံရေးတို့ ညီညွတ်စေရန်ဆောင်ရွက်စေခြင်း၊

( ဇ ) အများပြည်သူပျော်ပွဲရွှင်ပွဲအတွက်အသုံးပြုသည့် အဆောက်အအုံများနှင့် ဖြေဖျော်ရေး ခန်းမများကို ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် ညီညွတ်စေရန် စီမံဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဈ) အများပြည်သူဆိုင်ရာလမ်းများနှင့် နေရာများတွင် အများပြည်သူသုံး ရေဆွဲအိမ်သာ များ ဆောက်လုပ်ထားရှိခြင်း၊ ထိန်းသိမ်းခြင်း၊ သန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက် ခြင်းနှင့် အဆိုပါ လုပ်ငန်းများအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်း သဘောတူပြီး စည်းကမ်းချက်များသတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုခြင်း သို့မဟုတ် ကန်ထရိုက်စနစ်ဖြင့်ဖြစ်စေ၊ လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ တိုးချဲ့လုပ်ကိုင် ဆောင်ရွက်ခွင့်ပြုခြင်း၊

(ည) ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်အမှိုက်များနှင့် အီလက်ထရောနစ် စွန့်ပစ်အမှိုက် များကို စီမံခန့်ခွဲမှုဆောင်ရွက်ခြင်း၊

( ဋ ) စွန့်ပစ်တိရစ္ဆာန်အသေများနှင့်ပတ်သက်၍ စီမံဆောင်ရွက်ခြင်း၊

( ဌ ) မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် နောက်ဖေးလမ်းကြား များ၌ အမှိုက်များလုံးဝ မစွန့်ပစ်စေရေး၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန် စေရေးကို စီမံဆောင်ရွက်ခြင်းနှင့်ကြီးကြပ်ခြင်း။

## အခန်း(၁၅)
## ပြည်သူ့ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး

၆၆။ ကော်မတီသည် ပြည်သူ့ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရမည်-

(က) ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းနှင့်ညှိနှိုင်း၍ ပူးပေါင်း ဆောင်ရွက်ခြင်း၊

( ခ ) ကူးစက်ရောဂါများကျရောက်စေတတ်သည့် ကြွက်၊ ခြင်၊ ယင်နှင့်အခြားပိုးမွှားတိရစ္ဆာန် များကို သုတ်သင်ရှင်းလင်းရေးအတွက် အစီအမံများချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) စားသုံးရန်မသင့်လျော်သော အစားအသောက်များနှင့် အရည်အသွေးညံ့ဖျင်းအောင် ရောစပ်ထားသော အစားအသောက်များကိုထုတ်လုပ်၊ဖြန့်ဖြူး၊ ရောင်းချ၊ ခင်းကျင်းခြင်း ကိုတားမြစ်ခြင်း၊ စားသောက်ကုန်များတွင် ခွင့်မပြုသော ဓါတုဆိုးဆေးများပါဝင်မှု ရှိ/မရှိနှင့် အရည်အသွေးစစ်ဆေးခြင်းကို ကော်မတီရှိ ဓါတ်ခွဲခန်းတွင် စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊

(ဃ) အစားအသောက်များ ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် သက်ဆိုင်ရာအစား အသောက်နှင့် ဆေးဝါးများကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာနေရာများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်း နှင့် အရေးယူဆောင်ရွက်ခြင်း၊

(င) အစားအသောက်ဆိုင်ရာလုပ်ငန်းများ၊ မုန့်ဖိုများနှင့် စားသောက်ဆိုင်များအပါအဝင် စက်မှုလုပ်ငန်း၊ လက်မှုလုပ်ငန်းနှင့် အိမ်တွင်းမှုလုပ်ငန်းစသည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ စည်းကမ်းများသတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း။

၆၇။ ကော်မတီသည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများနှင့် စက်ရုံ၊ အလုပ်ရုံများတည်ထောင်ခွင့်၊ နေရာ ရွှေ့ပြောင်းခွင့်၊ လုပ်ငန်းခွင်နေရာ အတိုင်းအတာတိုးချဲ့ခွင့်၊ ပြင်ဆင်ခွင့်ပြုရန် လျှောက်ထားချက်ကိုစိစစ်ပြီး စည်းကမ်းများသတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ ယင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းမျဉ်းများ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) အန္တရာယ်ရှိစေနိုင်သော ပစ္စည်းများ၊ မီးလောင်လွယ်သော ပစ္စည်းများ၊ လောင်စာ များစသည်တို့ကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သယ်ယူခြင်း၊ ရောင်းချ ခြင်းတို့နှင့် စပ်လျဉ်း၍ စည်းမျဉ်းများသတ်မှတ်ခြင်း၊

(ဂ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိ လာလျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် လုပ်ငန်းနေရာကို အသုံးမပြုဘဲ နေစေခြင်း သို့မဟုတ် ပြင်ဆင်စီမံဆောင်ရွက်စေခြင်း၊

(ဃ) လုပ်ငန်းခွင်သုံးပစ္စည်းများ၊ ဇီဝပစ္စည်းများနှင့် ဓါတုပစ္စည်းများကို အချိန်ကြာမြင့်စွာ ကိုင်တွယ်ထိတွေ့ အသုံးပြုမှုကြောင့် ကျန်းမာရေးအန္တရာယ်ထိခိုက်နိုင်သည့် လုပ်ငန်း များအား ကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ရန်၊ တားမြစ် ပိတ်ပင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ပူးပေါင်း ဆောင်ရွက်ခြင်း။

၆၈။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း လုပ်ငန်းတစ်ရပ်ရပ်ကို ပတ်ဝန်းကျင်မှ ကန့်ကွက်မှုများ ရှိလာပါက ယင်းလုပ်ငန်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်အန္တရာယ်များ ရှိ/မရှိ လုံလောက်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီးနောက် လုပ်ငန်းကိုလုပ်ကိုင်ခွင့်ပြုနိုင်သည်၊ သို့မဟုတ် ငြင်းပယ်နိုင်သည်။

## အခန်း(၁၆)

## ရေပေးရေးလုပ်ငန်းများနှင့် မိလ္လာသန့်စင်ရေးလုပ်ငန်းများ

၆၉။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း ရေပေးရေးလုပ်ငန်းများနှင့် မိလ္လာသန့်စင်ရေး လုပ်ငန်းများအတွက် အောက်ပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည် -

(က) အများပြည်သူများ သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာရရှိရေးအတွက် ရေပေးရေး လုပ်ငန်းများကို စီမံဆောင်ရွက်ခြင်း၊

(ခ) ရေတိုးချဲ့ပေးဝေနိုင်ရေးအတွက် ရေအရင်းအမြစ်အသစ်များရှာဖွေသတ်မှတ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ရေကန်များ၊ ရေလှောင်ကန်များ၊ စင်မြင့်ရေလှောင်ကန်များ၊ စက်ရေတွင်းများတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊

(ဂ) ရေလွှဲရေပို့ပိုက်မကြီးများ၊ ရေပိုက်လိုင်းများ ဆက်သွယ်တပ်ဆင်ခြင်း၊ ရေတွန်းစက်၊ ရေပို့ စက်များတပ်ဆင်အသုံးပြုခြင်း၊ ယင်းတို့ကို ပြုပြင်ထိန်းသိမ်းခြင်း၊

(ဃ) ရေပိုက်လိုင်းများမှ သောက်သုံးရေကို ခွင့်ပြုချက်ဖြင့် နေအိမ်၊ အဆောက်အအုံ အတွင်းသို့ ရေသွယ်ပိုက်ဖြင့် ဆက်သွယ်အသုံးပြုခွင့်ပေးခြင်း၊ သုံးစွဲခွင့်ပြုခြင်း၊

(င) ရေပေးသွင်းရန် စီမံထားရှိသော ရေကန်များနှင့် ရေလှောင်ကန်များတွင် ရေချိုးခြင်း၊ လျှော်ဖွပ်ခြင်း၊ ရေဆေးကြောခြင်း သို့မဟုတ် ရေကိုတစ်နည်းနည်းဖြင့် ညစ်ညမ်းစေအောင် မပြုလုပ်ရန်တားမြစ်ခြင်း၊

(စ) ကျန်းမာရေးနှင့် မညီညွတ်ကြောင်း တွေ့ရှိရသည့် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းတို့ကို ပိတ်ပင်တားမြစ်ခြင်း၊

(ဆ) မိလ္လာလုပ်ငန်းနှင့် ရေဆိုးသန့်စင်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်ခြင်း၊

(ဇ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေတို့တွင်ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်စသည်တို့ကို စီမံထားရှိစေခြင်း၊

(ဈ) စက်ရုံ၊ အလုပ်ရုံများမှ စွန့်ပစ်သည့်ရေဆိုးရေညစ်များကို လူနေရပ်ကွက်များ၊ လူအများ အသုံးပြုသော ချောင်း၊ ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ ရေပိုက်များ၊ တိရစ္ဆာန်များ သောက်သုံးသည့်ရေကန်နှင့်ရေမြောင်းများ၊ စိုက်ခင်းများသို့ မရောက်ရှိစေရန် တားမြစ်ခြင်း၊

(ည) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ ပြုလုပ်ထားသည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း၊

(ဋ) အများပြည်သူအကျိုးငှာ မိလ္လာပိုက် သို့မဟုတ် ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် ဆက်စပ်နေသော မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် သက်ဆိုင်ရာမြေပိုင်ရှင်က ဆောင်ရွက် ခွင့်ပြုစေခြင်း၊

(ဌ) မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏ မြေကိုဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင် နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် ကော်မတီကသတ်မှတ်သည့် တန်ဖိုးငွေကို မိလ္လာပိုက်၊ ရေပိုက်ဆက်သွယ်သူက နစ်နာသူအားပေးစေခြင်း၊

(ဍ) သောက်သုံးရေ၊ စွန့်ပစ်ရေဆိုးနှင့်မိလ္လာအရည်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပြဋ္ဌာန်းထားသော စံချိန်စံညွှန်း များနှင့်အညီစီမံဆောင်ရွက်ခြင်း၊

(ဎ) ရေပေးဝေရေးလုပ်ငန်း၊ မိလ္လာသန့်စင်ရေးလုပ်ငန်းနှင့် ရေဆိုးသန့်စင်ရေးလုပ်ငန်းများ အတွက် လိုအပ်သောမြေနေရာများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ပိုက်လိုင်းဆက်သွယ်တပ်ဆင်ရေးပစ္စည်းကိရိယာများဝယ်ယူခြင်း၊ ငှားရမ်းသုံးစွဲခြင်း သို့မဟုတ် ယင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည့်မြေများအား ဤဥပဒေအခန်း (၁၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီစီမံခန့်ခွဲခြင်း၊

(ဏ) ရေပေးသွင်းရန် စီမံထားရှိသောရေကန်များ၊ရေလှောင်ကန်များ၊ရေပေးသွင်းရေးဆိုင်ရာ အဆောက်အအုံများ၊ ရေပိုက်လိုင်းများနှင့် မိလ္လာကန်များ၊မိလ္လာကန်ငယ်များ၊ မိလ္လာပိုက်လိုင်းများအား ဝင်ရောက်စစ်ဆေးခြင်း၊

(တ) ရေအရင်းအမြစ်ရရှိရေးနှင့် ရေပေးသွင်းရေးလုပ်ငန်းများ၊ မိလ္လာသန့်စင်ရေးလုပ်ငန်းများအတွက် မည်သည့်ပုဂ္ဂိုလ်၊မည်သည့်ပြည်တွင်းပြည်ပအဖွဲ့အစည်းနှင့်မဆို ညှိနှိုင်းသဘောတူပြီး စည်းကမ်းချက်များသတ်မှတ်၍ လုပ်ကိုင်ခွင့်ပြုခြင်း သို့မဟုတ် ကန်ထရိုက်စနစ်ဖြင့်ဖြစ်စေ၊ လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ၊ ဈေးငွေဖြင့်ဖြစ်စေ၊ ကူညီထောက်ပံ့ငွေဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(ထ) ရေပေးသွင်းရန်စီမံထားရှိသော ရေကန်များ၊ရေလှောင်ကန်များ၊ ရေပေးသွင်းရေးဆိုင်ရာ အဆောက်အအုံများ၊ရေပိုက်လိုင်းများနှင့် မိလ္လာကန်များ၊မိလ္လာကန်ငယ်များ၊ မိလ္လာပြွန်၊ မိလ္လာပိုက်လိုင်းများအား ထိခိုက်စေသော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေသော အဆောက်အအုံများ ဆောက်လုပ်ခြင်း သို့မဟုတ်ပစ္စည်းများထားရှိခြင်းကို တားမြစ်ခြင်း၊

(ဒ) ရေပေးဝေရေးလုပ်ငန်း၊မိလ္လာသန့်စင်ရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် အဆောက်အအုံ၊ ပိုက်လိုင်းနှင့် ဆက်စပ်ဧရိယာအဝန်းအဝိုင်း သတ်မှတ်ဧရိယာအတွင်း ယာယီဖြစ်စေ၊ အမြဲတမ်းနေထိုင်ရန်ဖြစ်စေ၊ ကျူးကျော်ဝင်ရောက်နေထိုင်မှုမရှိရေးအတွက် ကြပ်မတ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း။

## အခန်း (၁၇)
## တိရစ္ဆာန်များမွေးမြူခြင်း၊ ရောင်းချခြင်း၊ အသားထုတ်လုပ်ခြင်း၊ ပြုပြင်ဖြန့်ဖြူးခြင်း၊ တိရစ္ဆာန်များသတ်ဖြတ်ခြင်း၊ သားငါးများရောင်းချခြင်းနှင့် ပြည်သူ့ကျန်းမာရေးအား အန္တရာယ်ဖြစ်စေသည့် တိရစ္ဆာန်များ သုတ်သင်ရှင်းလင်းခြင်းကို စီမံခန့်ခွဲခြင်း

၇၀။ ကော်မတီသည်-

(က) အများပြည်သူစားသုံးရန် မွေးမြူထားသော တိရစ္ဆာန်များ၊အိမ်မွေးတိရစ္ဆာန်များ ကျန်းမာရေး၊ ကူးစက်ရောဂါကာကွယ်ရေးနှင့် တိရစ္ဆာန်များမှလူများသို့ ကူးစက်ရောဂါမဖြစ်ပွားစေရေး အတွက်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို သီးခြားအစီအစဉ်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍လည်းကောင်းဆောင်ရွက်ခြင်း၊

(ခ) ကျွဲ၊ နွားတိရစ္ဆာန်နှင့် အိမ်မွေးတိရစ္ဆာန်များ မွေးမြူခြင်း၊ သိုလှောင်ရောင်းချခြင်း၊ ကျွဲ၊ နွားပွဲဈေးများ တည်ထောင်ခြင်းတို့ကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) ကျွဲ၊ နွား တိရစ္ဆာန်နှင့် အိမ်မွေးတိရစ္ဆာန်များကို ထိန်းကျောင်းခြင်း၊ စီးနင်းခြင်း၊ မြို့တော်နယ်နိမိတ်အတွင်း သယ်ဆောင်ခြင်းတို့ကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းအရေးယူခြင်း၊

(ဃ) အများပြည်သူစားသုံးရန်အလို့ငှာ သင့်လျော်သည့်နေရာတွင် အသားထုတ်လုပ်ခြင်းနှင့် အသားပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် အသားထုတ်လုပ်ရုံများ တည်ထောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(င) ကျွဲ၊နွား၊မြင်း၊သိုး၊ဆိတ်၊ဝက်၊ကြက်၊ဘဲ စသည်တိရစ္ဆာန်များတို့ကို အများပြည်သူစားသုံးရန်အလို့ငှာ ပုဒ်မခွဲ (ဃ) အရ တည်ထောင်ထားသည့် အသားထုတ်လုပ်ရုံများတွင် စည်းကမ်းများနှင့်အညီ ထုတ်လုပ်ခြင်း၊ပြုပြင်ခြင်း၊ ဖြန့်ဖြူးခြင်း၊သယ်ဆောင်ခြင်း၊ သတ်မှတ်ထားသည့်နေရာတွင် စည်းကမ်းများနှင့်အညီ သားငါးများရောင်းချရန်ခွင့်ပြုခြင်း၊ ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်၊ သိုလှောင်၊ သယ်ဆောင်၊ ရောင်းချခြင်းကို စစ်ဆေးအရေးယူဆောင်ရွက်ခြင်း၊

(စ) ရောဂါစွဲကပ်နေသည့် မည်သည့်တိရစ္ဆာန်ကိုမဆို သင့်လျော်သည့်နည်းလမ်းဖြင့် ဖယ်ရှားရှင်းလင်းခြင်း၊ ၎င်းတိရစ္ဆာန်များအား စားသုံးခြင်း၊ ရောင်းချခြင်းမပြုရန် စစ်ဆေးအရေးယူခြင်း၊

(ဆ) စားသုံးရန် မသင့်သော သားငါးများ ရောင်းချခြင်း၊ ရောင်းချရန် ခင်းကျင်းခြင်းမပြုရန် စစ်ဆေးအရေးယူခြင်း၊

(ဇ) ပြည်သူ့ကျန်းမာရေးကို အန္တရာယ်ဖြစ်စေသည့် ခွေးလေခွေးလွင့်၊ ကြွက်၊ ကျီးနှင့် ရောဂါပိုး သယ်ဆောင်တတ်သည့် အခြားတိရစ္ဆာန်များကို သင့်လျော်သည့် နည်းလမ်းဖြင့် သုတ်သင်ရှင်းလင်းခြင်း။

၇၁။ မြို့တော်နယ်နိမိတ်အတွင်း အများပြည်သူစားသုံးရန်မှအပ ဘာသာရေးနှင့် အခြားကိစ္စရပ်များအတွက် ကျွဲ၊ နွားတိရစ္ဆာန်များ သတ်ဖြတ်ခွင့် အမိန့်ရရှိသူကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် ကြီးကြပ်ရမည်။

၇၂။ ကော်မတီသည် ကျွဲ၊ နွားများ အသားထုတ်လုပ်ခွင့်ပြုရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွားများ ပြုန်းတီးမှုမရှိစေရန် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၇၃။ ပုဒ်မ ၇၀(ဃ)၊ (င) နှင့် ပုဒ်မ ၇၁ ပါ ခွင့်ပြုချက်ရရှိသူကိုသာလျှင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်များကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့် သားရေကို လယ်ဝယ်ထားခြင်းနှင့် အခြားတိရစ္ဆာန်များကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းတို့ကို ခွင့်ပြုနိုင်သည်။

## အခန်း(၁၈)
## အခွန်အခစည်းကြပ်ကောက်ခံခြင်း

၇၄။ ကော်မတီသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အောက်ဖော်ပြပါ အခွန်အခ အမျိုးအစားနှင့် နှုန်းထားများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ခြင်းနှင့် လိုအပ်ပါက ပြင်ဆင်သတ်မှတ်ခြင်းပြုနိုင်သည်-

(က) မြေခွန်၊ မြေခ၊ အိမ်ခွန်နှင့် ပစ္စည်းခွန်များ၊

(ခ) ရေခွန်၊ ရေဖိုး၊ ရေခ၊ မိလ္လာအခွန်၊ မိလ္လာအခ၊ အမှိုက်နှင့် အညစ်အကြေးခွန်၊ အများသုံး အိမ်သာခွန်စသည့် သန့်ရှင်းရေးအခွန်အခများ၊ မီးခွန်နှင့် အထွေထွေခွန်များ၊

(ဂ) ဈေးခွန်၊ ဆိုင်ခွန်၊ ဆိုင်ခ၊ ဈေးခနှင့် ဈေးကောက်များ၊

(ဃ) ကုန်းတို့ခွန်နှင့် ပွဲရုံခွန်များ၊

(င) မြို့တော်နယ်နိမိတ်အတွင်း မောင်းနှင်သွားလာသော ယာဉ်များ၊ရပ်နားသောယာဉ်များ၊ မြို့တော်နယ်နိမိတ်ပြင်ပမှ ဝင်ရောက်ရပ်နားသော ယာဉ်များအပေါ် ကောက်ခံသည့်

ရပ်နားခ၊ ဘီးခွန်၊ ညအိပ်ခွန်၊ မြို့ဝင်ကြေး၊ ယာဉ်တန်ပိုကြေး၊ ဘီးကောက်အခ၊ လမ်းအသုံးပြုခနှင့်ယာဉ်ရပ်နားခများ၊

(စ) အိမ်မွေးတိရစ္ဆာန်နှင့် လူစီးတိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(ဆ) လုပ်ငန်းလိုင်စင်ခ၊ အငှားယာဉ်မှတ်ပုံတင်ကြေး၊ အငှားယာဉ်မောင်းလိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် ပါမစ်ခများ၊

(ဇ) ဝန်ဆောင်ခများ၊

(ဈ) စီမံခန့်ခွဲရေးပြစ်ဒဏ်အဖြစ်ချမှတ်သော ဒဏ်ကြေးများ၊

(ည) ဤဥပဒေနှင့် နည်းဥပဒေများအရ ခွင့်ပြုသတ်မှတ်သည့် စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များ။

၇၅။ ကော်မတီသည် -

(က) မြို့တော်အင်္ဂါရပ်နှင့်အညီ မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးမှု စီမံကိန်းအောင်မြင်ရေး၊ စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် အလို့ငှာအခွန်အခများ စည်းကြပ်ကောက်ခံရမည်။

(ခ) အဆောက်အအုံနှင့် မြေခွန်တို့ကို စည်းကြပ်ရာတွင် မြေနှင့် အဆောက်အအုံ၏ နှစ်စဉ်စံငှားရမ်းခတန်ဖိုးအပေါ် နည်းဥပဒေတစ်ရပ်ရပ်တွင် သတ်မှတ်ထားသည့်အတိုင်း အခွန်အခ စည်းကြပ်ကောက်ခံရမည်။

(ဂ) မြေနှင့် အဆောက်အအုံများတွင် စီးပွားရေးလုပ်ငန်းအလို့ငှာ စက်ယန္တရား သို့မဟုတ် စက်မှု ကိရိယာများတပ်ဆင်ထားပါက ယင်းတို့ကိုနှစ်စဉ်စံငှားရမ်းခတန်ဖိုး သတ်မှတ်ရာ၌ ထည့်သွင်းတွက်ချက်ရမည်။

(ဃ) ဝန်ဆောင်ခများစည်းကြပ်ရာတွင် ဝင်ငွေနှင့် အသုံးစရိတ်မျှတစေရန် စည်းကြပ်ကောက်ခံရမည်။

(င) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က မြို့တော်နယ်နိမိတ်အတွင်း နှစ်စဉ်ရရှိသော အရပ်ရပ်ဝင်ငွေ စုစုပေါင်း၏ ၅ ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ပစ္စည်းခွန်အဖြစ် စည်းကြပ်ရမည်။

(စ) အစိုးရဌာန၊ အဖွဲ့အစည်းပိုင်မြေနှင့် အဆောက်အအုံအပေါ်တွင် အခွန်အခစည်းကြပ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး စည်းကြပ်ကောက်ခံရမည်။

၇၆။ ကော်မတီသည် အောက်ပါတို့မှစည်းကြပ်ထိုက်သော အခွန်အခများကို ကော်မတီက သတ်မှတ်သော မြန်မာကျပ်ငွေဖြင့် ကောက်ခံရယူနိုင်သည်-

(က) မည်သူ့ကိုမဆို နိုင်ငံခြားငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသားထံမှ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ ငှားရမ်းခယူ၍ အငှားချထားသော လူနေအိမ်၊ အခန်း၊ ဘော်ဒါဆောင်နှင့် အခြား အဆောက်အအုံများ၊

(ခ) နိုင်ငံခြားငွေဖြင့် အခကြေးငွေရယူသော ဟိုတယ်၊ မိုတယ်၊ အင်း၊ ဧည့်ဂေဟာနှင့် တည်းခိုရိပ်သာများ၊

(ဂ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ။

၇၇။ အခွန်အခကြွေးကျန်တို့နှင့်စပ်လျဉ်း၍ အခွန်အခကြွေးကျန်များကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံနိုင်သည်။

၇၈။ ကော်မတီသည်-

(က) မြို့တော်နယ်နိမိတ်အတွင်း အများပြည်သူအကျိုးအတွက် အသုံးပြုသော သို့မဟုတ် ဘာသာရေးအတွက် အသုံးပြုသောမြေနှင့် အဆောက်အအုံများပေါ်တွင်ဖြစ်စေ၊ လုပ်ငန်းတစ်ရပ်ရပ်အတွက်ဖြစ်စေ၊ အခွန်အခစည်းကြပ်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အခွန်အခလျှော့ပေါ့၍ စည်းကြပ်ခြင်းပြုနိုင်သည်။

(ခ) မြို့တော်နယ်နိမိတ်အတွင်းတရားရုံး၏ အမိန့်အရ လူမွဲစာရင်းခံယူထားသူများအပေါ်တွင် စည်းကြပ်အခွန်အခများကို ၎င်းတို့တင်ပြမှုအပေါ်စိစစ်၍ လျှော့ပေးခြင်း သို့မဟုတ် ခေတ္တပယ်ဖျက်ခြင်း ဆောင်ရွက်နိုင်သည်။

## အခန်း(၁၉)
## ဘဏ္ဍာရေးနှင့် ရန်ပုံငွေထိန်းသိမ်းခြင်း

၇၉။ ကော်မတီသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ပြီး မိမိရန်ပုံငွေဖြင့်ရပ်တည်ရမည်။ လိုအပ်ပါကဖြည့်ဆည်းလိုသော ရန်ပုံငွေအတွက် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရခွင့်ပြုထားသည့်အတိုင်း အစိုးရအဖွဲ့ထံမှ အထောက်အပံ့၊ ချေးငွေရယူနိုင်သည်။ မိမိ၏ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း တာဝန်ယူရမည်။

(ခ) ရန်ပုံငွေကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခွင့်ပြုသည့် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် အောက်ပါရငွေများနှင့် ရပ်တည်နိုင်သည်-

(၁) ဥပဒေအရ စည်းကြပ်ကောက်ခံရရှိသည့် အခွန်၊ အခများ၊ စီမံခန့်ခွဲမှု ဒဏ်ကြေးနှင့် တရားရုံးငွေဒဏ်များ၊

(၂) စည်ပင်သာယာရေးလုပ်ငန်းမှရရှိသည့် ငှားရမ်းခ၊ ဝန်ဆောင်ခ၊ ပစ္စည်းများရောင်းရငွေနှင့် အခြားနည်းလမ်းဖြင့် ရရှိသည့်ငွေများ၊

(၃) ကော်မတီပိုင်လမ်းများပေါ်တွင် ပြေးဆွဲနေသော ယာဉ်များပေါ်မှ စည်းကြပ်ကောက်ခံရရှိသည့် ဝင်ငွေများ၊

(၄) လုပ်ငန်းလိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခ၊ ခွင့်ပြုချက်ပေးသည့်အခ၊ မှတ်ပုံတင်ခနှင့် လုပ်ငန်းဆိုင်ရာ အခွန်အခများ၊

(၅) မတည်ပစ္စည်းများ ရောင်းချရငွေနှင့် မတည်အသုံးစရိတ်မှ ငွေပင်ငွေရင်းများပြန်လည်ရရှိခြင်းများ၊

(၆) အစိုးရအဖွဲ့က ထောက်ပံ့ငွေများ၊

(၇) ရန်ပုံငွေမှ ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်သောလုပ်ငန်းများမှ ရရှိသောဝင်ငွေများနှင့်အကျိုး အမြတ်များ၊

(၈) ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ကော်မတီနယ်နိမိတ်အတွင်းရှိ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနအသီးသီးက ပေးသွင်းသည့် ဝင်ငွေခွန်ဝေစုများ၊

(၉) ကော်မတီနယ်နိမိတ်အတွင်းရှိ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းသည့်စာချုပ်စာတမ်းများချုပ်ဆိုရာတွင် ထမ်းဆောင်သည့် အခွန်တံဆိပ်ခေါင်းတန်ဖိုးနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ရာခိုင်နှုန်းအရ သက်ဆိုင်ရာဌာနကလွှဲပြောင်းပေးသောငွေများ၊

(၁၀) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က နှစ်စဉ်ရရှိသော အရပ်ရပ်ဝင်ငွေစုစုပေါင်း၏ သတ်မှတ်ထားသော ရာခိုင်နှုန်းအရ လွှဲပြောင်းပေးသောငွေများ၊

(၁၁) ပြည်တွင်းပြည်ပမှ လှူဒါန်းထောက်ပံ့ငွေများနှင့်ပစ္စည်းများ၊

(၁၂) အဆောက်အအုံများငှားရမ်း၍ဖြစ်စေ၊ မြေများငှားရမ်း၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရရှိသည့် နိုင်ငံခြားငွေများ။

(ဂ) နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုငွေ ပေါ်ပေါက်ရန်ရှိပါက အစိုးရအဖွဲ့ထံမှဖြစ်စေ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများထံမှဖြစ်စေ၊ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မိမိတာဝန်ဖြင့် ငွေချေးယူခြင်းနှင့် အထောက်အပံ့များရယူခြင်းကို ပြုနိုင်သည်။

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လိုအပ်ပါကမိမိ၏တာဝန်ဖြင့် ဒီဘင်ချာ (Debenture)ငွေချေးစာချုပ်များနှင့်အစိုးရအာမခံငွေချေးစာချုပ်များ ထုတ်ဝေနိုင်သည်။

၈၀။ ကော်မတီသည်-

(က) နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲပြီး အစိုးရအဖွဲ့သို့ တင်ပြရမည်။

(ခ) တိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ အတည်ပြုထားသော ရသုံးမှန်းခြေငွေစာရင်းနှင့်အညီသာ ကောက်ခံသုံးစွဲနိုင်ခွင့်ရှိသည်။

(ဂ) မြို့တော်နယ်နိမိတ်ပြင်ပရှိ လုပ်ငန်းကိစ္စတစ်ခုခုအတွက် အများပြည်သူအကျိုးငှာ အမှန်တကယ်သုံးစွဲရန် လိုအပ်သည့်ကိစ္စများတွင် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ရန်ပုံငွေမှ သုံးစွဲနိုင်သည်။

(ဃ) တိုင်းဒေသကြီးရန်ပုံငွေအစီအစဉ်ဖြင့် ဘဏ်စာရင်းဖွင့်လှစ်၍ ဆောင်ရွက်ရမည်။ ကော်မတီ၏ ရငွေများအားလုံးကို ထိုဘဏ်စာရင်းသို့ ပေးသွင်းပြီး အသုံးစရိတ်များကိုလည်းနှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းပါ ခွင့်ပြုချက်အတိုင်း သုံးစွဲရမည်။

(င) ရရှိသော နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိပြီး ထိုဘဏ်စာရင်းသို့ ပေးသွင်းရမည်။နှစ်စဉ်ရရှိသော နိုင်ငံခြားသုံးငွေများကို ကျပ်ငွေဖြင့် လဲလှယ်၍ ကော်မတီရန်ပုံငွေသို့ ပေးသွင်းရမည်။

(စ) အထူးစီမံကိန်းကြီးများဆောင်ရွက်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် မိမိရန်ပုံငွေဖြင့် ကျခံသုံးစွဲနိုင်စွမ်းမရှိသည့်ကိစ္စရပ်များတွင် ပြည်ထောင်စုအစိုးရ၏ ထောက်ပံ့ငွေကို တောင်းခံပေးရန်အတွက် အစိုးရအဖွဲ့ထံ တင်ပြခွင့်ရှိသည်။

၈၁။ ကော်မတီသည် ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေအတွင်းမှ ဆောင်ရွက်မည့် အင်ဂျင်နီယာလုပ်ငန်းများနှင့် ဌာနအသီးသီးမှဆောင်ရွက်သောလုပ်ငန်းများကို ငွေကြေး၊ ပစ္စည်း၊ လုပ်အားလေလွင့်မှုမရှိစေရေး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေး၊ ကော်မတီ၏ဝင်ငွေတိုးတက်ရရှိစေရေးတို့အတွက် အောက်ပါအတိုင်း ဆောင်ရွက်ခြင်း၊ ပုံမှန်စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်-

(က) အင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးပစ္စည်းနှင့် လုပ်ခဒေသဆိုင်ရာဈေးနှုန်းများကို အခါအားလျော်စွာ စိစစ်သတ်မှတ်ခြင်းနှင့် ခန့်မှန်းခြေစာရင်းပြုစုထားရှိခြင်း၊

(ခ) အင်ဂျင်နီယာလုပ်ငန်းဆောင်ရွက်မှုများကို အစ၊ အလယ်၊ အဆုံးစစ်ဆေး၍ လုပ်ငန်းပြီးစီးမှုတန်ဖိုးများ သတ်မှတ်ခြင်း၊

(ဂ) ဌာန၊ရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုများမှာ လုပ်ထုံးလုပ်နည်းနှင့် ကွဲလွဲခြင်း၊ ပစ္စည်းနှင့်လုပ်အားခများ၊ ဝင်ငွေများလျော့နည်းမှုနှင့် အလွဲသုံးစားမှုများရှိ၊ မရှိပုံမှန်စစ်ဆေးခြင်း၊

(ဃ) နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့် နေ့တွင်ရှိသည့် ကော်မတီ၏ ပုံသေပိုင်ပစ္စည်းများစာရင်းနှင့် ပစ္စည်းလက်ကျန်၊ ငွေသားလက်ကျန်များကို စစ်ဆေးခြင်း။

၈၂။ ရုံးအကြီးအမှူးနှင့်သက်ဆိုင်ရာဌာနမှူးတို့သည်-

(က) ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက သတ်မှတ်ထားသော ဦးစီးဌာနများ၏ အခြေခံစာရင်းပြုဌာနများအတွက် ငွေစာရင်းထိန်းသိမ်းရေးနည်းလမ်း ညွှန်ကြားချက်နှင့်အညီ ရန်ပုံငွေစာရင်းများကို ပြုစုထိန်းသိမ်းထားရှိရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပြုစုထိန်းသိမ်းထားရှိသည့် စာရင်းဇယားများ၊ဘဏ္ဍာရေးဆိုင်ရာ နှစ်ချုပ်စာရင်းများနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးခြင်း ကိုခံယူရမည်။

၈၃။ ကော်မတီသည် နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သတ်မှတ်ထားသည့် ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုစုရေးဆွဲထားသည့် ဘဏ္ဍာရေးဆိုင်ရာနှစ်ချုပ်စာရင်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးက စစ်ဆေးပြီးသည့်အခါ နှစ်ချုပ်စာရင်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကိုအစိုးရအဖွဲ့သို့ သတ်မှတ်ထားသော အချိန်ကာလအတွင်း တင်ပြအစီရင်ခံရမည်။

## အခန်း(၂၀)
## ဝန်ထမ်းဖွဲ့စည်းပုံ

၈၄။ ဤဥပဒေ အာဏာမတည်မီက ဖွဲ့စည်းထားရှိသည့် ဝန်ထမ်းဖွဲ့စည်းပုံများကို ဤဥပဒေအရ ဖွဲ့စည်းသည့် ဝန်ထမ်းဖွဲ့စည်းပုံများဟု ဆက်လက်မှတ်ယူရမည်။

၈၅။ ကော်မတီသည်-

(က) လုပ်ငန်းလိုအပ်ချက်အရ ဝန်ထမ်းဖွဲ့စည်းပုံကို တိုးချဲ့၊ ပြင်ဆင်ရန်လိုအပ်ပါက အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ခ) ဝန်ထမ်းအဖွဲ့တွင် ကော်မတီလုပ်ငန်းများကို အထောက်အကူပြုသည့် အောက်ဖော်ပြပါ ဝန်ထမ်းများကိုလည်း သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းပြီး ဖွဲ့စည်းပုံတွင် ထည့်သွင်း နိုင်သည်-

(၁) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်း တာဝန်များ ဆောင်ရွက်သောဝန်ထမ်းများ၊

(၂) မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းတာဝန်ကို ဆောင်ရွက်သော ဝန်ထမ်း များ၊

(၃) လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းသည့် လုပ်ငန်းတာဝန်ကို ဆောင်ရွက်သော စည်ပင်သာယာရေးရဲတပ်ဖွဲ့ဝင်များနှင့်အခြားဝန်ထမ်းများ။

၈၆။ ကော်မတီသည်-

(က) အစိုးရအဖွဲ့ကအတည်ပြုသော ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ လိုအပ်သောဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးနိုင်သည်။

(ခ) ဝန်ထမ်းများခန့်ထားရာတွင် စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည့် ဝန်ထမ်းများအား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီးလွှဲပြောင်းရယူ၍ခန့်ထားနိုင်သည်။

(ဂ) ဝန်ထမ်းရေးရာကိစ္စရပ်များ ကြီးကြပ်ဆောင်ရွက်နိုင်ရန် ရုံးအကြီးအမှူးကို လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေရမည်။

၈၇။ ကော်မတီသည်-

(က) ဝန်ထမ်းများခန့်ထားရာတွင် လစာနှင့် စရိတ်ကို နှစ်စဉ်ရရှိသော ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်း ထက်ကျော်လွန်၍သုံးစွဲခြင်းမပြုရ။

(ခ) ဝန်ထမ်းများအား လစာ၊ စရိတ်၊ ကရုဏာကြေးနှင့် ပင်စင် ခံစားခွင့်ပြုနိုင်သည်။

## အခန်း(၂၁)
## စစ်ဆေးခြင်း၊ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း

၈၈။ ကော်မတီကတာဝန်ပေးအပ်သည့် စည်ပင်သာယာအရာရှိကဖြစ်စေ၊ နှစ်ဦးထက်ပိုသော စည်ပင်သာယာဝန်ထမ်းကဖြစ်စေ-

(က) မြို့တော်နယ်နိမိတ်အတွင်း စည်ပင်သာယာရေးလုပ်ငန်းများအား စစ်ဆေးကြည့်ရှုရန် သို့မဟုတ် မြေတိုင်းတာရန်ကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူထံသို့ ကြိုတင်အကြောင်းကြားပြီး နေ့အချိန် (နေထွက်ချိန်နှင့် နေဝင်ချိန်အကြား)မည်သည့်လုပ်ငန်းခွင်၊ အဆောက်အအုံ သို့မဟုတ် နေရာအတွင်းသို့ မဆို ဝင်ရောက်ပြီး လုပ်ငန်းတာဝန်များ စစ်ဆေးပိုင်ခွင့်ရှိသည်။

(ခ) မြို့တော်နယ်နိမိတ်အတွင်း ခွင့်ပြုချက်မဲ့ဆောင်ရွက်နေသော လုပ်ငန်းနေရာတစ်ခုခု အတွင်းသို့ဖြစ်စေ၊ အရေးပေါ်ကိစ္စရပ်များပေါ်ပေါက်လျှင် အဆောက်အအုံနေရာ တစ်ခုခု အတွင်းသို့ဖြစ်စေ စစ်ဆေးရန်အလို့ငှာ မည့်သည့်အချိန်၌မဆို ဝင်ရောက် စစ်ဆေး ကြည့်ရှုနိုင်ခွင့်ရှိသည်။

(ဂ) ဤဥပဒေအရခွင့်ပြုမိန့်ထုတ်ပေးထားသည့် လုပ်ငန်းတစ်ရပ်ရပ်၊ မြေအဆောက်အအုံ၊ နေရာတစ်ခုခုအတွင်း သို့မဟုတ် ကော်မတီသို့ ခွင့်ပြုချက်တစ်စုံတစ်ရာရရှိရန် လျှောက်ထားသော လုပ်ငန်းတစ်ရပ်ရပ်၊ မြေအဆောက်အအုံ၊ နေရာတစ်ခုခုအတွင်း

သို့ ခွင့်ပြုထုတ်ပေးထားသည့် သတ်မှတ်ချက်၊စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိ၊ မရှိ၊ ပတ်ဝန်းကျင်ပြည်သူများ စိတ်ငြိုငြင်မှုရှိ၊ မရှိ၊ ခွင့်ပြုထုတ်ပေးရန် သင့်လျော်မှုရှိ၊ မရှိတို့ကို စိစစ်ရန်အလို့ငှာ မည်သည့်အချိန်၌ မဆိုဝင်ရောက်စစ်ဆေးကြည့်ရှုပိုင်ခွင့်၊ အခြားလိုအပ်သည်များ ညွှန်ကြားသတ်မှတ်ခွင့်ရှိသည်။

(ဃ) ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွား၊ တိရစ္ဆာန်တစ်စုံတစ်ရာကို သတ်ဖြတ်နေကြောင်း သို့မဟုတ် သတ်ဖြတ်ပြီးကြောင်း ယုံကြည်ရန်အကြောင်းရှိလျှင် သင့်လျော်သောရပ်ကွက်၊ ကျေးရွာလူကြီးနှစ်ဦးနှင့်အတူ မည်သည့်အချိန်၌မဆို ဝင်ရောက်စစ်ဆေးခွင့်ရှိသည့်အပြင် တရားမဝင်သတ်ဖြတ်ထားသည့် မည်သည့်ကျွဲ၊ နွား၊ တိရစ္ဆာန်အသေကောင်၊ ၎င်းတို့၏အစိတ်အပိုင်းများနှင့် သတ်ဖြတ်ရန်အလို့ငှာ စုစည်းထားရှိသော မည်သည့် တိရစ္ဆာန်အရှင်ကိုမဆိုသိမ်းယူ၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူခွင့်ရှိသည်။

(င) ဤဥပဒေအရ အရေးယူမည့်ကိစ္စများတွင် လိုအပ်ပါက သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီကို တောင်းခံရယူနိုင်သည်။

## အခန်း(၂၂)
## ကော်မတီက စီမံခန့်ခွဲခွင့်ရှိသည့် မြေနှင့်အဆောက်အအုံများအပေါ် ကျူးကျော်မှုများအား အများပြည်သူအကျိုးငှာ ဖယ်ရှားရှင်းလင်းခြင်း

၈၉။ ကော်မတီပိုင်မြေနှင့် ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေ၊ မြေကွက်လပ်များနှင့် အရန်မြေများပေါ်တွင် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံများ၊ နေအိမ်များ၊ တဲများနှင့် ပစ္စည်းများကို ကျူးကျော်၊ဆောက်လုပ်၊ စုပုံထားရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် သက်ဆိုင်ရာဌာနသည် ထိုသို့ ကျူးကျော်၊ ဆောက်လုပ်၊ နေထိုင်၊ စုပုံထားရှိသူတို့ထံသို့ အကြောင်းကြားစာရရှိသည့်ရက်မှ (၁၅)ရက်အတွင်း ဖယ်ရှားရှင်းလင်းပေးရန် အကြောင်းကြားစာပေးပို့ရမည်။

၉၀။ ထုတ်ဆင့်သည့်အကြောင်းကြားစာကို လိုက်နာရန်ပျက်ကွက်လျှင် သို့တည်းမဟုတ် ငြင်းဆန်လျှင် ကော်မတီသည် ဖယ်ရှားရှင်းလင်းရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။ ဖယ်ရှားရှင်းလင်းရေးအဖွဲ့သည် ရက်ပေါင်း (၃၀)အတွင်း ဖယ်ရှားရှင်းလင်းပေးရန် နို့တစ်စာထုတ်ဆင့်ရမည်။

၉၁။ ထုတ်ဆင့်သည့်နို့တစ်စာကို လိုက်နာရန်ပျက်ကွက်လျှင် သို့တည်းမဟုတ် ငြင်းဆန်လျှင် ဖယ်ရှားရှင်းလင်းရေးအဖွဲ့က ကျူးကျော်သူနှင့်တကွ အဆောက်အအုံများ၊ နေအိမ်များ၊ တဲများနှင့် ပစ္စည်းများကိုဖယ်ရှား၍ ကျူးကျော်သည့်မြေနေရာကို ပြန်လည်လက်ရောက်ရယူနိုင်သည်။ ထိုသို့ဖယ်ရှားရှင်းလင်းရာတွင် အစိုးရအဖွဲ့ထံမှ လုံခြုံရေးနှင့်အခြားလိုအပ်သည့် အကူအညီများ တောင်းခံနိုင်သည်။

၉၂။ ကော်မတီပိုင်မြေ၊ ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ၊ မြေနှင့် အဆောက်အအုံ၊ ဆိုင်ခန်းကို အငှားချထားခြင်းခံရသူတို့သည် အငှားချထားသည့် စာချုပ်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း သို့တည်းမဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိရလျှင် အငှား ချထားခြင်းကို ရပ်စဲ၍သတ်မှတ်ကာလအတွင်း ဖယ်ရှားရန် အကြောင်းကြားရမည်။ လိုက်နာခြင်း မရှိလျှင်ဤဥပဒေပုဒ်မ ၈၉၊ ၉၀၊ ၉၁ ပါပြဋ္ဌာန်းချက်များအတိုင်းကော်မတီမှ ဆောင်ရွက် နိုင်သည်။

၉၃။ ကော်မတီသည် ကော်မတီပိုင်မြေနှင့်ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေ၊ မြေကွက်လပ်များ နှင့်အရန်မြေများပေါ်တွင် ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကျူးကျော်သည့် မည်သည့်ပုဂ္ဂိုလ်၊အဖွဲ့အစည်း၊ ဌာနဆိုင်ရာကိုမဆို ကျူးကျော်သူဟုသတ်မှတ်ပြီး ဤဥပဒေပုဒ်မ ၈၉၊ ၉၀၊ ၉၁ ပါအတိုင်း ဆောင်ရွက်နိုင်သည်။

## အခန်း(၂၃)

## မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်စေရန် တည်ဆောက်ရေးလုပ်ငန်းများကို စီမံခန့်ခွဲခွင့်နှင့် ထိန်းသိမ်းကြပ်မတ်ခြင်း

၉၄။ ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ စည်းကမ်းချက်များနှင့်ညီညွတ်မှုမရှိဘဲဖြစ်စေ၊ အဆောက်အအုံ ဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကို ရပ်ဆိုင်းထားရန်၊ ပြန်လည်ပြုပြင်စေရန်၊ဖြိုဖျက်ရန်၊ ဖျက်သိမ်းဖယ်ရှားရန် ညွှန်ကြားခြင်းတို့ကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်အများပြည်သူကို ထိခိုက်နစ်နာစေနိုင်သည်ဟု ကော်မတီမှစစ်ဆေးတွေ့ရှိလျှင်သော်လည်းကောင်းခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း၊ သတိပေးတားမြစ်ချက် ဆိုင်းဘုတ်အနီတပ်ဆင်ခြင်း၊ ကော်မတီ၏အစီအစဉ်ဖြင့် ချိပ်ပိတ်ခြင်း၊ ဖြိုဖျက်ခြင်း၊ ဖယ်ရှားခြင်း တို့အပြင် ထိုသို့ဆောင်ရွက်ရသည့်အတွက် ကုန်ကျစရိတ်ကိုတောင်းခံခြင်း။

၉၅။ အများပြည်သူဆိုင်ရာ လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်စသည်များပေါ်တွင် ကျူးကျော် ဆောက်လုပ်ထားသည့် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းဖြစ်စေ၊ ဖြိုဖျက် စေရန် သို့မဟုတ် ဖယ်ရှားရန် ညွှန်ကြားခြင်း။

၉၆။ အများပြည်သူဆိုင်ရာ လမ်း၊ တံတား၊ ရေမြောင်း၊ မြေအောက်ဥမင်လှိုဏ်ခေါင်း၊ မိုးပျံတံတားများ၊ မိုးပျံအမြန်လမ်းမများ၊ ရေပိုက်လိုင်း၊ မီးလိုင်း၊ ဆက်သွယ်ရေးလိုင်းနှင့် မိလ္လာပိုက်တို့ တည်ဆောက် ပြုပြင်ပြင်ဆင်မွမ်းမံခြင်းများဆောင်ရွက်ရာတွင် မလွတ်ကင်းသောအဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏အစိတ်အပိုင်းကို နိုင်ငံသား၏တရားဝင် ရရှိပိုင်ဆိုင်ထားသောပိုင်ဆိုင်မှုကို ထိခိုက် ဆုံးရှုံးမှုမရှိစေဘဲ စီမံဆောင်ရွက်ခြင်း။

၉၇။ နေထိုင်အသုံးပြုရန် မသင့်လျော်သည့် အဆောက်အအုံကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကို ဖြစ်စေ၊ သတ်မှတ်ကာလအတွင်း ပြန်လည်ပြုပြင်စေရန် ညွှန်ကြားခြင်း၊ အန္တရာယ်ဖြစ်စေနိုင်ပါက

ဘေးအန္တရာယ်ရှိ အဆောက်အအုံအဖြစ်သတ်မှတ်ခြင်း၊ ယင်းအဆောက်အအုံမှနေထိုင်အသုံးပြုသူများကို ဖယ်ရှားရန်ညွှန်ကြားခြင်း၊ အဆောက်အအုံအားဖျက်သိမ်းစေခြင်း၊ အသစ်ပြန်လည်တည်ဆောက် စေခြင်း။

၉၈။ ပုဒ်မ ၉၄၊ ၉၅၊ ၉၆၊ ၉၇ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပိုင်ရှင် သို့မဟုတ် နေထိုင် အသုံးပြုသူနှင့် ပူးပေါင်းပါဝင်အားပေးကူညီသူတို့က လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက သက်ဆိုင်ရာဌာနသည် (၁၅)ရက်အတွင်း ဖယ်ရှားရှင်းလင်းပေးရန် အကြောင်းကြားစာပေးပို့ရမည်။ ထုတ်ဆင့်သည့် အကြောင်းကြားစာကို လိုက်နာရန်ပျက်ကွက်ပါက ကော်မတီသည် ဖယ်ရှားရှင်းလင်းရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်၍ရက်ပေါင်း(၃၀)အတွင်း ဖျက်သိမ်းရှင်းလင်းဖယ်ရှားရန် နို့တစ်ထုတ်ဆင့်ရမည်။ ထုတ်ဆင့်သည့်နို့တစ်ကို လိုက်နာရန်ပျက်ကွက်လျှင် သို့မဟုတ် ငြင်းဆန်လျှင် ဖျက်သိမ်း ရှင်းလင်းရေးအဖွဲ့က နေထိုင်အသုံးပြုသူနှင့်တကွ အဆောက်အအုံနှင့်ပစ္စည်းများကို ဖျက်သိမ်း ဖယ်ရှားနိုင်သည်။ ထိုသို့ဖျက်သိမ်းဖယ်ရှားရာတွင် အစိုးရအဖွဲ့ထံမှလုံခြုံရေးနှင့် အခြားလိုအပ်သည့် အကူအညီများ တောင်းခံနိုင်သည်။

## အခန်း(၂၄)
## တားမြစ်ချက်များ

### အနေးယာဉ်ဆိုင်ရာတားမြစ်ချက်များ

၉၉။ (က) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီကထုတ်ပေးသော အနေးယာဉ်မှတ်ပုံတင်စာအုပ်မရှိဘဲ အနေးယာဉ်သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

(ခ) မည်သူမျှအနေးယာဉ်မှတ်ပုံတင်စာအုပ်နှင့် လိုင်စင်မရှိဘဲ လမ်းပေါ်တွင် အနေးယာဉ်ကို နင်းခြင်း၊ တွန်းခြင်း၊ ဆွဲခြင်း သို့မဟုတ် မောင်းနှင်ခြင်းမပြုရ။

(ဂ) မည်သူမျှ ကော်မတီက အနေးယာဉ်များစုစည်းစခန်းချရပ်နားရန် သတ်မှတ်ထားသောနေရာမှအပ အခြားနေရာတွင် အနေးယာဉ်ကိုစုစည်းစခန်းချရပ်နားခြင်းမပြုရ။

(ဃ) မည်သူမျှမြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကော်မတီပိုင်လမ်း၊ လမ်းမြေ သို့မဟုတ် လူသွားစင်္ကြံ၊ ပလက်ဖောင်းတို့တွင် အနေးယာဉ်ရပ်နားရန် နေရာအဖြစ် မပြုလုပ်ရ။

(င) မည်သူမျှကော်မတီက အနေးယာဉ်များမောင်းနှင်ပြေးဆွဲခွင့်မပြုကြောင်း သတ်မှတ်ထားသည့်နယ်မြေနှင့် လမ်းများပေါ်တွင်လည်းကောင်း၊ ကော်မတီကကန့်သတ်ထားသည့် နယ်မြေနှင့် လမ်းများပေါ်တွင် ကန့်သတ်တားမြစ်ထားသောအချိန်တွင်လည်းကောင်း အနေးယာဉ်ကို နင်းခြင်း၊ တွန်းခြင်း၊ ဆွဲခြင်း သို့မဟုတ် မောင်းနှင်ခြင်းမပြုရ။

## ကျန်းမာရေးဆိုင်ရာ တားမြစ်ချက်များ

၁၀၀။ (က) မည်သူမျှ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းက လိုင်စင်ထုတ်ပေးထားသော ထိန်းချုပ် အစားအသောက်မှအပအခြားအစားအသောက်များကို ကော်မတီက ထုတ်ပေးထားသောလုပ်ငန်းလိုင်စင်မရှိဘဲ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းမပြုရ။

(ခ) မည်သူမျှ ကော်မတီက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော အစားအသောက်အမျိုးအစားကို ဓါတ်ခွဲအရာရှိက လူတို့စားသုံးရန် သင့်လျော်ကြောင်း ထုတ်ပေးထားသော လက်မှတ်မရရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းမပြုရ။

(ဂ) မည်သူမျှ ကော်မတီက သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်ခြင်း မရှိသည့် အစားအသောက်များအလေးချိန်တိုးပွားစေရန် နည်းလမ်းမျိုးစုံဖြင့် ပြုပြင် ဆောင်ရွက်ထားသည့် အစားအသောက်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းမပြုရ။

(ဃ) မည်သူမျှ အများပြည်သူတို့အား ကျန်းမာရေးကို ထိခိုက်စေမည့်၊ ဘေးအန္တရာယ် ဖြစ်စေမည့် သို့မဟုတ် ဖြစ်စေရန်အကြောင်းရှိသည့် လုပ်ငန်းတစ်ခုခုကို ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ မိမိနေအိမ်၊အဆောက်အအုံ သို့မဟုတ် ပိုင်နက်အတွင်း လုပ်ကိုင်ခြင်း မပြုရ။

(င) မည်သူမျှ အများပြည်သူတို့အား ကျန်းမာရေးကို ထိခိုက်စေမည့်၊ ဘေးအန္တရာယ် ဖြစ်စေမည့် သို့မဟုတ် ဖြစ်စေရန် အကြောင်းရှိသည်ဟုကော်မတီက သတ်မှတ်ထား သောပစ္စည်းများကို ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မိမိနေအိမ်၊ အဆောက်အအုံ သို့မဟုတ် ပိုင်နက်အတွင်း သိုလှောင်ထားခြင်းမပြုရ။

(စ) အစားအသောက်ထုတ်လုပ်ခြင်း သို့မဟုတ် အစားအသောက်ရောင်းချခြင်းလုပ်ငန်း လိုင်စင်ရရှိသူ မည်သူမျှကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါကိစ္စရပ်တစ်ရပ်ရပ်ကို လုပ်ကိုင်ခြင်းမပြုရ-

(၁) လုပ်ငန်းတည်နေရာရွှေ့ပြောင်းခြင်း၊

(၂) လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအမည်ပြောင်းလဲခြင်း၊

(၃) လုပ်ငန်းကို တစ်နှစ်ထက်မနည်းသော ကာလကြာအောင် ပိတ်ထားပြီးမှ အသစ်ပြန်လည်ဖွင့်လှစ်ခြင်း၊

(၄) လုပ်ငန်းအမျိုးအစားတိုးချဲ့ပြောင်းလဲလုပ်ကိုင်ခြင်း၊

(၅) လုပ်ငန်းတိုးချဲ့လုပ်ဆောင်ခြင်း။

(ဆ) ကူးစက်ရောဂါဖြစ်ပွားစေနိုင်သဖြင့် ကော်မတီကဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာနဆိုင်ရာအဖွဲ့အစည်းကဖြစ်စေ၊ ပိတ်ပင်ထားသော အစားအသောက်နှင့် ပစ္စည်းကို မည်သူမျှ ရောင်းချခြင်းမပြုရ။

(ဇ) အစားအသောက်ထုတ်လုပ်သော၊ သိုလှောင်သော သို့မဟုတ် ရောင်းချသောနေရာသို့ ကူးစက်ရောဂါဖြစ်ပွားသူကို ဝင်ရောက်စေခြင်း၊ အလုပ်လုပ်ကိုင်စေခြင်း မည်သူမျှ မပြုရ။

(ဈ) ကော်မတီက ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်ခြင်း မရှိဘဲအများပြည်သူသုံးရေကူးကန်၊ ရေချိုးခန်း၊ အိမ်သာနှင့် တည်းခိုခန်းလုပ်ငန်းများကို မည်သူမျှ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

## ရေပေးရေးနှင့်သန့်ရှင်းမှုလုပ်ငန်းများဆိုင်ရာ တားမြစ်ချက်များ

၁၀၁။ (က) မည်သူမျှ တရားမဝင်ရေဆက်သွယ်ခြင်းမပြုရ။

(ခ) မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို လုပ်ကိုင်ခြင်း မပြုရ -

(၁) ကော်မတီပိုင် ရေပိုက်ကိုဖောက်ခြင်း၊ ရေပိုက်ကိုဖောက်၍ မိမိနေအိမ်အတွင်းသို့ ရေကိုဆက်သွယ်ရယူခြင်း၊

(၂) ကော်မတီက ခွင့်ပြုထားသော ရေသွယ်ပိုက်မှ ဆင့်ပွားပိုက်ဆက်ဖြင့် တပ်ဆင်ဆက်သွယ်ခြင်း၊

(၃) ကော်မတီကခွင့်ပြုထားသော ရေသွယ်ပိုက်မှ ရေကိုပိုမိုရရှိရန်လျှပ်စစ် သို့မဟုတ် စွမ်းအင်တစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ လက်နှိပ်တုံကင် အသုံးပြု၍ဖြစ်စေ ရေကိုရယူသုံးစွဲခြင်း၊

(၄) ကော်မတီ၏ ခွင့်ပြုချက်ဖြင့် မူလတပ်ဆင်ထားသော ရေနှင့်သန့်ရှင်းမှုဆိုင်ရာပစ္စည်း အမျိုးအစား၊ အရွယ်အစားနှင့်အရေအတွက်တို့ကို ဖြည့်စွက်ပြောင်းလဲတပ်ဆင်ခြင်း သို့မဟုတ် တိုးချဲ့တပ်ဆင်ခြင်း၊

(၅) မြေအောက်ရေတူးဖော်ခြင်း၊ ထုတ်ယူသုံးစွဲခြင်း၊ ဖြန့်ဝေခြင်း၊

(၆) မီးသတ်ပိုက်ခေါင်းမှရေရယူသုံးစွဲခြင်း။

(ဂ) မည်သူမျှ ကော်မတီက တပ်ဆင်ထားသောရေမီတာကို တရားမဝင်ပြုပြင်ခြင်း၊ ဖျက်ဆီးခြင်း၊ ဖြုတ်သိမ်းခြင်း၊တစ်နည်းနည်းဖြင့် ပြောင်းလဲတပ်ဆင်ခြင်း သို့မဟုတ် တပ်ဆင်ထားသောရေမီတာကိုအသုံးမပြုဘဲ ရေဆက်သွယ်ခြင်းမပြုရ။

(ဃ) မည်သူမျှ ကော်မတီကတပ်ဆင်ထားသော ရေမီတာကို ပျက်စီးစေခြင်း၊ နှောင့်နှေးစေခြင်း၊ လွယ်ကူစွာဖတ်မရအောင် ပြုလုပ်ခြင်းမပြုရ။

(င) မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ခုခုကို မပြုလုပ်ရ -

(၁) ကော်မတီကဆောင်ရွက်သည့် ရေပေးရေးလုပ်ငန်းမှရေကို ညစ်ညမ်းစေခြင်း၊

(၂) ကော်မတီကဆောင်ရွက်သည့် ရေပေးရေးလုပ်ငန်းမှရေကိုဖြုန်းတီးခြင်း သို့မဟုတ် ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အိမ်ဥပစာပြင်ပသို့ တစ်ဆင့်ဖြန့်ဝေပေးခြင်း သို့မဟုတ် ရောင်းစားခြင်း၊

(၃) ကော်မတီက ဆောင်ရွက်သည့် ရေပေးရေးလုပ်ငန်းပိုင်မြေ သို့မဟုတ် ၎င်း၏ အစိတ်အပိုင်းအပေါ်တွင် ပစ္စည်းများစုပုံခြင်း၊ မြေကိုတူးဆွခြင်း၊ မြေဖို့ခြင်း သို့မဟုတ် မြေတွင်မြှုပ်နှံခြင်း၊

(၄) ကော်မတီပိုင်ရေလှောင်ကန်အတွင်းသို့ တိရစ္ဆာန်ကို ဝင်ရောက်စေခြင်း သို့မဟုတ် ရေလှောင်ကန်မှ သတ်မှတ်ထားသော နယ်နိမိတ်အတွင်း ရေဆေးကြောခြင်း သို့မဟုတ် ရေချိုးပေးခြင်း၊

(၅) ကော်မတီပိုင်ရေလှောင်ကန်၊ ကျုံး၊ ကျုံးရေသွင်းမြောင်း၊ ကျုံးရေစစ်ကန်၊ ကျုံးရေကန်အတွင်းသို့ ရေညစ်ညမ်းမှုကိုဖြစ်စေသော အမှိုက်နှင့်အညစ်အကြေး သို့မဟုတ် ရေ၏အရည်အသွေးကိုကျဆင်းစေသော မည်သည့်ပစ္စည်းကိုမဆို ပစ်ချခြင်း သို့မဟုတ် မျှောချခြင်း၊

(၆) ကော်မတီပိုင်ရေလှောင်ကန်၏ သတ်မှတ်နယ်နိမိတ်အတွင်း သစ်တောများကို ထိခိုက်ပျက်စီးစေနိုင်သော ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခြင်း။

(စ) မည်သူမျှ ကော်မတီ၏ ရေပေးရေးလုပ်ငန်းအတွက် ထိန်းသိမ်းထားရှိသော ရေကန်၊ ရေလှောင်ကန်၏ ကန်ပေါင် သို့မဟုတ် ဝင်းခြံနယ်မြေ၊ ပိုက်လိုင်းနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက် မရှိဘဲတောခုတ်ခြင်း၊ စိုက်ခင်းများနှင့် ဥယျာဉ်များပြုလုပ်ခြင်း၊ ကျောက်ထုတ်ခြင်း၊ အုတ်ဖုတ်ခြင်း၊ ဆိုင်ခန်းများတည်ဆောက်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ကန်ပေါင်များ၊ ဝင်းခြံများ၊ ရေပိုက်များနှင့် ဆက်စပ်ပစ္စည်းများကို ရွှေ့ပြောင်းပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်ဆီးခြင်းမပြုရ။

(ဆ) မည်သူမျှ ကော်မတီပိုင် ရေပိုက်များတွင် တပ်ဆင်ထားရှိသော ရေတံခါးကို ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲဖွင့်ခြင်း၊ ပိတ်ခြင်း၊ အတိုးအလျှော့ပြုလုပ်ခြင်း၊ အသစ်တပ်ဆင်ခြင်း၊ရှိပြီးရေတံခါးအားဖြုတ်သိမ်းခြင်း သို့မဟုတ် နေရာရွှေ့ပြောင်းခြင်းမပြုရ။

(ဇ) မည်သူမျှ မြို့တော်နယ်နိမိတ်ပြင်ပမှ ဆက်သွယ်သည့် ရေပို့ပိုက်မကြီး သို့မဟုတ် မြို့တွင်းပင်မရေပိုက်များ၊ ကျုံးရေသွင်းမြောင်းပေါ်နှင့် မြောင်းအနီးတွင် လမ်း၊ မီးရထား

သံလမ်း၊ တံတား၊ အဆောက်အအုံ၊ ပိုက်လိုင်း သို့မဟုတ် နန်းကြိုးလိုင်းကို ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ချထားဆက်သွယ်ခြင်း၊ တိုးချဲ့ခြင်း မပြုရ။

(စျ) မည်သူမျှကော်မတီပိုင် ရေကန်၊ ရေလှောင်ကန်များ၊ ကျုံး၊ ကျုံးရေသွင်းမြောင်း၊ ကျုံးရေစစ်ကန်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ လှေလှော်ခြင်း၊ရေကူးခြင်း၊ ငါးဖမ်းခြင်း၊ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းမပြုရ၊ ရေလှောင်ကန် မှသတ်မှတ်ထားသော နယ်နိမိတ်အတွင်း ရေချိုးခြင်း၊ အဝတ်လျှော်ဖွပ်ခြင်း၊ မြေတူးခြင်း၊ မြေဖို့ခြင်း၊ ယာဉ်များ ရေဆေးခြင်းနှင့် အခြားကိစ္စရပ်များအတွက် ရေကိုရယူခြင်း၊ အသုံးပြုခြင်း မပြုရ။

(ည) မည်သူမျှ မိမိနေထိုင်သော ခြံမြေ၊ အဆောက်အအုံ၊ အထပ်မြင့်များရှိ မိလ္လာပိုက်၊ ရေဆိုးပိုက်များအတွင်းမှ အများပြည်သူကို အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် ငြိုငြင်စေမှုကို ဖြစ်စေသောအရာ၊ အညစ်အကြေး သို့မဟုတ် အနံ့ဆိုးထွက်သော အရာကို မြစ်ချောင်းများ၊ ရေမြောင်းများအတွင်းသို့ စီးထွက်စေခြင်း၊ စိမ့်ထွက်စေခြင်း သို့မဟုတ် စွန့်ပစ်ခြင်းမပြုရ။

(ဋ) မည်သူမျှ မိမိ၏အဆောက်အအုံအဝန်းအဝိုင်းမှ ထွက်ရှိသော အညစ်အကြေး သို့မဟုတ် ရေဆိုးကို ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ကော်မတီပိုင်မိလ္လာပြွန်စနစ်သို့ ဆက်သွယ် စွန့်ပစ်ခြင်းမပြုရ။

## ဈေးများဆိုင်ရာ တားမြစ်ချက်များ

၁၀၂။ (က) မည်သူမျှ စည်ပင်သာယာဈေးအတွင်း သတ်မှတ်ထားသော စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းချခြင်းမပြုရ။

(ခ) မည်သူမျှ သက်ဆိုင်ရာစည်ပင်သာယာဈေးဧရိယာအတွင်း ခွင့်ပြုချက်မရရှိဘဲ ဈေးရောင်းချခြင်း၊ တည်ခင်းခြင်း၊ ပြသခြင်း၊ ကြော်ငြာခြင်းမပြုရ။

(ဂ) မည်သူမျှ မမှန်ကန်သည့်အလေး၊ ချိန်ခွင်၊ အချိန်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်း မပြုရ၊ ထိုအလေး၊ ချိန်ခွင်၊ အချိန်အတွယ်၊ အတိုင်းအတာများကို မှန်ကန်မှု ရှိ/မရှိ အစစ်ဆေးခံနိုင်ရမည်။

(ဃ) မည်သူမျှ စည်ပင်သာယာဈေးနယ်နိမိတ်အတွင်းယာယီ သို့မဟုတ် အမြဲတမ်း အဆောက်အအုံကို ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ခြင်းမပြုရ၊ မူလ ဈေးဆိုင်ခန်းများအား ပြုပြင်ခြင်း၊ တိုးချဲ့ခြင်းမပြုရ။

(င) မည်သူမျှ လူတို့စားသုံးရန်မသင့်သော သား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံစသည့် အစားအသောက်များ၊ သက်ဆိုင်ရာဌာနများမှ တားမြစ်ထားသည့် ဆေးဝါး၊ အစားအသောက်၊ လူသုံးကုန်၊ အသုံးအဆောင်ပစ္စည်းများနှင့် အခါအားလျော်စွာ အမိန့်ထုတ်ပြန်၍ တားမြစ်ထားသည့် ပစ္စည်းများကို ဈေးနယ်နိမိတ်အတွင်း ရောင်းချခြင်း၊ တည်ခင်းခြင်း၊ သိုလှောင်ခြင်း၊ အခမဲ့ဖြန့်ဝေခြင်းမပြုရ။

(စ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ စည်ပင်သာယာဈေးအတွင်း ကော်မတီက သတ်မှတ်ထားသောနေရာမှအပ အခြားနေရာများတွင် မော်တော်ယာဉ်နှင့် အနေးယာဉ်များကို ယူဆောင်ခြင်း၊ မောင်းနှင်စီးနင်းခြင်းမပြုရ။

(ဆ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ စည်ပင်သာယာဈေးနယ်နိမိတ်အတွင်းတွင် မီးဖိုခြင်း၊ အမှိုက်မီးရှို့ခြင်း၊ ချက်ပြုတ်ကြော်လှော်ခြင်း၊ ညအိပ်နေထိုင်ခြင်း မပြုလုပ်ရ။

(ဇ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ စည်ပင်သာယာဈေးအတွင်း လျှပ်စစ်ဓာတ်အားနှင့် ရေဆက်သွယ်အသုံးမပြုရသတ်မှတ်ထားသည့် လျှပ်စစ်ဓာတ်အားထက် ပိုမိုသုံးစွဲခြင်းမပြုရ။

(ဈ) မည်သူမျှ စည်ပင်သာယာဈေးအတွင်း အများပြည်သူကို အနှောင့်အယှက်ဖြစ်စေသော ပြုလုပ်မှုတစ်ခုခုကို မပြုလုပ်ရ။

(ည) မည်သူမျှ စည်ပင်သာယာဈေးအတွင်း ကော်မတီကသတ်မှတ်ပေးထားသောနေရာတွင်မှအပ အခြားနေရာတွင် အစားအစာအလို့ငှာ တိရစ္ဆာန်များကို သတ်ဖြတ်ခြင်း၊ အမွေးနှုတ်ခြင်း၊ရောင်းချခြင်း၊ရောင်းချရန်အတွက် ပြင်ဆင်ခြင်းမပြုရ။

(ဋ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ စည်ပင်သာယာဈေးအတွင်း အလှူငွေနှင့် အခြားရန်ပုံငွေများ ကောက်ခံခြင်း၊ ဖျော်ဖြေပွဲများပြုလုပ်ခြင်း၊ မျက်လှည့်ပြခြင်း၊ ဟောပြောခြင်း၊ တရားပွဲများ၊နတ်ပွဲများ၊အခြားပွဲများကျင်းပခြင်းမပြုရ။

(ဌ) စည်ပင်သာယာဈေးအတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ဈေးအကျိုးတော်ဆောင် အဖွဲ့များ ဖွဲ့စည်းခြင်းမပြုရ။

## ပန်းဥယျာဉ်နှင့် အားကစားကွင်းများဆိုင်ရာ တားမြစ်ချက်များ

၁၀၃။ (က) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက စီမံပြုလုပ်ထားသော လမ်းလယ်ကျွန်း၊ မြက်ခင်းအဝိုင်း၊ တြိဂံမြက်ခင်း၊ ပျိုးခြံ၊ ပန်းဥယျာဉ်၊ ကွက်လပ်မြေနေရာ သို့မဟုတ် လမ်းလယ်ပန်းခုံ စိုက်ပျိုးထားသည့်မြက်ခင်း၊ အပင် သို့မဟုတ် တပ်ဆင်ထားသည့် ပစ္စည်းများကို ယူဆောင်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်းမပြုရ။

(ခ) မည်သူမျှခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီကစီမံပြုလုပ်ထားသော လမ်းလယ်ကျွန်း၊ မြက်ခင်းအဝိုင်း၊ မြေကွက်လပ်၊ မြေနေရာ၊ တြိဂံမြက်ခင်း၊ ပျိုးခြံ၊ ပန်းဥယျာဉ်၊ အားကစားကွင်းနေရာ၊ ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေးမြေနေရာ၊ မြေယာရှုခင်းနေရာများတွင် ဆိုင်းဘုတ်များစိုက်ထူခြင်း၊ ကစားခုန်စားပြုလုပ်ခြင်း၊ ဈေးရောင်းချခြင်းမပြုရ။

(ဂ) မည်သူမျှ ပန်းဥယျာဉ်၊ ကွက်လပ်မြေနေရာ သို့မဟုတ် ရှုခင်းနေရာအတွင်းရှိ ရေကန်၊ ရေကန်ပေါင် သို့မဟုတ် ရေလှောင်ကန်ကို ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း မပြုရ။

(ဃ) မည်သူမျှ ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော သစ်ပင်များ၊ စိုက်ပျိုးထားသောသစ်ပင်များကို သေဆုံးစေခြင်း၊ ခုတ်ထွင်ခြင်း၊ ချိုးဖဲ့ခြင်း၊ ချိုင်ခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် ခုတ်လှဲခြင်းမပြုရ။

(င) ခွင့်ပြုထားသည့်နေရာမှအပ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ကော်မတီပိုင် ပန်းဥယျာဉ်များ ရှုခင်းနေရာများနှင့် ကွက်လပ်မြေနေရာများတွင် အဆောက်အအုံဆောက်လုပ်ခြင်း၊ အပင်စိုက်ပျိုးခြင်း၊ အားကစားကွင်း ပြုလုပ်ခြင်း သို့မဟုတ် ပြပွဲပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပွဲလမ်းသဘင်များ၊ အခမ်းအနားများကျင်းပခြင်းမပြုရ။

(စ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်းအစိုးရဌာနအဖွဲ့အစည်းများက ဆောင်ရွက်သည့် ကိစ္စမှအပ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ ပျိုးခြံ၊ ပျိုးပင်အရောင်းဆိုင်များ၊ပျော်ရွှင်ဖွယ်အားကစားကွင်းများ၊ ကျန်းမာရေးလေ့ကျင့်ခန်းအားကစားကွင်းများ၊ အားကစားရုံများ၊ အားကစားခန်းများ၊ ရေကူးကန်များနှင့် အားကစားနည်းပညာသင်တန်းကျောင်းများ ဖွင့်လှစ်လုပ်ကိုင်ခြင်းမပြုရ။

(ဆ) သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကို ထိခိုက်ပျက်စီးစေနိုင်သည့် မီးရှို့ခြင်း၊ သစ်ပင်များ ခုတ်ထွင်ခြင်း၊ ရေနေသတ္တဝါများ၊ တိရစ္ဆာန်များ ဖမ်းဆီးခြင်းမပြုရ။

(ဇ) ပန်းခြံများအတွင်းရှိ ရေကန်အတွင်းသို့ စီးပွားရေးလုပ်ငန်းများမှ ရေဆိုးများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သန့်စင်ခြင်းမပြုဘဲ စွန့်ပစ်ခြင်း မပြုရ။

(ဈ) ဘီးတပ်လက်တွန်းလှည်း သို့မဟုတ် မသန်စွမ်းသူများအသုံးပြုသည့် ယာဉ်ကိရိယာများ မှအပ မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီကစီမံပြုလုပ်ထားသော ပန်းခြံပန်းဥယျာဉ်များအတွင်း အများပြည်သူအပန်းဖြေလမ်းလျှောက်ရန်အတွက်သာ သတ်မှတ်ထားသောလမ်းအတွင်း စက်တပ်ယာဉ်၊စက်မဲ့ယာဉ်များ ဝင်ရောက်မောင်းနှင်ခြင်း၊ စကိတ်စီးခြင်းမပြုရ။

(ည) ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ငှားရမ်းထားသောမြေနေရာများ၊ ဆိုင်များ၊ လုပ်ငန်းရှင်များ အနေဖြင့် သတ်မှတ်ခွင့်ပြုဧရိယာထက် အဆောက်အအုံများ ပိုမိုဆောက်လုပ်ခြင်း မပြုရ၊ စာချုပ်ပါ စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ၊ ခွင့်ပြုငှားရမ်းကာလ ကျော်လွန်ပြီးနောက် ဖယ်ရှားရန် ပျက်ကွက်ခြင်းမပြုရ။

(ဋ) မည်သူမျှ ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီကစီမံပြုလုပ်ထားသော လမ်းလယ်ကျွန်း၊ မြက်ခင်းအဝိုင်း၊ မြေကွက်လပ်၊ မြေနေရာ၊ဘြိဂ်မြက်ခင်း၊ ပျိုးခြံ၊ ပန်းဥယျာဉ်၊ အားကစားကွင်းနေရာ၊ ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေးမြေနေရာ၊ မြေယာရှုခင်းနေရာများတွင် ကျူးကျော်ခင်းကျင်းခြင်း၊ လူဝင်ရောက်နေထိုင်ခြင်းမပြုရ။

## အဆောက်အအုံ ဆိုင်ရာတားမြစ်ချက်များ

၁၀၄။ (က) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ၊အားပေးကူညီခြင်း မပြုရ။

(ခ) မည်သူမျှ ကော်မတီကအဆောက်အအုံဆောက်လုပ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်း မပြုရန် တားမြစ်ထားသော အဆောက်အအုံကို ဆောက်လုပ်ခြင်း၊ပြင်ဆင်ခြင်း မပြုရ။

(ဂ) မည်သူမျှ ကော်မတီက အဆောက်အအုံဆောက်လုပ်ခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းထားသော၊ အပြီးသတ်ပယ်ဖျက်ထားသော အဆောက်အအုံကို ဆောက်လုပ်ခြင်း၊ ပြင်ဆင် ခြင်းမပြုရ။

(ဃ) မည်သူမျှ ကော်မတီကခွင့်ပြုထားသည့် အဆောက်အအုံပုံစံနှင့် ကွဲလွဲခြားနားသည့် အဆောက်အအုံကို ဆောက်လုပ်ခြင်း မပြုရ။

(င) မည်သူမျှဆောက်လုပ်ပြီးသော အဆောက်အအုံတစ်ခုတွင်ဖြစ်စေ၊ ယင်းအဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုတွင်ဖြစ်စေ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နေထိုင်ခြင်း၊ အသုံးပြုခြင်းမပြုရ။

(စ) မည်သူမျှ ကော်မတီကသတ်မှတ်သော မြို့နယ် သို့မဟုတ် လမ်းရှိလူနေထိုင်ရန်အတွက် ဆောက်လုပ်ထားသော အဆောက်အအုံတွင် ကော်မတီကခွင့်မပြုသည့် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

(ဆ) မည်သူမျှ ပစ္စည်းသိုလှောင်ရန်အတွက် ဆောက်လုပ်ထားသည့် အဆောက်အအုံတွင် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ နေထိုင်ခြင်းမပြုရ။

(ဇ) မည်သူမျှ ကော်မတီက ထုတ်ပေးထားသော လိုင်စင်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကန်ထရိုက်တာအဖြစ် လုပ်ကိုင်ခြင်းမပြုရ။

(ဈ) မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်ရရှိထားသော အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများအနေဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဖောက်ဖျက်ခြင်းမပြုရ။

(ည) မည်သူမျှ ကော်မတီက လူနေထိုင်ခြင်းမပြုရန် တားမြစ်ချက် သင်္ကေတအမှတ်အသား ရေးမှတ်ထားသည့်အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏တစ်စိတ်တစ်ဒေသ အတွင်း ဝင်ရောက်နေထိုင်ခြင်းမပြုရ။

(ဋ) မည်သူမျှ ကော်မတီက ဖြိုဖျက်ထားသည့် အန္တရာယ်ရှိ အဆောက်အအုံရှိရာ မြေကွက် အတွင်း ဝင်ရောက်နေထိုင်ခြင်းမပြုရ။

(ဌ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်းရှိ အများပြည်သူဆိုင်ရာ လမ်းနှင့် ရေမြောင်း ပေါ်တွင် စမုတ်ဆောင်၊ လသာဆောင်၊ ဆင်ဝင်၊နေကာ၊ တံစက်မြိတ်၊ လှေကားထစ်၊ အုတ်ခုံ၊ အုတ်မြစ်၊ ဆင်ခြေလျှော၊ ဓာတ်ဆီဆိုင်၊ ဓာတ်ဆီပန့်၊ မီလ္လာကန်၊ လူကူးခုံးကျော် တံတား၊ ယာယီမဏ္ဍပ် သို့မဟုတ် အခြားအဆောက်အအုံကို ကော်မတီ၏ ခွင့်ပြုချက် မရှိဘဲ ဆောက်လုပ်ခြင်းမပြုရ။

(ဍ) မည်သူမျှ ကော်မတီကခွင့်ပြုထားသည့် အတိုင်းအတာထက်ပို၍ ကော်မတီပိုင် လမ်းပေါ်တွင် ဆောက်လုပ်ရေးပစ္စည်းများကို စုပုံထားခြင်းမပြုရ။

(ဎ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အများပြည်သူမြင်သာသည့်နေရာများတွင် ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ တပ်ဆင်ခြင်း၊ ကပ်ခြင်း၊ ချိတ်ဆွဲခြင်း သို့မဟုတ် ရေးဆွဲခြင်းမပြုရ။

(ဏ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မူလရှိသော မြေအမြင့်ကို နှိမ့်ခြင်း၊ နိမ့်သွား စေခြင်း၊ မူလနိမ့်သည့်မြေ၊ မူလချိုင့်ဝှမ်း သို့မဟုတ် မူလရေအိုင်၊ရေကန်ကို မြေဖို့ခြင်း၊ ပုံသဏ္ဌာန် ပြောင်းလဲခြင်းမပြုရ။

(တ) မည်သူမျှ ဥပဒေနှင့်အညီ ဆောင်ရွက်မည့် ဖျက်သိမ်းရှင်းလင်းရေးအဖွဲ့ကို တားဆီး နှောင့်ယှက်ခြင်းမပြုရ။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဆိုင်ရာတားမြစ်ချက်များ**

၁၀၅။ (က) မည်သူမျှ ခြံထွက်အမှိုက်၊ စက်ရုံ၊ အလုပ်ရုံထွက်အမှိုက်၊ တည်ဆောက်ရေးလုပ်ငန်းထွက် အမှိုက်၊ စီးပွားရေးလုပ်ငန်းထွက်အမှိုက်၊ ဆေးရုံ၊ ဆေးခန်း စွန့်ပစ်ပစ္စည်းများ၊ ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်အမှိုက်များ၊ အီလက်ထရောနစ် စွန့်ပစ်အမှိုက် များနှင့် စက်ဆုပ်ဖွယ်အရာများကို ကော်မတီက သီးသန့်သတ်မှတ်ထားသည့်နေရာမှ

အပ သာမန်အမှိုက်စွန့်ပစ်ရန် စီမံထားရှိသည့် အမှိုက်ပုံး၊ အမှိုက်ကန်နှင့် အမှိုက်ပုံရန် သတ်မှတ်ထားသည့်နေရာတွင်လည်းကောင်း၊ အခြားနေရာတွင်လည်းကောင်း စွန့်ပစ်ခြင်းမပြုရ။

(ခ) မည်သူမျှအဆောက်အအုံမြေညီထပ်နှင့် အထပ်အလွှာအဆင့်ဆင့်မှအမှိုက် သို့မဟုတ် စက်ဆုပ်ဖွယ်အရာကို ရေမြောင်းအတွင်းသို့ဖြစ်စေ၊ အများပြည်သူနှင့်သက်ဆိုင်သော လမ်းပေါ်သို့ဖြစ်စေ၊ အခြားတစ်စုံတစ်ဦးပိုင်ဆိုင်သော ခြံဝင်းအတွင်းသို့ဖြစ်စေ လွှင့်ပစ်ချခြင်း၊ ပစ်ချခြင်း၊ သွန်ချခြင်း၊ ကျရောက်စေခြင်း သို့မဟုတ် စွန့်ပစ်ခြင်း မပြုရ။

(ဂ) မည်သူမျှ ပန်းဥယျာဉ်၊ပန်းခြံ၊ အားကစားကွင်း၊ ကွက်လပ်မြေများအတွင်းသို့ဖြစ်စေ၊ ရေမြောင်းအတွင်းသို့ဖြစ်စေ၊ အများပြည်သူနှင့်သက်ဆိုင်သော လမ်းပေါ်သို့ဖြစ်စေ၊ နောက်ဖေး လမ်းကြားသို့ဖြစ်စေ၊ အမှိုက် သို့မဟုတ် စက်ဆုပ်ဖွယ်အရာကို လွှင့်ပစ်ချခြင်း၊ ပစ်ချခြင်း၊ သွန်ချခြင်း၊ ကျရောက်စေခြင်း သို့မဟုတ် စွန့်ပစ်ခြင်းမပြုရ။

(ဃ) မည်သူမျှ အမှိုက်ပုံး၊ အမှိုက်ကန် သို့မဟုတ် အမှိုက်ပုံရန်သတ်မှတ်ထားသော နေရာတွင် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ တူးခြင်း၊ ဆွခြင်း သို့မဟုတ် ပြန့်ကျဲစေခြင်း မပြုရ။

(င) မည်သူမျှ အမှိုက်ပုံနေရာတွင် စုပုံပြီးသော အမှိုက်ကို မြေဆွေးအဖြစ်ပြောင်းလဲ အသုံးပြုရန်ဖြစ်စေ၊ အခြားနည်းအသုံးပြုရန်ဖြစ်စေ၊ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ယူဆောင်ခြင်းမပြုရ။

(စ) မည်သူမျှ စက်ရုံ၊ အလုပ်ရုံနှင့် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်မှ စွန့်ပစ်သောရေဆိုးများကို ကော်မတီကသတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ သန့်စင်စေရန် ဆောင်ရွက်ထားခြင်းမရှိဘဲ ရေမြောင်းများ၊ မြစ်ချောင်းများ၊ စိုက်ပျိုးမြေများအတွင်းသို့ စွန့်ထုတ်ခြင်း၊ စီးဆင်းစေခြင်းမပြုရ။

(ဆ) မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ သုသာန်တွင်မြေမြှုပ်ထားသော သို့မဟုတ် ဂူသွင်းထားသောအလောင်းကို တူးဖော်ခြင်းသော်လည်းကောင်း၊ အအေးတိုက်အတွင်းထားရှိသော အလောင်းကို ပြန်လည်ယူဆောင်ခြင်းသော်လည်းကောင်း မပြုရ။

(ဇ) မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ သုသာန်ဂူကိုဖောက်ထွင်းခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းရွှေ့ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း မပြုရ။

(ဈ) မည်သူမျှ ခွင့်ပြုချက်မရှိဘဲ-

(၁) သုသာန်မှအပ အခြားနေရာတစ်ခုခုတွင် အလောင်းကို သင်္ဂြိုဟ်ခြင်း၊ အအေးခန်း ဖြင့် ထားသိုခြင်းမပြုရ။

(၂) မိမိပိုင်အဆောက်အအုံကို အအေးတိုက်၊ အသုဘရှုအဆောင် သို့မဟုတ် မီးသင်္ဂြိုဟ်စက်အဖြစ် တည်ဆောက်ခြင်း၊ အသုံးပြုခြင်း သို့မဟုတ် လုပ်ကိုင်ခြင်း မပြုရ။

(ည) မည်သူမျှ ကော်မတီကထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်မရှိဘဲ အသုဘယာဉ် လုပ်ငန်း သို့မဟုတ် ခေါင်းအမျိုးမျိုးပြုလုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

(ဋ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း အလောင်းသယ်ယာဉ်များနှင့် အသုဘယာဉ်များကို ကော်မတီကသတ်မှတ်ထားသည့် နေရာမှအပ အခြားနေရာတွင် ထားရှိခြင်းမပြုရ။

(ဌ) မည်သူမျှ မည်သည့်စွန့်ပစ်အမှိုက်အမျိုးအစားကိုမဆို ကော်မတီက သတ်မှတ်ထားသော နေရာမှအပ မိမိပိုင်ခြံဝင်း၊ လုပ်ငန်းခွင် အခြားပြင်ပ မည်သည့်နေရာတွင်မဆို မီးရှို့ခြင်းမပြုရ။

(ဍ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ စွန့်ပစ်အမှိုက်များကို သိမ်းဆည်းခြင်းမပြုရ။ ထိုသို့ သိမ်းဆည်းအမှိုက်များကို ကော်မတီကသတ်မှတ်ထားသော အမှိုက်စွန့်ပစ်ရန် နေရာမှအပ အခြားနေရာများသို့ သယ်ယူစွန့်ပစ်ခြင်းမပြုရ။

(ဎ) မည်သူမျှ စက်ရုံ၊အလုပ်ရုံနှင့် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်မှ လေထုညစ်ညမ်းမှု ဖြစ်စေနိုင်သော စွန့်ပစ်အခိုးအငွေ့များကို သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ သန့်စင်စေရန် ဆောင်ရွက်ထားခြင်းမရှိဘဲ လေထုအတွင်းသို့ စွန့်ပစ်ခြင်း၊ စွန့်ထုတ်ခြင်း မပြုရ။

(ဏ) အမှိုက်စွန့်ပစ်ခြင်းနှင့် စွန့်ပစ်သည့်အမှိုက်များကို ပြန်လည်အသုံးပြုခြင်းဆိုင်ရာ ကော်မတီ ၏ ညွှန်ကြားချက်ကို မည်သူမျှဆန့်ကျင်ခြင်းမပြုရ။

**လမ်းနှင့်တံတားဆိုင်ရာ တားမြစ်ချက်များ**

၁၀၆။ (က) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အများပြည်သူဆိုင်ရာလမ်း သို့မဟုတ် တံတားကိုပိတ်ဆို့ခြင်း၊ ဖျက်ဆီးခြင်း၊ ဖြိုဖျက်ခြင်း၊ ပိုင်းဖြတ်ခြင်း သို့မဟုတ် ညစ်ညမ်းစေခြင်း မပြုရ။

(ခ) မည်သူမျှ ကော်မတီပိုင် လမ်းနှင့် သတ်မှတ်သည့် လမ်းများပေါ်တွင် အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို မပြုလုပ်ရ-

(၁) ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်၊ ဝက်ကို မောင်းနှင်ခြင်း၊ ဆွဲငင်ခြင်း၊ စီးနင်းခြင်း၊ ချည်ထားခြင်း သို့မဟုတ် ထိန်းကျောင်းခြင်း၊

(၂) သဲ၊ မြေကြီး၊ ရွှံ့၊ ကျောက်စရစ်၊ ကျောက်ခဲ၊ အုတ်၊ အုတ်ကျိုး၊ အုတ်ပွဲ၊ သစ်တိုသစ်စ၊ လွှစာမှုန့်၊ ကောက်ရိုး၊ တိရစ္ဆာန်ချေး၊ ညစ်ညမ်းသည့် အရည်၊

ဆောက်လုပ်ရေးလုပ်ငန်းသုံး စွန့်ပစ်အရည် သို့မဟုတ် ပစ္စည်းစသည်တို့ကို စွန့်ပစ်ခြင်း သို့မဟုတ် ဖိတ်စင်စေခြင်း၊

(၃) ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ကုန်ပစ္စည်းများကို ရောင်းချရန်ခင်းကျင်းခြင်း သို့မဟုတ် ပြုပြင်မွမ်းမံရန် နေလှန်းခြင်း၊လမ်းကိုဖောက်၍ ရေပိုက်မြုပ်နှံခြင်း။

(ဂ) မည်သူမျှ ကော်မတီပိုင်လမ်းများပေါ်တွင် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုလုပ်ရ-

(၁) ကျင်ကြီးစွန့်ခြင်း၊ ကျင်ငယ်စွန့်ခြင်း သို့မဟုတ် ရေချိုးခြင်း၊

(၂) ယာဉ်တစ်မျိုးမျိုးကို ရေဆေးခြင်း၊ ပြင်ဆင်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ ညအိပ်ရပ်နားခြင်း၊

(၃) ကစားခြင်း၊ စွန်လွှတ်ခြင်း။

(ဃ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကော်မတီကသတ်မှတ်သည့် လမ်းတွင် မောင်းနှင်ခွင့်မပြုသော မော်တော်ယာဉ်အမျိုးအစားကိုဖြစ်စေ၊ ခွင့်ပြုသည့် ဝန်ချိန်ထက်ပိုသော မော်တော်ယာဉ်ကိုဖြစ်စေ မောင်းနှင်ခြင်း မပြုရ။

(င) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အများပြည်သူဆိုင်ရာ လမ်းအပေါ် အုပ်မိုး၍ ဖြစ်စေ၊ အစွန်းထွက်၍ဖြစ်စေ၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ဆောက်လုပ်ရေး ပစ္စည်းများစုပုံထား ခြင်းမပြုရ။

(စ) မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အများပြည်သူဆိုင်ရာလမ်း၊ စကြံ၊ ပလက်ဖောင်း များပေါ်တွင် ကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ အိမ်ထောင်ပရိဘောဂများ ချထားခြင်း၊ အဆောက်အအုံများဆောက်လုပ်ခြင်း၊ ပစ္စည်းများစုပုံခြင်း၊ ရောင်းချခြင်း၊ ခင်းကျင်းခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း၊ နေလှန်းခြင်း မပြုရ။

(ဆ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ လမ်းအောက်ကဖြစ်စေ၊ လမ်းအပေါ်က ဖြစ်စေ၊ လူကူးလမ်းဖောက်လုပ်ခြင်း မပြုရ။

(ဇ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်း မပြုရ။

(ဈ) မည်သူမျှ ကော်မတီကတပ်ဆင်ထားသော လမ်းအမည်နှင့် လမ်းအမှတ်များကို ဖျက်ဆီးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အမှတ်အသားများ၊ လမ်းညွှန် ဆိုင်းဘုတ်များကိုဖျက်ဆီးခြင်း၊ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ရွှေ့ပြောင်းတပ်ဆင်ခြင်း သို့မဟုတ် အခြားအမည်ကို ပြောင်းလဲရေးသား၍ တပ်ဆင်ခြင်းမပြုရ။

(ည) မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ မူလသဘာဝမြစ်ချောင်း၊ မြစ်ထွက်ပေါက်ကို ဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ၊ ကော်မတီပိုင်ရေမြောင်းကိုဖြစ်စေ၊ မြေအောက်ရေမြောင်းကိုဖြစ်စေ၊ သဘာဝအလျောက်ရှိပြီးသား ရေစီးကြောင်း

ရေမြောင်းကိုဖြစ်စေ တစ်နည်းနည်းဖြင့်ပိတ်ဆို့ခြင်း၊ ရေလမ်းကြောင်းပြောင်းလဲစေခြင်း၊ ရေစီးရေလာကို အနှောင့်အယှက်ဖြစ်စေခြင်း၊ မြေဖို့ခြင်း သို့မဟုတ် လွှဲပြောင်းစီးဆင်းစေခြင်းမပြုရ။

(ဋ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း မော်တော်ယာဉ်လိုင်းအသစ်ဖွင့်လှစ်တည်ထောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း မပြုရ။

(ဌ) အများပြည်သူသုံးလမ်းဘေးရေမြောင်းငယ်၊ ရေမြောင်းကြီး၊ မြစ်၊ မြစ်ထွက်ပေါက်၊ ချောင်းများအတွင်းသို့ စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးများ စွန့်ပစ်ခြင်း၊ ထားရှိခြင်း မပြုရ။

(ဍ) အများပြည်သူဆိုင်ရာ လမ်းနယ်နိမိတ်များပေါ်တွင် သတ်မှတ်ထားသည့်နေရာမှအပ ယာဉ်များ အကြောင်းမဲ့ ကြာမြင့်စွာရပ်တန့်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ရပ်တန့်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ ပြုပြင်ခြင်း၊ ထားရှိခြင်းမပြုရ။

(ဎ) အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် ယာဉ်များသွားလာခြင်း၊ ရပ်နားခြင်းတို့အတွက် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အတားအဆီးများချထားခြင်း မပြုရ။

(ဏ) အများပြည်သူဆိုင်ရာ လမ်းနယ်နိမိတ်များပေါ်တွင် ညစ်ညမ်းအောင်မပြုရ။

(တ) အဆောက်အအုံများဆောက်လုပ်ရာတွင် ကားပါကင်၊ မီးစက်၊ ထရန်စဖော်မာတို့ကို ခွင့်ပြုချက်မရှိဘဲ လမ်းနယ်နိမိတ်အတွင်း သုံးစွဲချထားခြင်းမပြုရ။

(ထ) အထပ်မြင့်များတွင် မိမိပိုင်ဧရိယာအတွင်းမှ ထွက်ရှိလာသော ရေဆိုးများကို အများပြည်သူဆိုင်ရာရေမြောင်းများ၊ မြစ်ချောင်းများအတွင်းသို့ ခွင့်ပြုချက်မရှိဘဲစွန့်ထုတ်၊ ဖောက်လုပ်၊ စီးဆင်းစေခြင်း မပြုရ။

(ဒ) မိမိပိုင်ဧရိယာအတွင်းဝင်ထွက်သွားလာရန် ယာဉ်ဝင်ထွက်နေရာများကို ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ခြင်း၊ ခွင့်ပြုသတ်မှတ်သည့် ပုံစံမှကွဲလွဲ၍ဆောင်ရွက်ခြင်း မပြုရ။

(ဓ) ခွင့်ပြုချက်မရှိဘဲ အများပြည်သူပိုင် လမ်း၊ စကြံ၊ ပလက်ဖောင်းများအား တူးဖော်ခြင်း မပြုလုပ်ရ။

(န) မည်သူမျှ လက်ရှိလမ်းနယ်နိမိတ်နှင့်မြောင်းနယ်နိမိတ်အတွင်းရှိ မြေပြင်အနေအထားကို ခွင့်ပြုချက်မရှိဘဲတူးဆွခြင်း၊ မြေဖို့ခြင်း၊ ပြုပြင်ခြင်းတို့ကို မပြုလုပ်ရ။

## ယာဉ်၊ ကူးတို့၊ ပွဲရုံနှင့် ပုဂ္ဂလိကငွေချေးလုပ်ငန်းများ အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းဆိုင်ရာ တားမြစ်ချက်များ

၁၀၇။ (က) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ယာဉ်ရပ်နားစခန်းဖွင့်လှစ် ခြင်း၊ ကုန်တင်ကုန်ချဂိတ်ဖွင့်လှစ်ခြင်း၊ မြို့ဝင်ကြေး၊ ယာဉ်ညဥ့်အိပ်ခွန်၊

ယာဉ်တန်ပိုကြေးနှင့် မော်တော်ယာဉ်ရပ်နားခ၊ မော်တော်ယာဉ်စောင့်ရှောက်ခ ကောက်ခံခြင်းမပြုရ။

(ခ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက သတ်မှတ်ထားသည့်နေရာနှင့် လမ်းမှအပ စည်ပင်သာယာပိုင်လမ်းများနှင့် မြေများပေါ်တွင် (၃)တန်အထက် ကုန်တင်ယာဉ်များ၊ ကုန်သေတ္တာတင် နောက်တွဲယာဉ်များကို ညအိပ်ရပ်နားခြင်း သို့မဟုတ် ဝင်ရောက်ခြင်း မပြုရ။

(ဂ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မိမိပိုင်မြေ သို့မဟုတ် မိမိလက်ဝယ်ရှိမြေကို အခကြေးငွေယူ၍သော်လည်းကောင်း၊ တစ်နည်းနည်း ဖြင့် လွှဲပြောင်းလုပ်ပိုင်ခွင့်ပေး၍သော်လည်းကောင်း၊ ယာဉ်ရပ်နားစခန်း၊ ယာဉ် ရောင်းဝယ်ရေးစခန်း သို့မဟုတ် ယာဉ်မောင်းသင်ကွင်းအဖြစ် မပြုလုပ်ရ။

(ဃ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မိမိပိုင်မြေ သို့မဟုတ် အဆောက်အအုံကို အခကြေးငွေယူ၍သော်လည်းကောင်း၊ တစ်နည်းနည်း ဖြင့် လွှဲပြောင်းလုပ်ပိုင်ခွင့်ပေး၍သော်လည်းကောင်း၊ ခရီးသည်များတင်ချပြုလုပ်သည့် မော်တော်ယာဉ်လက်မှတ်ရောင်းရန်နေရာ သို့မဟုတ် မော်တော်ယာဉ်များ ဝင်ထွက် ရပ်နားဂိတ်ထိုးရန် နေရာအဖြစ် မပြုလုပ်ရ။

(င) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကော်မတီပိုင်လမ်း၊ လမ်းမြေ သို့မဟုတ် လူသွားစင်္ကြံ၊ ပလက်ဖောင်းတို့တွင် ခရီးသည်များ တင်ချပြုလုပ် သည့် မော်တော်ယာဉ်လက်မှတ်ရောင်းရန်နေရာအဖြစ်လည်းကောင်း၊ မော်တော်ယာဉ် များ ဝင်ထွက်ရပ်နားဂိတ်ထိုးရန်နေရာအဖြစ်လည်းကောင်း မပြုလုပ်ရ။

(စ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီကထုတ်ပေးသော ပုဂ္ဂလိကငွေချေး လုပ်ငန်းလိုင်စင်မရှိဘဲ ပုဂ္ဂလိကငွေချေးလုပ်ငန်း မပြုလုပ်ရ။

(ဆ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီကထုတ်ပေးသော ကူးတို့လုပ်ငန်း လိုင်စင်မရှိဘဲ ကူးတို့လုပ်ငန်းမပြုလုပ်ရ။

(ဇ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ခရီးသည်တင်ယာဉ်ရပ်နားစခန်းများတွင် ကုန်တင်ယာဉ်များ၊ နောက်တွဲယာဉ်များနှင့် အခြားကန့်သတ်ထားသည့်ယာဉ်များ ဝင်ရောက်ရပ်နားခြင်းမပြုရ။

(ဈ) မည်သူမျှ ကော်မတီက သတ်မှတ်ထားသည့် ယာဉ်ရပ်ရန်နေရာမှအပ အခြားမည်သည့် နေရာတွင်မှ ယာဉ်ရပ်ခြင်းမပြုရ။

(ည) မည်သူမျှသတ်မှတ်ထားသည့် လမ်းစည်းကမ်းများနှင့် လမ်းအသုံးချမှုစည်းကမ်းများကို ဖောက်ဖျက်ခြင်းမပြုရ။

## တိရစ္ဆာန်များမွေးမြူခြင်း၊ ရောင်းချခြင်း၊ အသားထုတ်လုပ်ရုံများတည်ထောင်ခြင်း၊ တိရစ္ဆာန်များသတ်ဖြတ်ခြင်း၊ သားငါးများရောင်းချခြင်းဆိုင်ရာ တားမြစ်ချက်များ

၁၀၈။ (က) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း-

(၁) ကော်မတီကထုတ်ပေးသည့်လိုင်စင် သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ သားငါးများကိုထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်း မပြုရ၊

(၂) ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ နေအိမ်ဥပစာအပါအဝင် မည်သည့်နေရာတွင်မဆို သားငါးများကိုရောင်းချခြင်း မပြုရ၊

(၃) စားသုံးရန်မသင့်သော သားငါးများနှင့် ရောဂါစွဲကပ်နေသည့် မည်သည့်တိရစ္ဆာန်ကိုမဆို သတ်ဖြတ်ခြင်း၊ ရောင်းချခြင်းမပြုရ၊

(၄) ကော်မတီက ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်မရှိဘဲ မှတ်ပုံတင်ရန် လိုအပ်သည်ဟုသတ်မှတ်ထားသော အိမ်မွေးတိရစ္ဆာန်များကို မွေးမြူခြင်း၊ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းမပြုရ၊

(၅) ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အများပြည်သူအား အန္တရာယ်ဖြစ်စေနိုင်သည်ဟု ကော်မတီက အခါအားလျော်စွာ သတ်မှတ်သော အခြားတိရစ္ဆာန်များကို မွေးမြူခြင်း၊ ရောင်းချခြင်းမပြုရ၊

(ခ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့်နယ်မြေဒေသတွင် ကျွဲနွား တိရစ္ဆာန်များကိုဖြစ်စေ၊ အိမ်မွေးတိရစ္ဆာန် မှအပ ကော်မတီကသတ်မှတ်သည့် အခြားတိရစ္ဆာန်တစ်မျိုးမျိုးကိုဖြစ်စေ၊ မွေးမြူခြင်း၊ ထိန်းကျောင်းခြင်း၊မောင်းနှင်ခြင်း၊ဆွဲယူခြင်း၊ စီးနင်းခြင်း သို့မဟုတ် သယ်ဆောင်ခြင်းမပြုရ။

(ဂ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း-

(၁) ဘာသာရေးနှင့် အခြားကိစ္စရပ်များအတွက် သတ်ဖြတ်ခွင့်အမိန့်ထုတ်ပေးသည့် ကိစ္စမှအပ ကော်မတီကထုတ်ပေးသည့် သားသတ်ခွင့်လိုင်စင်မရှိဘဲ ကျွဲ၊ နွား တိရစ္ဆာန်များကို သတ်ဖြတ်ခြင်းမပြုရ။

(၂) ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွား ပွဲဈေးများ၊ အသားထုတ်လုပ်ရုံများ တည်ထောင်ခြင်းမပြုရ။

(ဃ) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကော်မတီပိုင် သားသတ်ရုံနှင့် ကော်မတီက ခွင့်ပြုသည့် သားသတ်ရုံများ သတ်မှတ်နေရာများမှအပ အခြားနေရာတစ်ခုခုတွင် ကျွဲ၊ နွားတိရစ္ဆာန်အပါအဝင် ကြက်၊ ဘဲ၊ ငှက်၊ ငုံးတစ်မျိုးမျိုးကို သိုလှောင်ခြင်း၊ အရှင်ရောင်းချခြင်း၊သတ်ဖြတ်ခြင်း မပြုရ။

(င) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီကသတ်မှတ်သည့် သား၊ ငါးများကို သတ်မှတ်သည့် သား၊ ငါးတင်ယာဉ်နှင့်လမ်းကြောင်းမှအပ သယ်ဆောင်ခြင်းမပြုရ။

## လုပ်ငန်းဆိုင်ရာ တားမြစ်ချက်များ

၁၀၉။ (က) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ကော်မတီက ထုတ်ပေးသော လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ တည်းခိုခန်း၊ ဘော်ဒါဆောင်လုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

(ခ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း ယာယီဇာတ်ရုံ ဆောက်လုပ်ခြင်းမပြုရ။

(ဂ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း အိမ်ဆိုင်၊ ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင် သို့မဟုတ် ကုန်တိုက်များ၊ကိုယ်ပိုင်ဈေးများ ဖွင့်လှစ် ရောင်းချခြင်း မပြုရ။

(ဃ) မည်သူမျှ ယာဉ်ဖြင့်လှည့်လည်ရောင်းချခွင့် လိုင်စင်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ ထီလက်မှတ် သို့မဟုတ် ကုန်ပစ္စည်း များကို လှည့်လည် ကြော်ငြာခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

(င) မည်သူမျှ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ လမ်းဘေးဈေးဆိုင် ဖွင့်လှစ်ရောင်းချခြင်းမပြုရ။

(စ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း နံရံကပ်ဆိုင်ဖွင့်လှစ် ရောင်းချခြင်းမပြုရ၊ လှေကားခွင်တွင် ဆိုင်ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

(ဆ) မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း လုပ်ငန်း တစ်ရပ်ရပ်ကို ပတ်ဝန်းကျင်မှထောက်ခံမှုများရှိစေကာမူ အနာဂတ်တွင် ကော်မတီ ရည်မှန်းချက်ဖြစ်သော နိုင်ငံတကာမြို့တော်အဆင့်အတန်းနှင့် ညီညွတ်မှုမရှိ၍ မသင့်လျော်ဟု မှတ်ယူတားမြစ်ခြင်းကို လိုက်နာရန်ပျက်ကွက်ခြင်း မရှိစေရ။

## မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ တားမြစ်ချက်

၁၁၀။ (က) မည်သူမျှ ကော်မတီပိုင်မြေနှင့်ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေ၊ မြေကွက်လပ် များနှင့် အရန်မြေများပေါ်တွင် ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ပစ္စည်းများကိုစုပုံခြင်း၊ အဆောက်အအုံများ၊ နေအိမ်များနှင့် တဲများကို ကျူးကျော်ဆောက်လုပ်ခြင်း၊ နေထိုင် ခြင်းမပြုရ။

(ခ) ဥပဒေနှင့်အညီ ဆောင်ရွက်မည့် ဖယ်ရှားရှင်းလင်းရေးအဖွဲ့ကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်းမပြုရ။

(ဂ) မြေပုံ၊ မြေရာဇဝင်နှင့်မြေယာမှတ်တမ်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ခြစ်ဖျက်ခြင်း မပြုလုပ်ရ။

(ဃ) နိုင်ငံတော်လိုအပ်ချက်အရ စီမံကိန်းလုပ်ငန်းများအတွက် မြေတိုင်းတာရာတွင်လည်းကောင်း၊ ပုဂ္ဂလိကများမှ တရားဝင်မြေတိုင်း လျှောက်ထားချက်အရ မြေတိုင်းတာရာတွင်လည်းကောင်း တာဝန်ရှိသူများနှင့် မြေတိုင်းအဖွဲ့အား ဟန့်တားနှောင့်ယှက်ခြင်း မပြုရ။

(င) မြေပုံ၊ မြေရာဇဝင်၊ ဘိုးဘွားပိုင်မြေပိုင်ဆိုင်ခွင့်စာအုပ်၊ မြေငှားဂရန်စာချုပ်၊ လိုင်စင်၊ ပါမစ် စသည့် စာရွက်စာတမ်းမူရင်းများကို ဌာနမှလိုအပ်၍ လာရောက်ပြသရန်၊ အပ်နှံရန် တောင်းခံခြင်းကို ငြင်းပယ်ခြင်းမပြုရ။

၁၁၁။ မည်သူမျှ မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း-

(က) ဤဥပဒေအရ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊စည်းကမ်းများအရ တာဝန်ဝတ္တရားဆောင်ရွက်ရန် မြေ သို့မဟုတ် အဆောက်အအုံအတွင်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဝင်ရောက်မည့်ကော်မတီကိုဖြစ်စေ၊ ကော်မတီဝင်ကိုဖြစ်စေ၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ခြင်းခံရသော ကော်မတီဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်း၊ ပိတ်ပင်ခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်း၊ ပြစ်မှုမကင်းသောအနိုင်အထက်ပြုခြင်း မပြုရ။

(ခ) စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်ရန် ကော်မတီနှင့် စာချုပ်ချုပ်ဆိုထားသည့် ကန်ထရိုက်တာအား စာချုပ်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် လုပ်ငန်းနှင့် ဆက်နွယ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဥပဒေနှင့်အညီ မဟုတ်ဘဲ ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်းမပြုရ။

## အခန်း(၂၅)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၁၂။ မည်သူမဆို **ဇယား(၁)**တွင်ဖော်ပြထားသည့် တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရပါက စီမံခန့်ခွဲရေး နည်းလမ်းအရ အောက်ပါအရေးယူမှုတစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ပြစ်မှုနှင့်အကျုံးဝင်သက်ဆိုင်သည့်ပစ္စည်းများအား ကော်မတီပိုင်အဖြစ်သိမ်းဆည်းခြင်း သို့မဟုတ် ဒဏ်ကြေးငွေအနည်းဆုံး ငွေဒဏ်ကျပ်တစ်သောင်းမှ အများဆုံး ငွေဒဏ်ကျပ်ငါးသောင်းအထိ ချမှတ်ခြင်း၊

(ခ) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ရရှိသူဖြစ်ပါက သတိပေးခြင်း၊ ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း။

၁၁၃။ ကော်မတီသည် ပုဒ်မ ၁၁၂(က) ပါ ဒဏ်ကြေးငွေအား သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း ဆောင်ရွက်နိုင်သည်။ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်အရချမှတ်သည့် ဒဏ်ကြေးငွေကိုပေးဆောင်ရန် ပျက်ကွက်ပါက ထိုဒဏ်ကြေးငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

## အခန်း(၂၆)
## အယူခံဝင်ခြင်း

၁၁၄။ (က) ဤဥပဒေအရချမှတ်သည့် စီမံခန့်ခွဲမှုဆိုင်ရာဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အတည်ဖြစ်စေရမည်။

## အခန်း(၂၇)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၁၅။ မည်သူမဆို ပုဒ်မ ၁၁၂ အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းခံရလျှင် ပုဒ်မ ၁၁၄ အရ အယူခံကာလကျော်လွန်ပြီးနောက် ထပ်မံကျူးလွန်ပါက ထိုသူကို အနည်းဆုံးငွေဒဏ်ကျပ်နှစ်သောင်းမှ အများဆုံးငွေဒဏ်ကျပ်နှစ်သိန်းအထိဖြစ်စေ၊ ထောင်ဒဏ်(၁)လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၁၆။ မည်သူမဆို **ဇယား(၂)**ပါတားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ၎င်းနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်၊ နည်းဥပဒေ၊စည်းမျဉ်းစည်းကမ်း၊လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးငွေဒဏ်ကျပ်သုံးသောင်းမှ အများဆုံး ငွေဒဏ်ကျပ်သုံးသိန်းအထိဖြစ်စေ၊ ထောင်ဒဏ်(၃)လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၁၇။ ပုဒ်မ ၁၁၆ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါပြဋ္ဌာန်းချက်ကို ဆက်လက် ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန်ပျက်ကွက်လျှင် ထိုသူကို ဆက်လက်ဖောက်ဖျက် ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့်နေ့အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံးငွေဒဏ်ကျပ်သုံးသောင်းမှအများဆုံးငွေဒဏ်ကျပ်တစ်သိန်းအထိဖြစ်စေ၊ ထောင်ဒဏ် (၃)လအထိဖြစ်စေ ချမှတ်ရမည်။

၁၁၈။ မည်သူမဆို **ဇယား(၃)**ပါတားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ၎င်းနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငွေဒဏ်ကျပ်လေးသောင်းမှ အများဆုံးငွေဒဏ်ကျပ်လေးသိန်းအထိဖြစ်စေ၊ ထောင်ဒဏ် (၆)လအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၁၁၉။ ပုဒ်မ ၁၁၈ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါပြဋ္ဌာန်းချက်ကိုဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန်ပျက်ကွက်လျှင် ထိုသူကို ဆက်လက်ဖောက်ဖျက် ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့်နေ့အသီးသီးအတွက် တစ်နေ့လျှင်အနည်းဆုံး ငွေဒဏ် ကျပ်သုံးသောင်းမှ အများဆုံး ငွေဒဏ်ကျပ်တစ်သိန်းအထိဖြစ်စေ၊ ထောင်ဒဏ်(၆)လအထိဖြစ်စေ ချမှတ်ရမည်။

၁၂၀။ မည်သူမဆို **ဇယား(၄)**ပါတားမြစ်ချက်များကိုဖြစ်စေ၊ ၎င်းနှင့်သက်ဆိုင်သည့်ပြဋ္ဌာန်းချက်၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ညွှန်ကြားချက်များကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ငွေဒဏ်ကျပ်ငါးသောင်းမှ အများဆုံးငွေဒဏ်ကျပ်ငါးသိန်းအထိဖြစ်စေ၊ ထောင်ဒဏ် (၁)နှစ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၂၁။ ပုဒ်မ ၁၂၀ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါပြဋ္ဌာန်းချက်ကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် သို့မဟုတ် လိုက်နာရန်ပျက်ကွက်လျှင် ထိုသူကို ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းပြုသည့်နေ့အသီးသီးအတွက် တစ်နေ့လျှင်အနည်းဆုံးငွေဒဏ် ကျပ်သုံးသောင်းမှ အများဆုံးငွေဒဏ်ကျပ်တစ်သိန်းအထိဖြစ်စေ၊ ထောင်ဒဏ် (၁)နှစ်အထိဖြစ်စေ ချမှတ်ရမည်။

၁၂၂။ ဤဥပဒေအခန်း(၂၇)ပါ ပြစ်မှုများသည် ရဲအရေးပိုင်သောအမှုများအဖြစ် သတ်မှတ်သည်။

## အခန်း(၂၈)
## အထွေထွေ

၁၂၃။ ကော်မတီသည် မိမိ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ဖော်ပြပါလုပ်ငန်းများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပြီးမှ ဆောင်ရွက်ရမည်-

(က) မူဝါဒသဘောပါရှိသော လုပ်ငန်းများ၊

(ခ) မြို့တော်နယ်နိမိတ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အထူးစီမံကိန်းများနှင့် နှစ်ရှည်ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်ရမည့်လုပ်ငန်းများ၊

(ဂ) သတ်မှတ်ထားသော ရန်ပုံငွေပမာဏထက် ကျော်လွန်မည့် စည်ပင်သာယာရေး လုပ်ငန်းများနှင့် ချေးငွေရယူမှုများ၊

(ဃ) ပြည်တွင်းပြည်ပအကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ။

၁၂၄။ ဤဥပဒေအရ ပြစ်မှုများကို စစ်ဆေးစီရင်နိုင်ရန်အလို့ငှာ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း သင့်လျော်သည့်နေရာများ၌ စည်ပင်သာယာတရားရုံးများနှင့် စည်ပင်သာယာဥပဒေရုံးများကို ထူထောင်ဖွင့်လှစ်ထားရှိနိုင်ရေးအတွက် အစိုးရအဖွဲ့မှတဆင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်လည်းကောင်း တင်ပြဆောင်ရွက်ရမည်။

၁၂၅။ ဤဥပဒေအရ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် စည်ပင်သာယာရဲတပ်ဖွဲ့ကို ဖွဲ့စည်းနိုင်ရန် အစိုးရအဖွဲ့မှတဆင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ ညှိနှိုင်းဆောင်ရွက်ရမည်။

၁၂၆။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိစေရမည်။

၁၂၇။ တရားမကြောင်းအရ ကော်မတီအား တရားစွဲဆိုခြင်းမပြုမီ အနည်းဆုံး(၂)လကြိုတင်၍ ကော်မတီသို့ နို့တစ်စာပေးပို့ပြီးဖြစ်စေရမည်။

၁၂၈။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ဥပဒေနှင့်အညီ မိမိတာဝန်ကို သဘောရိုးဖြင့် ဆောင်ရွက်သော ကော်မတီဝင်များ၊ ဤဥပဒေအရ စည်ပင်သာယာရေးလုပ်ငန်းများအလို့ငှာ ခန့်အပ်ထားသည့် သို့မဟုတ် တာဝန်ပေးအပ်ထားသည့်စည်ပင်သာယာအရာထမ်း၊ အမှုထမ်းများအပေါ် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခံထိုက်ခြင်းမရှိစေရ။

၁၂၉။ ကော်မတီဝင်တစ်ဦးဦးသည် သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးသည် ကော်မတီနှင့် ပဋိညာဉ်ပြုလုပ်ချုပ်ဆိုသော လုပ်ငန်းတွင်သော်လည်းကောင်း၊ ကော်မတီပိုင်လုပ်ငန်းတွင်သော်လည်းကောင်း၊ ကော်မတီကလွှဲအပ်သည့် လုပ်ငန်းတွင်သော်လည်းကောင်း၊ မိမိ၏ပုဂ္ဂိုလ်ရေး အကျိုးစီးပွားအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်ခြင်း မရှိစေရ။

၁၃၀။ ကော်မတီကခန့်အပ်တာဝန်ပေးထားသော ဓါတ်ခွဲစမ်းသပ်စစ်ဆေးသူ၏ စစ်ဆေးချက်အစီရင်ခံစာကို ဤဥပဒေအရ စွဲဆိုသည့်အမှုများအတွက် သက်သေခံအက်ဥပဒေအရကျွမ်းကျင်သူ၏ စစ်ဆေးချက်ကဲ့သို့ သက်သေခံအဖြစ်လက်ခံရမည်။

၁၃၁။ ဤဥပဒေအရ သက်သေခံရန်အလို့ငှာ တရားရုံးသို့မတင်ပြနိုင်သော သက်သေခံပစ္စည်းတစ်ခုခုနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ပေးအပ်ခြင်းခံရသည့် စစ်ဆေးထွက်ဆိုသူ၏ ထွက်ဆိုချက်၊ စစ်ဆေးချက်မှတ်တမ်းသည် သက်သေခံပစ္စည်းဖြစ်သကဲ့သို့ မှတ်ယူရမည်။

၁၃၂။ အများပြည်သူသည် မြို့တော်နယ်နိမိတ်အတွင်း သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရန် တာဝန်ရှိသည့်

အလျောက် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန်တာဝန်ရှိသည်။

၁၃၃။ ဤဥပဒေမတိုင်မီ ထုတ်ပြန်ခဲ့သည့် စည်ပင်သာယာရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေ၏ ရည်ရွယ်ချက်၊ သဘောထားများနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၃၄။ ဤဥပဒေအရ ပေးအပ်သော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက ကော်မတီသည် သက်ဆိုင်ရာဌာနမှူးနှင့် စည်ပင်သာယာအရာရှိတစ်ဦးဦးကို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၁၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုဆောင်ရွက်နိုင်ရန်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့်ကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။



**ရဲမြင့်**

**ဝန်ကြီးချုပ်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ဇယား(၁)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းခံရမည့်တားမြစ်ချက်များ

| ပုဒ်မ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၉၉(က) | အနှေးယာဉ်မှတ်ပုံတင်စာအုပ်မရှိဘဲ အနှေးယာဉ်သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်း၊ |
| ၉၉(ခ) | အနှေးယာဉ်မှတ်ပုံတင်စာအုပ်နှင့် လိုင်စင်မရှိဘဲ လမ်းပေါ်တွင်အနှေးယာဉ်ကို နှင်းခြင်း၊ တွန်းခြင်း၊ ဆွဲခြင်း သို့မဟုတ် မောင်းနှင်ခြင်း၊ |
| ၉၉(ဃ) | ခွင့်ပြုချက်မရှိဘဲ လမ်း၊ လမ်းမြေ သို့မဟုတ် လူသွားစင်္ကြံ၊ပလက်ဖောင်းတို့တွင် အနှေးယာဉ်ရပ်နားရန်နေရာအဖြစ်ပြုလုပ်ခြင်း၊ |
| ၁၀၀(က) | လိုင်စင်ထုတ်ပေးထားသောအစားအသောက်မှအပ လိုင်စင်မရှိဘဲ ထုတ်လုပ် ရောင်းချခြင်း၊ |
| ၁၀၀(ခ) | စားသုံးရန်သင့်လျော်ကြောင်းလက်မှတ်မရှိဘဲ ထုတ်လုပ်ရောင်းချခြင်း၊ |
| ၁၀၀(ဂ) | စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိသည့် အစားအသောက်များ ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်း၊ |
| ၁၀၀(ဃ) | ကျန်းမာရေးကိုထိခိုက်စေသည့် လုပ်ငန်း၊ ခွင့်ပြုချက်မရှိဘဲ မိမိနေအိမ်ပိုင်နက်တွင် လုပ်ကိုင်ခြင်း၊ |
| ၁၀၀(င) | ကျန်းမာရေးကိုထိခိုက်စေသည့် လုပ်ငန်း၊ ခွင့်ပြုချက်မရှိဘဲ မိမိနေအိမ်ပိုင်နက် အတွင်း သိုလှောင်ခြင်း၊ |
| ၁၀၀(စ) | စားသောက်လိုင်စင်ရရှိသူသည် ခွင့်ပြုချက်မရှိဘဲ အမည်/နေရာ ပြောင်းရွှေ့၊ တိုးချဲ့ခြင်း၊ |
| ၁၀၀(ဆ) | ပိတ်ပင်ထားသော အစားအသောက်နှင့်ပစ္စည်း ရောင်းချခြင်း၊ |
| ၁၀၀(ဇ) | အစားအသောက်ထုတ်လုပ်သိုလှောင်ရောင်းချနေရာသို့ ကူးစက်ရောဂါရှိသူ ဝင်ရောက်လုပ်ကိုင်ခြင်း၊ |
| ၁၀၀(ဈ) | စည်းကမ်းနှင့် ညီညွတ်ခြင်းမရှိဘဲ ရေကူးကန်၊ ရေချိုးခန်း၊ အိမ်သာ၊ တည်းခိုခန်း လုပ်ကိုင်ခြင်း၊ |

ဇယား(၁)အဆက် - ၂

| ပုဒ်မ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၀၁(က) | တရားမဝင်ရေဆက်သွယ်ခြင်း၊ |
| ၁၀၁(ခ)(၁) | ကော်မတီပိုင် ရေပိုက်ကိုဖောက်ခြင်း၊ ရေပိုက်ကိုဖောက်၍ မိမိနေအိမ်အတွင်းသို့ ရေဆက်သွယ်ရယူခြင်း၊ |
| ၁၀၁(ခ)(၂) | ကော်မတီက ခွင့်ပြုထားသော ရေသွယ်ပိုက်မှ ဆင့်ပွားပိုက်ဆက်ဖြင့် တပ်ဆင်ဆက်သွယ်ခြင်း၊ |
| ၁၀၁(ခ)(၃) | ကော်မတီခွင့်ပြုထားသော ရေသွယ်ပိုက်မှ ရေကိုပိုမိုရရှိရန် လျှပ်စစ် သို့မဟုတ် စွမ်းအင်တစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ လက်နှိပ်တုံကင်အသုံးပြု၍ဖြစ်စေ ရေရယူသုံးစွဲခြင်း၊ |
| ၁၀၁(ခ)(၄) | ကော်မတီ၏ခွင့်ပြုချက်ဖြင့် မူလတပ်ဆင်ထားသော ရေနှင့် သန့်ရှင်းမှုဆိုင်ရာပစ္စည်း အမျိုးအစား၊ အရွယ်အစားနှင့် အရေအတွက်တို့ကို ဖြည့်စွက်ပြောင်းလဲတပ်ဆင်ခြင်း သို့မဟုတ် တိုးချဲ့တပ်ဆင်ခြင်း၊ |
| ၁၀၁(ခ)(၅) | **မြေအောက်ရေတူးဖော်ခြင်း၊ ထုတ်ယူသုံးစွဲခြင်း၊ဖြန့်ဝေခြင်း၊**<br>(၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ ယာယီတူးဖော်ခွင့်ပြုမိန့် လိုင်စင်လျှောက်ထားခြင်းမပြုဘဲ တူးဖော်ခြင်း၊<br>(၂) ခွင့်ပြုမိန့်လိုင်စင်မကျမီ စက်ရေတွင်းတူးဖော်ခြင်း၊<br>(၃) တူးဖော်ရန်လျှောက်ထားသည့် တွင်းအရွယ်အစားအား တူးဖော်ခြင်းမပြုဘဲ ပြောင်းလဲတူးဖော်ခြင်း၊<br>(၄) တွင်းတူးစဉ်ထွက်ရှိလာသော မြေစာနှင့် စွန့်ပစ်ရေများကို ရေမြောင်းများ အတွင်းသို့ စီးဆင်းဝင်ရောက်စေခြင်းနှင့် တိုက်ရိုက်စွန့်ပစ်ခြင်း၊<br>(၅) မြေအောက်ရေတူးဖော်ခြင်း၊ ထုတ်ယူသုံးစွဲခြင်း၊ဖြန့်ဝေခြင်း၊ တွင်းတူးဖော်နေစဉ် ပတ်ဝန်းကျင်နေအိမ်များသို့ အနှောင့်အယှက်ဖြစ်စေမည့် ဆူညံသံများဖြစ်ပေါ်စေခြင်း၊<br>(၆) ယာယီတူးဖော်ခွင့်ပြုချက်ဖြင့် တူးဖော်ပြီး ထွက်ရှိလာသော ရေအား ဌာနပိုင်ဓာတ်ခွဲခန်းတွင် ရေဓာတ်စမ်းသပ်ခြင်းပြုလုပ်ပြီး အမြဲတမ်းသုံးစွဲခွင့်လိုင်စင် မရရှိမီ ရေထုတ်ယူသုံးစွဲခြင်း၊<br>(၇) အဝီစိတွင်းတူးဖော်ရာတွင် စည်းကမ်းချက်နှင့် မကိုက်ညီခြင်း၊<br>(၈)တူးဖော်ရန်လျှောက်ထားသူ ပိုင်ဆိုင်သည့် မြေနေရာအတွင်းသာ တူးဖော်စေခြင်း၊ |

| ပုဒ်မ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| | (၉) တူးဖော်မည့် နေအိမ်ရှိ မိလ္လာကန်၊ အနီးပတ်ဝန်းကျင်နေအိမ်များရှိ မိလ္လာကန်များနှင့် နီးကပ်စွာတူးဖော်ခြင်း၊<br>(၁၀)တူးဖော်ထားသော စက်ရေတွင်းအား အသုံးပြု၍ ရေဆိုးစွန့်ပစ်ခြင်း၊<br>(၁၁)အဝီစိတွင်းတူးဖော်ပြီး ထုတ်ယူသုံးစွဲရာတွင် စည်းကမ်းချက်နှင့် မကိုက်ညီခြင်း၊ |
| ၁၀၁(ခ)(၆) | မီးသတ်ပိုက်ခေါင်းမှ ရေရယူသုံးစွဲခြင်း၊ |
| ၁၀၁(ဃ) | ကော်မတီက တပ်ဆင်ထားသော ရေမီတာကို ပျက်စီးစေခြင်း၊ နှောင့်နှေးစေခြင်း၊ လွယ်ကူစွာဖတ်မရအောင်ပြုလုပ်ခြင်း၊ |
| ၁၀၁(င)(၂) | ကော်မတီက ဆောင်ရွက်သည့် ရေပေးရေးလုပ်ငန်းမှရေကို ဖြန့်ဖြူးခြင်း သို့မဟုတ် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အိမ်ဥပစာပြင်ပသို့တစ်ဆင့်ဖြန့်ဝေပေးခြင်း သို့မဟုတ် ရောင်းစားခြင်း၊ |
| ၁၀၂(က) | စည်ပင်သာယာဈေးအတွင်း သတ်မှတ်ထားသော စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းချခြင်း၊ |
| ၁၀၂(ခ) | သက်ဆိုင်ရာ စည်ပင်သာယာဈေးဧရိယာအတွင်း ခွင့်ပြုချက်မရရှိဘဲ ဈေးရောင်းချခြင်း၊ တည်ခင်းခြင်း၊ ပြသခြင်း၊ ကြော်ငြာခြင်း၊ |
| ၁၀၂(ဂ) | မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အချိန်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်း၊ ထိုအလေး၊ ချိန်ခွင်၊ အချိန်အတွယ်၊ အတိုင်းအတာများကို မှန်ကန်မှုရှိ/မရှိ အစစ်ဆေးခံရန် ပျက်ကွက်ခြင်း၊ |
| ၁၀၂(စ) | ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ စည်ပင်သာယာဈေးအတွင်း ကော်မတီက သတ်မှတ်ထားသောနေရာမှအပ အခြားနေရာများတွင် မော်တော်ယာဉ်နှင့် အနှေးယာဉ်များကို ယူဆောင်ခြင်း၊ မောင်းနှင်စီးနင်းခြင်း၊ |
| ၁၀၂(ဈ) | စည်ပင်သာယာဈေးအတွင်း အများပြည်သူကို အနှောင့်အယှက်ဖြစ်စေသော ပြုလုပ်မှုတစ်ခုခုကိုပြုလုပ်ခြင်း၊ |
| ၁၀၂(ဋ) | စည်ပင်သာယာဈေးအတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ဈေးအကျိုးတော်ဆောင်အဖွဲ့များ ဖွဲ့စည်းခြင်း၊ |
| ၁၀၃(ဃ) | ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း သဘာဝအလျောက်ပေါက်ရောက်လျက်ရှိသောသစ်ပင်များ၊ စိုက်ပျိုးထားသောသစ်ပင်များကို သေဆုံးစေခြင်း၊ ခုတ်ထွင်ခြင်း၊ ချိုးဖဲ့ခြင်း၊ ချိုင်ခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် ခုတ်လှဲခြင်း၊ |
| ၁၀၄(ဈ) | မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်ရရှိထားသောအင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ |

| ပုဒ်မ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| | အနေဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဖောက်ဖျက်ခြင်း၊ |
| ၁၀၅(က) | ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်အမှိုက်၊ စက်ဆုပ်ဖွယ်များ သတ်မှတ်နေရာမှ အပ သာမန်စွန့်ပစ်နေရာ၊ အခြားနေရာတွင် စွန့်ပစ်ခြင်း၊ |
| ၁၀၅(ခ) | အဆောက်အအုံ၊ အမှိုက်၊ စက်ဆုပ်ဖွယ်အရာကို အများနှင့်ဆိုင်သောနေရာတွင် စွန့်ပစ်ခြင်း၊ |
| ၁၀၅(ဂ) | ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ အများနှင့်သက်ဆိုင်သည့်နေရာတွင် စက်ဆုပ်ဖွယ် အရာကို စွန့်ပစ်ခြင်း၊ |
| ၁၀၅(ဃ) | အမှိုက်ပုံရန်သတ်မှတ်နေရာတွင် ခွင့်ပြုချက်မရှိဘဲ တူး၊ ဆွ၊ ပြန့်ကြဲခြင်း၊ |
| ၁၀၅(င) | စုပုံပြီးသော အမှိုက်ကို မြေဆွေး၊ အခြားနည်းအသုံးပြုရန် ခွင့်ပြုချက်မရှိဘဲ ယူဆောင်ခြင်း၊ |
| ၁၀၅(စ) | စီးပွားရေးလုပ်ငန်းမှ စွန့်ပစ်ရေဆိုးမြောင်း၊ ရေမြောင်း၊ မြစ်ချောင်း၊ စိုက်ပျိုးမြေ အတွင်း စီးဆင်းစေခြင်း၊ |
| ၁၀၅(ဆ) | ခွင့်ပြုချက်မရှိဘဲ အလောင်းတူးဖော်ခြင်း၊ ပြန်လည်သယ်ဆောင်ခြင်း၊ |
| ၁၀၅(ဇ) | ခွင့်ပြုချက်မရှိဘဲ သုသာန်ကိုဖောက်ထွင်း၊ ဖျက်ဆီး၊ ပြောင်းရွှေ့ပြင်ဆင်ခြင်း၊ |
| ၁၀၅(ဈ)(၁) | ခွင့်ပြုချက်မရှိဘဲ သုသာန်မှအပအခြားနေရာတွင် အလောင်းထားသိုခြင်း၊သင်္ဂြိုဟ်ခြင်း၊ |
| ၁၀၅(ဈ)(၂) | မိမိပိုင်အဆောက်အအုံကို အအေးတိုက်၊ အသုဘဆောင်၊ မီးသင်္ဂြိုဟ်စက်အဖြစ် တည်ဆောက်အသုံးပြုလုပ်ကိုင်ခြင်း၊ |
| ၁၀၅(ည) | မှတ်ပုံတင်လက်မှတ်မရှိဘဲ အသုဘယာဉ် သို့မဟုတ် အခေါင်းအမျိုးမျိုးလုပ်ငန်း လုပ်ကိုင်ခြင်း၊ |
| ၁၀၅(ဋ) | အလောင်းသယ်ယာဉ်၊ အသုဘယာဉ်များကို ကော်မတီသတ်မှတ်နေရာမှအပ အခြားနေရာတွင်ထားရှိခြင်း၊ |
| ၁၀၅(ဌ) | မည်သည့်စွန့်ပစ်အမှိုက်ကိုမဆို သတ်မှတ်သောနေရာမှအပ မိမိပိုင်ခြံဝင်း လုပ်ငန်းခွင် အခြားပြင်ပနေရာတွင် မီးရှို့ခြင်း၊ |

| ပုဒ်မ ပုဒ်မခွဲ | ပြဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၀၅(ဍ) | ခွင့်ပြုချက်မရှိဘဲ စွန့်ပစ်အမှိုက်ကို သိမ်းဆည်းခြင်း၊ ထိုသို့သိမ်းဆည်းအမှိုက်များကို စွန့်ပစ်ရန်နေရာမှအပ အခြားနေရာသို့ သယ်ယူစွန့်ပစ်ခြင်း၊ |
| ၁၀၅(ဎ) | စီးပွားရေးလုပ်ငန်းမှ လေထုညစ်ညမ်းမှုဖြစ်စေသော စွန့်ပစ်အခိုးအငွေ့များကို လေထုအတွင်းသို့ စွန့်ပစ်စွန့်ထုတ်ခြင်း၊ |
| ၁၀၅(ဏ) | အမှိုက်စွန့်ပစ်ခြင်းနှင့် စွန့်ပစ်အမှိုက်ပြန်လည်အသုံးပြုခြင်းဆိုင်ရာ ညွှန်ကြားချက်ကိုဆန့်ကျင်ခြင်း၊ |
| ၁၀၆(ခ)(၁) | ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်၊ ဝက်ကိုမောင်းနှင်ခြင်း၊ ဆွဲငင်ခြင်း၊ စီးနင်းခြင်း၊ ချည်ထားခြင်း သို့မဟုတ် ထိန်းကျောင်းခြင်း၊ |
| ၁၀၆(ခ)(၂) | သဲ၊ မြေကြီး၊ ရွှံ့၊ ကျောက်စရစ်၊ ကျောက်ခဲ၊ အုတ်၊ အုတ်ကျိုး၊ အုတ်ပွဲ၊ သစ်တိုသစ်စ၊ လွှစာမှုန့်၊ ကောက်ရိုး၊ တိရစ္ဆာန်ချေး၊ ညစ်ညမ်းသည့်အရည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးစွန့်ပစ်အရည် သို့မဟုတ် ပစ္စည်းစသည်တို့ကို စွန့်ပစ်ခြင်း သို့မဟုတ် ဖိတ်စင်စေခြင်း၊ |
| ၁၀၆(ခ)(၃) | ကော်မတီက ခွင့်ပြုချက်မရှိဘဲ ကုန်ပစ္စည်းများကိုရောင်းချရန် ခင်းကျင်းခြင်း သို့မဟုတ် ပြုပြင်မွမ်းမံရန် နေလှန်းခြင်း၊ လမ်းကိုဖောက်၍ ရေပိုက်မြှုပ်နှံခြင်း၊ |
| ၁၀၆(ဂ)(၁) | ကော်မတီပိုင်လမ်းများပေါ်တွင် ကျင်ကြီးစွန့်ခြင်း၊ ကျင်ငယ်စွန့်ခြင်း သို့မဟုတ် ရေချိုးခြင်း၊ |
| ၁၀၆(ဂ)(၂) | ကော်မတီပိုင်လမ်းများပေါ်တွင် ယာဉ်တစ်မျိုးမျိုးကို ရေဆေးခြင်း၊ ပြင်ဆင်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ ညအိပ်ရပ်နားခြင်း၊ |
| ၁၀၆(ဂ)(၃) | ကော်မတီပိုင်လမ်းများပေါ်တွင် ကစားခြင်း၊ စွန်လွှတ်ခြင်း၊ |
| ၁၀၆(ဃ) | ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ကော်မတီကသတ်မှတ်သည့် လမ်းတွင် မောင်းနှင်ခွင့်မပြုသော မော်တော်ယာဉ်အမျိုးအစားကိုဖြစ်စေ၊ ခွင့်ပြုသည့်ဝန်ချိန် ထက်ပိုသော မော်တော်ယာဉ်ကိုဖြစ်စေ မောင်းနှင်ခြင်း၊ |
| ၁၀၆(စ) | ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အများပြည်သူဆိုင်ရာလမ်း၊ စင်္ကြံ၊ ပလက်ဖောင်းများပေါ်တွင် ကုန်ပစ္စည်းများ၊ဆောက်လုပ်ရေးပစ္စည်းများ၊ အိမ်ထောင်ပရိဘောဂများ၊အဆောက်အအုံများချထားခြင်း၊ ဆောက်လုပ်ခြင်း၊ ပစ္စည်းများစုပုံခြင်း၊ ရောင်းချခြင်း၊ ခင်းကျင်းခြင်း သို့မဟုတ် ပြုပြင်မွမ်းမံ၊ နေလှန်းခြင်း၊ |

| ပုဒ်မ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၀၆(ဌ) | အများပြည်သူသုံး လမ်းဘေးရေမြောင်းငယ်၊ ရေမြောင်းကြီး၊ မြစ်၊ မြစ်ထွက်ပေါက်၊ ချောင်းများအတွင်းသို့ စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးများစွန့်ပစ်ခြင်း၊ ထားရှိခြင်း၊ |
| ၁၀၆(ဍ) | အများပြည်သူဆိုင်ရာလမ်းနယ်နိမိတ်များပေါ်တွင် သတ်မှတ်ထားသည့်နေရာမှ အပယာဉ်များ အကြောင်းမဲ့ ကြာမြင့်စွာရပ်တန့်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ရပ်တန့်ခြင်း၊ယာဉ်နှစ်ထပ်ရပ်ခြင်း၊ ပြုပြင်ခြင်း၊ ထားရှိခြင်း၊ |
| ၁၀၆(ဏ) | အများပြည်သူဆိုင်ရာ လမ်းနယ်နိမိတ်များပေါ်တွင် ညစ်ညမ်းအောင်ပြုလုပ်ခြင်း၊ |
| ၁၀၆(တ) | အဆောက်အအုံများဆောက်လုပ်ရာတွင် ကားပါကင်၊မီးစက်၊ထရန်စဖော်မာတို့ကိုခွင့်ပြုချက်မရှိဘဲ လမ်းနယ်နိမိတ်အတွင်း သုံးစွဲချထားခြင်း၊ |
| ၁၀၆(ထ) | အထပ်မြင့်များတွင် မိမိပိုင်ဧရိယာအတွင်းမှ ထွက်ရှိလာသော ရေဆိုးများကို အများပြည်သူဆိုင်ရာ ရေမြောင်းများ၊ မြစ်ချောင်းများအတွင်းသို့ ခွင့်ပြုချက်မရှိဘဲ စွန့်ထုတ်၊ ဖောက်လုပ်၊ စီးဆင်းစေခြင်း၊ |
| ၁၀၆(ဒ) | မိမိပိုင်ဧရိယာအတွင်းဝင်ထွက်သွားလာရန် ယာဉ်ဝင်ထွက်နေရာများကို ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ခြင်း၊ ခွင့်ပြုသတ်မှတ်သည့် ပုံစံမှကွဲလွဲ၍ဆောင်ရွက်ခြင်း၊ |
| ၁၀၆(ဓ) | ခွင့်ပြုချက်မရှိဘဲ အများပြည်သူပိုင်လမ်း၊ စကြံ၊ပလက်ဖောင်းများအား တူးဖော်ခြင်း၊ |
| ၁၀၆(န) | လက်ရှိလမ်းနယ်နိမိတ်နှင့် မြောင်းနယ်နိမိတ်အတွင်းရှိ မြေပြင်အနေအထားကို ခွင့်ပြုချက်မရှိဘဲ တူးဆွခြင်း၊ မြေဖို့ခြင်း၊ ပြုပြင်ခြင်း၊ |
| ၁၀၇( ခ ) | မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက သတ်မှတ်ထားသည့်နေရာနှင့် လမ်းမှအပ စည်ပင်သာယာပိုင်လမ်းများနှင့် မြေများပေါ်တွင် (၃)တန်အထက် ကုန်တင်ယာဉ်များ၊ ကုန်သေတ္တာတင် နောက်တွဲယာဉ်များကို ညအိပ်ရပ်နားခြင်း သို့မဟုတ် ဝင်ရောက်ခြင်း၊ |
| ၁၀၇( ဈ ) | ကော်မတီက သတ်မှတ်ထားသည့် ယာဉ်ရပ်ရန်နေရာမှအပ အခြားနေရာတွင် ယာဉ်ရပ်ခြင်း၊ |
| ၁၀၈(က)(၁) | ကော်မတီကထုတ်ပေးသည့် လိုင်စင် သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ သားငါးများကို ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်း၊ |
| ၁၀၈(က)(၂) | ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ နေအိမ်ဥပစာအပါအဝင် မည်သည့်နေရာတွင်မဆို သားငါးများကို ရောင်းချခြင်း၊ |
| ၁၀၈(က)(၃) | စားသုံးရန်မသင့်သော သားငါးများနှင့် ရောဂါစွဲကပ်နေသည့် မည်သည့်တိရစ္ဆာန်ကိုမဆို သတ်ဖြတ်ခြင်း၊ ရောင်းချခြင်း၊ |

| ပုဒ်မ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၀၈(က)(၄) | ကော်မတီက ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်မရှိဘဲ မှတ်ပုံတင်ရန် လိုအပ်သည်ဟု သတ်မှတ်ထားသော အိမ်မွေးတိရစ္ဆာန်များကို မွေးမြူခြင်း၊ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်း၊ |
| ၁၀၈(က)(၅) | ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အများပြည်သူအား အန္တရာယ်ဖြစ်စေနိုင်သည်ဟု ကော်မတီက အခါအားလျော်စွာ သတ်မှတ်သော အခြားတိရစ္ဆာန်များကို မွေးမြူခြင်း၊ |
| ၁၀၈(င) | မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက သတ်မှတ်သည့် သား၊ ငါးများကို သတ်မှတ်သည့်သား၊ငါးတင်ယာဉ်နှင့်လမ်းကြောင်းမှအပ သယ်ဆောင်ခြင်း၊ |
| ၁၀၉(က) | လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ငန်းတစ်ရပ်ရပ်၊ တည်းခိုခန်း၊ ဘော်ဒါဆောင် လုပ်ကိုင်ခြင်း၊ |
| ၁၀၉(ဂ) | ခွင့်ပြုချက်မရှိဘဲ အိမ်ဆိုင်ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင်၊ ကုန်တိုက်၊ ကိုယ်ပိုင်ဈေးဖွင့်လှစ်ရောင်းချခြင်း၊ |
| ၁၀၉(ဃ) | ယာဉ်ဖြင့်လှည့်လည်ရောင်းချခွင့် လိုင်စင်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ထီလက်မှတ် သို့မဟုတ် ကုန်ပစ္စည်းများကို လှည့်လည်ကြော်ငြာခြင်း သို့မဟုတ် ရောင်းချခြင်း၊ |
| ၁၀၉(စ) | မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း နံရံကပ်ဆိုင်ဖွင့်လှစ် ရောင်းချခြင်း၊ လှေကားခွင်တွင် ဆိုင်ဖွင့်လှစ်ရောင်းချခြင်း၊ |
| ၁၀၉(ဆ) | ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းတစ်ရပ်ရပ်ကို ပတ်ဝန်းကျင်မှထောက်ခံစေကာမူ အနာဂတ်တွင် ကော်မတီရည်မှန်းချက်ဖြစ်သော နိုင်ငံတကာမြို့တော် အဆင့်အတန်းနှင့် ညီညွတ်မှုမရှိ၍ တားမြစ်ခြင်းကို လိုက်နာရန်ပျက်ကွက်ခြင်း။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါဇယားစာတိုင်(၂) ပြဋ္ဌာန်းချက်အကျဉ်းခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲပါအကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာဖြစ်ပါ သည်။

## ဇယား(၂)

| ပုဒ်မ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၉၉(ဂ) | သတ်မှတ်ထားသောနေရာမှအပ အခြားနေရာတွင် အနေးယာဉ်ကိုစုစည်း စခန်းချ ရပ်နားခြင်း၊ |
| ၉၉(င) | ပြေးဆွဲခွင့်မပြုသည့်နယ်မြေနှင့် လမ်းများပေါ်တွင်လည်းကောင်း၊ သတ်မှတ်ထားသောအချိန်၌ ပြေးဆွဲခွင့်မပြုသည့် နယ်မြေနှင့် လမ်းများပေါ်တွင်လည်းကောင်း အနေးယာဉ်ကို နင်းခြင်း၊ တွန်းခြင်း၊ ဆွဲခြင်း သို့မဟုတ် မောင်းနှင်ခြင်း၊ |
| ၁၀၁(ဂ) | ကော်မတီက တပ်ဆင်ထားသော ရေမီတာကို တရားမဝင်ပြုပြင်ခြင်း၊ ဖျက်စီးခြင်း၊ ဖြုတ်သိမ်းခြင်း၊ တစ်နည်းနည်းဖြင့် ပြောင်းလဲတပ်ဆင်ခြင်း သို့မဟုတ် တပ်ဆင်ထားသောရေမီတာကို အသုံးမပြုဘဲ ရေဆက်သွယ်ခြင်းမပြုရ၊ |
| ၁၀၁(င)(၁) | ကော်မတီက ဆောင်ရွက်သည့် ရေပေးရေးလုပ်ငန်းမှရေကို ညစ်ညမ်းစေခြင်း၊ |
| ၁၀၁(င)(၃) | ကော်မတီကဆောင်ရွက်သည့် ရေပေးရေးလုပ်ငန်းပိုင်မြေ သို့မဟုတ် ၎င်း၏ အစိတ်အပိုင်းအပေါ်တွင် ပစ္စည်းများစုပုံခြင်း၊ မြေကိုတူးဆွခြင်း၊ မြေဖို့ခြင်း သို့မဟုတ် မြေတွင်မြှုပ်နှံခြင်း၊ |
| ၁၀၁(င)(၄) | ကော်မတီပိုင်ရေလှောင်ကန်အတွင်းသို့ တိရစ္ဆာန်ကို ဝင်ရောက်စေခြင်း သို့မဟုတ် ရေလှောင်ကန်မှ သတ်မှတ်ထားသော နယ်နိမိတ်အတွင်း ရေဆေးကြောခြင်း သို့မဟုတ် ရေချိုးပေးခြင်း၊ |
| ၁၀၁(င)(၅) | ကော်မတီပိုင် ရေလှောင်ကန်၊ ကျုံး၊ ကျုံးရေသွင်းမြောင်း၊ ကျုံးရေစစ်ကန်၊ ကျုံးရေကန်အတွင်းသို့ ရေညစ်ညမ်းမှုကိုဖြစ်စေသော အမှိုက်နှင့် အညစ်အကြေး သို့မဟုတ် ရေ၏ အရည်အသွေးကို ကျဆင်းစေသော မည်သည့်ပစ္စည်းကိုမဆို ပစ်ချခြင်း သို့မဟုတ် မျှောချခြင်း၊ |
| ၁၀၁(င)(၆) | ကော်မတီပိုင်ရေလှောင်ကန်၏ သတ်မှတ်နယ်နိမိတ်အတွင်း သစ်တောများကို ထိခိုက် ပျက်စီးစေနိုင်သော ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခြင်း၊ |
| ၁၀၁(စ) | ကော်မတီ၏ ရေပေးရေးလုပ်ငန်းအတွက် ထိန်းသိမ်းထားရှိသော ရေကန်၊ ရေလှောင်ကန်၏ ကန်ပေါင် သို့မဟုတ် ဝင်းခြံနယ်မြေ၊ ပိုက်လိုင်းနယ်နိမိတ်အတွင်းကော်မတီ၏ ခွင့်ပြုချက်မရှိဘဲတောခုတ်ခြင်း၊ စိုက်ခင်းများနှင့် ဥယျာဉ်များပြုလုပ်ခြင်း၊ ကျောက်ထုတ်ခြင်း၊ အုတ်ဖုတ်ခြင်း၊ ဆိုင်ခန်းများတည်ဆောက် |

| ပုဒ်မ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| | ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ကန်ပေါင်များ၊ ဝင်းခြံများ၊ ရေပိုက်များနှင့် ဆက်စပ်ပစ္စည်းများကို ရွှေ့ပြောင်းပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊ |
| ၁၀၁(ဆ) | ကော်မတီပိုင် ရေပိုက်များတွင် တပ်ဆင်ထားရှိသော ရေတံခါးကို ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲဖွင့်ခြင်း၊ ပိတ်ခြင်း၊ အတိုးအလျှော့ပြုလုပ်ခြင်း၊ အသစ် တပ်ဆင်ခြင်း၊ ရှိပြီးရေတံခါးအား ဖြုတ်သိမ်းခြင်း သို့မဟုတ် နေရာရွှေ့ပြောင်းခြင်း၊ |
| ၁၀၁(ဈ) | ကော်မတီပိုင် ရေကန်၊ ရေလှောင်ကန်များ၊ ကျုံး၊ ကျုံးရေသွင်းမြောင်း၊ ကျုံးရေစစ်ကန်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ လှေလှော်ခြင်း၊ရေကူးခြင်း၊ ငါးဖမ်းခြင်း၊ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း၊ ရေလှောင်ကန်မှသတ်မှတ်ထားသော နယ်နိမိတ်အတွင်း ရေချိုးခြင်း၊ အဝတ်လျှော်ဖွပ်ခြင်း၊ မြေတူးခြင်း၊ မြေဖို့ခြင်း၊ ယာဉ်များ ရေဆေးခြင်းနှင့် အခြားကိစ္စရပ်များအတွက် ရေကို ရယူခြင်း၊ အသုံးပြုခြင်း၊ |
| ၁၀၁(ည) | မိမိနေထိုင်သော ခြံ၊ မြေ၊ အဆောက်အအုံ၊ အထပ်မြင့်များရှိ မိလ္လာပိုက်၊ ရေဆိုးပိုက်များအတွင်းမှ အများပြည်သူကို အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် ငြိုငြင်စေမှုကို ဖြစ်စေသောအရာ၊ အညစ်အကြေး သို့မဟုတ် အနံ့ဆိုးထွက်သောအရာကို မြစ်ချောင်းများ၊ ရေမြောင်းများအတွင်းသို့ စီးထွက်စေခြင်း၊ စိမ့်ထွက်စေခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊ |
| ၁၀၁(ဋ) | မိမိ၏ အဆောက်အအုံအဝန်းအဝိုင်းမှ ထွက်ရှိသော အညစ်အကြေး သို့မဟုတ် ရေဆိုးကို ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ကော်မတီပိုင်မိလ္လာပြွန်စနစ်သို့ ဆက်သွယ်စွန့်ပစ်ခြင်း၊ |
| ၁၀၂(ဃ) | စည်ပင်သာယာဈေး နယ်နိမိတ်အတွင်း ယာယီ သို့မဟုတ် အမြဲတမ်း အဆောက်အအုံကို ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ခြင်း၊ မူလ ဈေးဆိုင်ခန်းများအား ပြုပြင်ခြင်း၊ တိုးချဲ့ခြင်း၊ |
| ၁၀၂(ဆ) | ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ စည်ပင်သာယာဈေးနယ်နိမိတ်အတွင်းတွင် မီးဖိုခြင်း၊ အမှိုက်မီးရှို့ခြင်း၊ ချက်ပြုတ်ကြော်လှော်ခြင်း၊ ညအိပ်နေထိုင်ခြင်း၊ |
| ၁၀၂(ဇ) | ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲစည်ပင်သာယာဈေးအတွင်း လျှပ်စစ်ဓာတ်အား နှင့် ရေဆက်သွယ်အသုံးပြုခြင်း၊ သတ်မှတ်ထားသည့် လျှပ်စစ်ဓာတ်အားထက် ပိုမိုသုံးစွဲခြင်း၊ |

| ပုဒ်မ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၀၂(ည) | စည်ပင်သာယာဈေးအတွင်း ကော်မတီကသတ်မှတ်ပေးထားသော နေရာမှအပ အခြားနေရာတွင် အစားအစာအလို့ငှာ တိရစ္ဆာန်များကို သတ်ဖြတ်ခြင်း၊ အမွေးနှုတ်ခြင်း၊ ရောင်းချခြင်း၊ ရောင်းချရန်အတွက် ပြင်ဆင်ခြင်း၊ |
| ၁၀၃(က) | မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက စီမံပြုလုပ်ထားသော လမ်းလယ်ကျွန်း၊ မြက်ခင်းအဝိုင်း၊ တြိဂံမြက်ခင်း၊ ပျိုးခြံ၊ ပန်းဥယျာဉ်၊ ကွက်လပ်မြေနေရာ သို့မဟုတ် လမ်းလယ်ပန်းခုံ စိုက်ပျိုးထားသည့်မြက်ခင်း၊ အပင် သို့မဟုတ် တပ်ဆင်ထားသည့် ပစ္စည်းများကိုယူဆောင်ခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း၊ |
| ၁၀၃( ခ ) | ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက စီမံပြုလုပ်ထားသော လမ်းလယ်ကျွန်း၊ မြက်ခင်းအဝိုင်း၊ မြေကွက်လပ်၊ မြေနေရာ၊ တြိဂံမြက်ခင်း၊ပျိုးခြံ၊ ပန်းဥယျာဉ်၊ အားကစားကွင်းနေရာ၊ ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေးမြေနေရာ၊ မြေယာရှုခင်းနေရာများတွင် ဆိုင်းဘုတ်များစိုက်ထူခြင်း၊ ကစားခုန်စား ပြုလုပ်ခြင်း၊ ဈေးရောင်းချခြင်း၊ |
| ၁၀၃(င) | ခွင့်ပြုထားသည့်နေရာမှအပ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ကော်မတီပိုင် ပန်းဥယျာဉ်များ ရှုခင်းနေရာများနှင့် ကွက်လပ်မြေနေရာများတွင် အဆောက် အအုံဆောက်လုပ်ခြင်း၊ အပင်စိုက်ပျိုးခြင်း၊ အားကစားကွင်း ပြုလုပ်ခြင်း သို့မဟုတ် ပြပွဲပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပွဲလမ်းသဘင်များ၊ အခမ်းအနားများ ကျင်းပခြင်း၊ |
| ၁၀၃( စ ) | မြို့တော်နယ်နိမိတ်အတွင်း အစိုးရဌာနအဖွဲ့အစည်းများက ဆောင်ရွက်သည့်ကိစ္စ မှအပ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ ပျိုးခြံ၊ ပျိုးပင်အရောင်း ဆိုင်များ၊ပျော်ရွှင်ဖွယ်အားကစားကွင်းများ၊ ကျန်းမာရေးလေ့ကျင့်ခန်းအားကစား ကွင်းများ၊ အားကစားရုံများ၊ အားကစားခန်းများ၊ ရေကူးကန်များနှင့် အားကစား နည်းပညာသင်တန်းကျောင်းများဖွင့်လှစ်လုပ်ကိုင်ခြင်း၊ |
| ၁၀၃(ဆ) | သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို ထိခိုက်ပျက်စီးစေနိုင်သည့် မီးရှို့ခြင်း၊ သစ်ပင် များခုတ်ထွင်ခြင်း၊ ရေနေသတ္တဝါများ၊ တိရစ္ဆာန်များဖမ်းဆီးခြင်း၊ |
| ၁၀၃(ဈ) | ဘီးတပ်လက်တွန်းလှည်း သို့မဟုတ် မသန်စွမ်းသူများအသုံးပြုသည့် ယာဉ် ကိရိယာများမှအပ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီကစီမံပြုလုပ်ထားသော ပန်းခြံ၊ ပန်းဥယျာဉ်များအတွင်း အများပြည်သူအပန်းဖြေလမ်းလျှောက်ရန် အတွက်သာ သတ်မှတ်ထားသော လမ်းအတွင်း စက်တပ်ယာဉ်၊ စက်မဲ့ယာဉ်များ ဝင်ရောက်မောင်းနှင်ခြင်း၊ စကိတ်စီးခြင်း၊ |

| ပုဒ်မ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၀၄(ဃ) | ကော်မတီက ခွင့်ပြုထားသည့် အဆောက်အအုံပုံစံနှင့် ကွဲလွဲခြားနားသည့် အဆောက်အအုံကိုဆောက်လုပ်ခြင်း၊ |
| ၁၀၄(ဍ) | ကော်မတီက ခွင့်ပြုထားသည့် အတိုင်းအတာထက်ပို၍ ကော်မတီပိုင် လမ်းပေါ်တွင် ဆောက်လုပ်ရေးပစ္စည်းများကို စုပုံထားခြင်း၊ |
| ၁၀၆(က) | ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အများပြည်သူဆိုင်ရာလမ်း သို့မဟုတ် တံတားကို ပိတ်ဆို့ခြင်း၊ ဖျက်ဆီးခြင်း၊ ဖြိုဖျက်ခြင်း၊ ပိုင်းဖြတ်ခြင်း သို့မဟုတ် ညစ်ညမ်း စေခြင်း၊ |
| ၁၀၆(င) | ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အများပြည်သူဆိုင်ရာ လမ်းအပေါ်အုပ်မိုး၍ ဖြစ်စေ၊ အစွန်းထွက်၍ဖြစ်စေ၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ဆောက်လုပ် ရေးပစ္စည်းများစုပုံထားခြင်း၊ |
| ၁၀၆(ဈ) | ကော်မတီက တပ်ဆင်ထားသော လမ်းအမည်နှင့် လမ်းအမှတ်များကို ဖျက်ဆီး ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အမှတ်အသားများ၊ လမ်းညွှန် ဆိုင်းဘုတ်များကိုဖျက်ဆီးခြင်း၊ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ရွှေ့ပြောင်းတပ်ဆင် ခြင်း သို့မဟုတ် အခြားအမည်ကို ပြောင်းလဲရေးသား၍ တပ်ဆင်ခြင်း၊ |
| ၁၀၆(ည) | ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မူလသဘာဝမြစ်ချောင်း၊ မြစ်ထွက်ပေါက် ကိုဖြစ်စေ၊ ယင်း၏အစိတ်အပိုင်းကိုဖြစ်စေ၊ ကော်မတီပိုင်ရေမြောင်းကိုဖြစ်စေ၊ မြေအောက် ရေမြောင်းကို ဖြစ်စေ၊ သဘာဝအလျောက်ရှိပြီးသား ရေစီးကြောင်း ရေမြောင်းကို ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ပိတ်ဆို့ခြင်း၊ ရေလမ်းကြောင်း ပြောင်းလဲစေခြင်း၊ ရေစီးရေလာကို အနှောင့်အယှက်ဖြစ်စေခြင်း၊ မြေဖို့ခြင်း သို့မဟုတ် လွှဲပြောင်း စီးဆင်းစေခြင်း၊ |
| ၁၀၆(ဎ) | အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် ယာဉ်များသွားလာခြင်း၊ရပ်နားခြင်း တို့အတွက် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အတားအဆီးများချထားခြင်း၊ |
| ၁၀၇(က) | မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ယာဉ်ရပ်နားစခန်း ဖွင့်လှစ်ခြင်း၊ ကုန်တင်ကုန်ချဂိတ် ဖွင့်လှစ်ခြင်း၊ မြို့ဝင်ကြေး၊ ယာဉ်ညဥ့်အိပ်ခွန်၊ ယာဉ်တန်ပိုကြေးနှင့် မော်တော်ယာဉ်ရပ်နားခ၊ မော်တော်ယာဉ် စောင့်ရှောက်ခ ကောက်ခံခြင်း၊ |
| ၁၀၇(ဂ) | မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မိမိပိုင်မြေ သို့မဟုတ် မိမိလက်ဝယ်ရှိမြေကို အခကြေးငွေယူ၍သော်လည်းကောင်း၊ တစ်နည်းနည်းဖြင့် |

**ဇယား(၁)အဆက် - ၁၂**

| ပုဒ်မ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| | လွှဲပြောင်းလုပ်ပိုင်ခွင့်ပေး၍သော်လည်းကောင်း၊ ယာဉ်ရပ်နားစခန်း၊ ယာဉ်ရောင်းဝယ်ရေးစခန်း သို့မဟုတ် ယာဉ်မောင်းသင်ကွင်းအဖြစ် ပြုလုပ်ခြင်း၊ |
| ၁၀၇(ဃ) | မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ မိမိပိုင်မြေ သို့မဟုတ် အဆောက်အအုံကို အခကြေးငွေယူ၍သော်လည်းကောင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ပိုင်ခွင့်ပေး၍သော်လည်းကောင်း၊ ခရီးသည်များတင်ချ ပြုလုပ်သည့် မော်တော်ယာဉ်လက်မှတ်ရောင်းရန်နေရာ သို့မဟုတ် မော်တော်ယာဉ်များ ဝင်ထွက်ရပ်နားဂိတ်ထိုးရန်နေရာအဖြစ် ပြုလုပ်ခြင်း၊ |
| ၁၀၇(င) | မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကော်မတီပိုင်လမ်း၊ လမ်းမြေ သို့မဟုတ် လူသွားစင်္ကြံ၊ ပလက်ဖောင်းတို့တွင် ခရီးသည်များ တင်ချ ပြုလုပ်သည့် မော်တော်ယာဉ်လက်မှတ်ရောင်းရန်နေရာအဖြစ်လည်းကောင်း၊ မော်တော်ယာဉ်များဝင်ထွက်ရပ်နား ဂိတ်ထိုးရန်နေရာအဖြစ်လည်းကောင်း ပြုလုပ်ခြင်း၊ |
| ၁၀၇(စ) | မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက ထုတ်ပေးသော ပုဂ္ဂလိက ငွေချေး လုပ်ငန်းလိုင်စင်မရှိဘဲ ပုဂ္ဂလိကငွေချေးလုပ်ငန်းပြုလုပ်ခြင်း၊ |
| ၁၀၇(ဆ) | မြို့တော်နယ်နိမိတ်အတွင်း ကော်မတီက ထုတ်ပေးသော ကူးတို့လုပ်ငန်း လိုင်စင် မရှိဘဲ ကူးတို့လုပ်ငန်းပြုလုပ်ခြင်း၊ |
| ၁၀၇(ဇ) | ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ခရီးသည်တင်ယာဉ်ရပ်နားစခန်းများတွင် ကုန်တင်ယာဉ်များ၊ နောက်တွဲယာဉ်များနှင့် အခြားကန့်သတ်ထားသည့်ယာဉ်များ ဝင်ရောက်ရပ်နားခြင်း၊ |
| ၁၀၇(ည) | သတ်မှတ်ထားသည့် လမ်းစည်းကမ်းများနှင့် လမ်းအသုံးချမှုစည်းကမ်းများကို ဖောက်ဖျက်ခြင်း၊ |
| ၁၀၈(ဂ)(၂) | ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကုန်း၊ နွား၊ ပွဲဈေးများ၊ အသားထုတ်လုပ်ရုံများ တည်ထောင်ခြင်း၊ |
| ၁၀၉(င) | ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ လမ်းဘေးဈေးဆိုင် ဖွင့်လှစ်ရောင်းချခြင်း။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါဇယားစာတိုင်(၂) ပြဋ္ဌာန်းချက်အကျဉ်းခေါင်းစဉ် အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ် ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲပါအကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက် များသာဖြစ်ပါ သည်။

ဇယား(၃)

| ပုဒ်မ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၀၁(ဇ) | မြို့တော်နယ်နိမိတ်ပြင်ပမှ ဆက်သွယ်သည့်ရေပို့ပိုက်မကြီး သို့မဟုတ် မြို့တွင်းပင်မရေပိုက်များ၊ ကျုံးရေသွင်းမြောင်းပေါ်နှင့် မြောင်းအနီးတွင် လမ်း၊မီးရထားသံလမ်း၊ တံတား၊ အဆောက်အအုံ၊ ပိုက်လိုင်း သို့မဟုတ် နန်းကြိုးလိုင်းကို ကော်မတီ၏ ခွင့်ပြုချက်မရှိပဲ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ချထားဆက်သွယ်ခြင်း၊ တိုးချဲ့ခြင်း၊ |
| ၁၀၂(င) | လူတို့စားသုံးရန်မသင့်သော သားငါး၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံစသည့် အစားအသောက်များ၊ သက်ဆိုင်ရာဌာနများမှ တားမြစ်ထားသည့်ဆေးဝါး၊ အစားအသောက်၊ လူသုံးကုန်၊ အသုံးအဆောင်ပစ္စည်းများနှင့် အခါအားလျော်စွာ အမိန့်ထုတ်ပြန်၍ တားမြစ်ထားသည့် ပစ္စည်းများကို စျေးနယ်နိမိတ်အတွင်း ရောင်းချခြင်း၊ တည်ခင်းခြင်း၊ သိုလှောင်ခြင်း၊ |
| ၁၀၂(ဈ) | ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ စည်ပင်သာယာစျေးအတွင်း အလှူငွေနှင့်အခြားရန်ပုံငွေများကောက်ခံခြင်း၊ ဖျော်ဖြေပွဲများပြုလုပ်ခြင်း၊ မျက်လှည့်ပြခြင်း၊ ဟောပြောခြင်း၊ တရားပွဲများ၊ နတ်ပွဲများ၊ အခြားပွဲများကျင်းပခြင်း၊ |
| ၁၀၃( ဂ ) | ပန်းဥယျာဉ်၊ ကွက်လပ်မြေနေရာ သို့မဟုတ် ရှုခင်းနေရာအတွင်းရှိ ရေကန်၊ ရေကန်ပေါင် သို့မဟုတ် ရေလှောင်ကန်ကို ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း၊ |
| ၁၀၃( ဇ ) | ပန်းခြံများအတွင်းရှိ ရေကန်အတွင်းသို့ စီးပွားရေးလုပ်ငန်းများမှ ရေဆိုးများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သန့်စင်ခြင်းမပြုဘဲစွန့်ပစ်ခြင်း၊ |
| ၁၀၃(ည) | ကော်မတီ၏ခွင့်ပြုချက်ဖြင့် ငှားရမ်းထားသော မြေနေရာများ၊ ဆိုင်များ၊ လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ခွင့်ပြုဧရိယာထက်အဆောက်အအုံများ ပိုမိုဆောက်လုပ်ခြင်း၊ စာချုပ်ပါစည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ ခွင့်ပြု ငှားရမ်းကာလကျော်လွန် ပြီးနောက်ဖယ်ရှားရန် ပျက်ကွက်ခြင်း၊ |
| ၁၀၃( ဍ ) | ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း ကော်မတီကစီမံပြုလုပ်ထားသော လမ်းလယ်ကျွန်း၊ မြက်ခင်းအဝိုင်း၊ မြေကွက်လပ်၊ မြေနေရာ၊တြိဂံမြက်ခင်း၊ပျိုးခြံ၊ ပန်းဥယျာဉ်၊ အားကစားကွင်းနေရာ၊ ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေးမြေနေရာ၊ မြေယာရှုခင်းနေရာများတွင် ကျူးကျော်ခင်းကျင်းခြင်း၊ လူဝင်ရောက်နေထိုင်ခြင်း၊ |

| ပုဒ်မ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၀၄(က) | ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခြင်း၊ အားပေးကူညီခြင်း၊ |
| ၁၀၄(ခ) | ကော်မတီကအဆောက်အအုံဆောက်လုပ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်း မပြုရန် တားမြစ်ထားသော အဆောက်အအုံကို ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ |
| ၁၀၄(ဂ) | ကော်မတီက အဆောက်အအုံဆောက်လုပ်ခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်း ထားသော အပြီးသတ်ပယ်ဖျက်ထားသော အဆောက်အအုံကို ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ |
| ၁၀၄(ဃ) | ဆောက်လုပ်ပြီးသော အဆောက်အအုံတစ်ခုတွင်ဖြစ်စေ၊ ယင်းအဆောက်အအုံ ၏အစိတ်အပိုင်းတစ်ခုတွင်ဖြစ်စေ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက် နေထိုင်ခြင်း၊ အသုံးပြုခြင်း၊ |
| ၁၀၄(င) | ကော်မတီကသတ်မှတ်သော မြို့နယ် သို့မဟုတ် လမ်းရှိလူနေထိုင်ရန်အတွက် ဆောက်လုပ်ထားသော အဆောက်အအုံတွင် ကော်မတီကခွင့်မပြုသည့် စီးပွားရေးလုပ်ငန်းကိုလုပ်ကိုင်ခြင်း၊ |
| ၁၀၄(စ) | ပစ္စည်းသိုလှောင်ရန်အတွက်ဆောက်လုပ်ထားသည့်အဆောက်အအုံတွင် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ နေထိုင်ခြင်း၊ |
| ၁၀၄(ဆ) | ကော်မတီကထုတ်ပေးထားသော လိုင်စင်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကန်ထရိုက်တာအဖြစ် လုပ်ကိုင်ခြင်း၊ |
| ၁၀၄(ဇ) | ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အများပြည်သူမြင်သာသည့် နေရာများတွင် ကြော်ငြာ ဆိုင်းဘုတ်စိုက်ထူခြင်း၊ တပ်ဆင်ခြင်း၊ ကပ်ခြင်း၊ ချိတ်ဆွဲခြင်း သို့မဟုတ် ရေးဆွဲခြင်း၊ |
| ၁၀၄(ဈ) | ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မူလရှိသော မြေအမြင့်ကိုနှိမ့်ခြင်း၊ နိမ့် သွားစေခြင်း၊ မူလနိမ့်သည့်မြေ၊ မူလချိုင့်ဝှမ်း သို့မဟုတ် မူလရေအိုင်၊ ရေကန်ကို မြေဖို့ခြင်း၊ ပုံသဏ္ဌာန်ပြောင်းလဲခြင်း၊ |

| ပုဒ်မ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၀၆(ဆ) | ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ လမ်းအောက်ကဖြစ်စေ၊ လမ်းအပေါ်ကဖြစ်စေ၊ လူကူးလမ်းဖောက်လုပ်ခြင်း၊ |
| ၁၀၆(ဇ) | ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်း၊ |
| ၁၀၆(ဈ) | ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း မော်တော်ယာဉ်လိုင်း အသစ်ဖွင့်လှစ်တည်ထောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ |
| ၁၀၈(ခ) | မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ကော်မတီကအခါ အားလျော်စွာ သတ်မှတ်သည့်နယ်မြေဒေသတွင် ကျွဲ၊ နွား တိရစ္ဆာန်များကိုဖြစ်စေ၊ အိမ်မွေးတိရစ္ဆာန်မှအပ ကော်မတီက သတ်မှတ်သည့် အခြားတိရစ္ဆာန်တစ်မျိုးမျိုး ကိုဖြစ်စေ၊ မွေးမြူခြင်း၊ ထိန်းကျောင်းခြင်း၊ မောင်းနှင်ခြင်း၊ ဆွဲယူခြင်း၊ စီးနင်းခြင်း သို့မဟုတ် သယ်ဆောင်ခြင်း၊ |
| ၁၀၈(ဂ)(၁) | ဘာသာရေးနှင့် အခြားကိစ္စရပ်များအတွက် သတ်ဖြတ်ခွင့်အမိန့်ထုတ်ပေးသည့် ကိစ္စမှအပ ကော်မတီကထုတ်ပေးသည့် သားသတ်ခွင့်လိုင်စင်မရှိဘဲ ကျွဲ၊ နွား၊ တိရစ္ဆာန်များကို သတ်ဖြတ်ခြင်း၊ |
| ၁၀၈(ဃ) | မြို့တော်နယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ကော်မတီပိုင် သားသတ်ရုံနှင့် ကော်မတီကခွင့်ပြုထားသည့် သားသတ်ရုံများ သတ်မှတ်နေရာ များမှအပ အခြားနေရာတစ်ခုခုတွင် ကျွဲ၊ နွား တိရစ္ဆာန်အပါအဝင် ကြက်၊ ဘဲ၊ ငှက်၊ ငုံးတစ်မျိုးမျိုးကို သိုလှောင်ခြင်း၊အရှင်ရောင်းချခြင်း၊ သတ်ဖြတ်ခြင်း၊ |
| ၁၀၉(ခ) | ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ယာယီဇာတ်ရုံဆောက်လုပ်ခြင်း။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါဇယားစာတိုင်(၂) ပြဋ္ဌာန်းချက်အကျဉ်းခေါင်းစဉ် အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ် ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲပါအကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက် များသာဖြစ်ပါ သည်။

ဇယား(၄)

| ပုဒ်မ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၀၄(ည) | ကော်မတီက လူနေထိုင်ခြင်းမပြုရန် တားမြစ်ချက်သင်္ကေတအမှတ်အသား ရေးမှတ်ထားသည့် အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏တစ်စိတ်တစ်ဒေသအတွင်း ဝင်ရောက်နေထိုင်ခြင်း၊ |
| ၁၀၄(ဋ) | ကော်မတီကဖြိုဖျက်ထားသည့် အန္တရာယ်ရှိ အဆောက်အအုံရှိရာ မြေကွက်အတွင်း ဝင်ရောက်နေထိုင်ခြင်း၊ |
| ၁၀၄(ဌ) | မြို့တော်နယ်နိမိတ်အတွင်းရှိ အများပြည်သူဆိုင်ရာ လမ်းနှင့် ရေမြောင်းပေါ်တွင် စမုတ်ဆောင်၊ လသာဆောင်၊ ဆင်ဝင်၊ နေကာ၊ တံစက်မြိတ်၊ လှေကားထစ်၊ အုတ်ခုံ၊ အုတ်မြစ်၊ ဆင်ခြေလျှော၊ ဓာတ်ဆီဆိုင်၊ ဓာတ်ဆီပန့်၊ မီလ္လာကန်၊ လူကူးခုံးကျော်တံတား၊ ယာယီမဏ္ဍပ် သို့မဟုတ် အခြားအဆောက်အအုံကို ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ခြင်း၊ |
| ၁၀၄(တ) | ဥပဒေနှင့်အညီ ဆောင်ရွက်မည့် ဖျက်သိမ်းရှင်းလင်းရေးအဖွဲ့ကို တားဆီးနှောင့်ယှက်ခြင်း၊ |
| ၁၁၀(က) | ကော်မတီပိုင်မြေနှင့် ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေ၊ မြေကွက်လပ်များနှင့် အရန်မြေများပေါ်တွင် ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ပစ္စည်းများကိုစုပုံခြင်း၊ အဆောက်အအုံများ၊ နေအိမ်များနှင့် တဲများကို ကျူးကျော်ဆောက်လုပ်ခြင်း၊ နေထိုင်ခြင်း၊ |
| ၁၁၀(ခ) | ဥပဒေနှင့်အညီ ဆောင်ရွက်မည့် ဖယ်ရှားရှင်းလင်းရေးအဖွဲ့ကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ |
| ၁၁၀(ဂ) | မြေပုံ၊ မြေရာဇဝင်နှင့် မြေယာမှတ်တမ်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ခြစ်ဖျက်ခြင်း၊ |
| ၁၁၀(ဃ) | နိုင်ငံတော်လိုအပ်ချက်အရ စီမံကိန်းလုပ်ငန်းများအတွက် မြေတိုင်းတာရာတွင်လည်းကောင်း၊ ပုဂ္ဂလိကများမှ တရားဝင်မြေတိုင်းလျှောက်ထားချက်အရ မြေတိုင်းတာရာတွင်လည်းကောင်း တာဝန်ရှိသူများနှင့် မြေတိုင်းအဖွဲ့အား ဟန့်တားနှောင့်ယှက်ခြင်း၊ |
| ၁၁၀(င) | မြေပုံ၊ မြေရာဇဝင်၊ ဘိုးဘပိုင်မြေပိုင်ဆိုင်ခွင့် စာအုပ်၊ မြေငှားဂရန်စာချုပ်၊ လိုင်စင်၊ ပါမစ် စသည့် စာရွက်စာတမ်းမူရင်းများကို ဌာနမှလိုအပ်၍ လာရောက်ပြသရန်၊ အပ်နှံရန် တောင်းခံခြင်းကို ငြင်းပယ်ခြင်း၊ |

| ပုဒ်မ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၁၁(က) | ဤဥပဒေအရ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊စည်းကမ်းများအရ တာဝန်ဝတ္တရားဆောင်ရွက်ရန် မြေ သို့မဟုတ် အဆောက်အအုံအတွင်းသို့ လုပ်ထုံး လုပ်နည်းနှင့်အညီ ဝင်ရောက်မည့်ကော်မတီကိုဖြစ်စေ၊ ကော်မတီဝင်ကိုဖြစ်စေ၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ခြင်းခံရသော ကော်မတီဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်း၊ ပိတ်ပင်ခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်း၊ ပြစ်မှုမကင်းသောအနိုင်အထက်ပြုခြင်း၊ |
| ၁၁၁(ခ) | စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်ရန် ကော်မတီနှင့် စာချုပ်ချုပ်ဆိုထားသည့် ကန်ထရိုက်တာအား စာချုပ်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် လုပ်ငန်းနှင့် ဆက်နွယ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဥပဒေနှင့်အညီ မဟုတ်ဘဲ ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်း။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါဇယားစာတိုင်(၂) ပြဋ္ဌာန်းချက်အကျဉ်းခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲပါအကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာဖြစ်ပါသည်။